# အပိုင်း(၄) ပဋိညာဉ်နှင့်ကယ်တင်ခြင်း(The Covenant and Salvation)

## ပဋိညာဉ်၏သဘောသဘာဝ(The Nature of the Covenant)

ပဋိညာဉ်ဆိုသည်မှာအဘယ်နည်း? ကျမ်းစာက ထိုစကားလုံးကို မကြာခဏဖေါ်ပြသည်၊ ထို့ကြောင့် ကျမ်းစာက ဘာကိုပြောသနည်းဆိုသည်ကိုသိရန် အရေးကြီးလှပါသည်။

အများစုက ပဋိညာဉ်ဆိုသည်မှာ ကန်ထရိုက်စာချုပ်တခု (သို့) သဘောတူညီချက်တရပ်ဟု အနက်ဖွင့်ကြသည်။ သူတို့က ဘုရားသခင် လူသားနှင့်ပြုသောပဋိညာဉ်သည် လူသားတို့အချင်းချင်းပြုကြသော ပဋိညာဉ်နှင့်သဘောတူသည်ဟု ပြောကြသည်။ ဥပမာ ဣဇာက်နှင့်အဘိမလက်တို့ကြားချုပ်ဆိုသော သဘောတူညီချက်ပဋိညာဉ်မျိုးဟု ပြောတတ်ကြသည် (ကမ္ဘာ ၂၁း၃၇-၃၂)။ ထိုသို့သော ပဋိညာဉ်တွင် တာဝန်အမျိုးမျိုး၊ ကတိပေးခြင်းများ၊ ချိုးဖေါက်က ပြစ်ဒါဏ်ခတ်ခြင်းများ ပါဝင်သည်ဟုဆိုကြသည်။

ထိုသို့သောပဋိညာဉ်မျိုးကို အဖွဲ့နှစ်ဖွဲ့၊ ဘက်နှစ်ဖက်က ပြုကြလေ့ရှိသည်၊ တည်မြဲဖို့ နှစ်ဖက်လုံးတွင် မှီနေရသည်၊ တဖက်ဖက်ကဖေါက်လျှင် ပဋိညာဉ်ပျက်တော့သည်။ ထို့ကြောင့် အာဒံသည် ဘုရားသခင်နှင့် မူလပထမ ပဋိညာဉ်ပြုသောအဖွဲ့ဖြစ်သည်၊ သို့သော် ယခုတွင် အာဒံ ပဋိညာဉ်မှကျဆုံးသွားပြီ၊ ခရစ်တော်က သူ့ကိုအစားထိုးသည်ဟု ပြောတတ်ကြသည်။

ဘုရားသခင် လူသားနှင့်ပြုသောပဋိညာဉ်သည် ထိုသို့သောပဋိညာဉ်မျိုး မဟုတ်ပါ။ လူသည် အသက်ရှင်သော ဘုရားသခင်နှင့် ထိုသို့သောပဋိညာဉ် ပြုနိုင်သောအဖွဲ့(ပါတီ)တခု မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ဘုရားသခင်ဖြစ်၍ လူသည် ဖန်ဆင်းခံမျှသာဖြစ်၍ပင်။ သူ၏ဖြစ်တည်ခြင်းအတွက်ပင် ဘုရားသခင်အပေါ် တည်မှီနေရသူဖြစ်သည်။ ထိုသို့သောဖန်ဆင်းခံသည် သူ့အပေါ် ချမှတ်ထားပြီးဖြစ်သော တာဝန်ဝတ္တရားမှအပ ထိုသို့အထူးတလည် လုပ်ယူရသော သဘောတူညီချက်မျိုးကို လုပ်နိုင်သူ မဟုတ်ပါ။ ဖန်ဆင်းခံသည် ဖန်ဆင်းရှင်နှင့် ကန်ထရိုက်လုပ်နိုင်ခြင်း မရှိပါ။

ထို့အပြင် လူသားက မိမိ၏အလုပ်အားဖြင့်ပဋိညာဉ်တခုကို တည်ထောင်လျှက် (သို့) အချို့သောစည်းကမ်းများကို လိုက်နာလျှက် ဘုရားသခင့်ရှေ့တွင် ထိုက်တန်မှုတစုံတရာကို မရရှိနိုင်ပါ။ သူလုပ်ရမည်များအားလုံးကို လိုက်နာပြီးလျှင်ပင်၊ သူသည် ဘာအမြတ်အစွန်းကိုမျှ လုပ်မပေးသေးသော အစေခံမျှသာဖြစ်နေပါသေးသည် (လု ကာ ၁၇း၁၀)။ တချို့ကသင်ပေးသလို၊ လူသည် ပဋိညာဉ်အတွင်း၌ ထာဝရအသက်ကို ထိုက်တန်စွာရရန် မလုပ်နိုင်ပါ။ ထာဝရအသက်သည် ကောင်းကင်မှလာသောသခင်ဖြစ်သည့် ကျွန်တော်တို့၏သခင်ယေရှုခရစ်ထံမှသာ ရောက်လာနိုင်ပါသည် (၁ကော ၁၅း၄၇-၄၈)။

ကျမ်းစာက ပဋိညာဉ်ဆိုသည်မှာ သဘောတူညီချက်မဟုတ်ဟု သင်ပေးပါသည်။ ထိုမှဆန့်ကျင်စွာ ပဋိညာဉ် ဆိုသည်မှာ ဘုရားသခင်နှင့်သူ့လူများအကြား ခရစ်တော်ဖြင့်ရှိသည့်ဆက်နွယ်မှု (သို့) အစိုးရတော်မူစွာတည်ထားသော တုတ်နှောင်/နှောင်ဖွဲ့မှု ဖြစ်ပါသည်။ ထိုအချက်သည် ဘုရားသခင်က ကျမ်းစာတွင် မိမိ၏ပဋိညာဉ်ကို ပြောပြသည့်အခါတိုင်း ထပ်ခါထပ်ခါသုံးသော စကားစုဖြင့် ထင်ရှားနေပါသည် "ငါသည် သင့်ဘုရားဖြစ်မည်၊ သင်သည် ငါ လူစုဖြစ်မည်၊" (ကမ္ဘာ ၁၇း၈၊ ထွက် ၆း၇၊ ၂ကော ၆း၁၆၊ ဗျာ ၂၁း၃)။

ထိုစကားစုကို အနည်းငယ်မှသာပြောင်းလျှက် ပဋိညာဉ်ဖေါ်မြူလာ(ပုံသေနည်း)သဖွယ် ကျမ်းစာတအုပ်လုံး၌ တွေ့ရပါသည်။ ထိုစကားစုကိုသုံးသောကျမ်းပိုဒ်သည် ပဋိညာဉ်အကြောင်းကို ကျွန်တော်တို့ထံပြောနေကြောင်း တွေ့ရမည်ဖြစ်သည်။

အခြားသောကျမ်းပိုဒ်များမှာ လုံးဝပြောင်းလဲခြင်းမရှိဘဲ သုံးသည်ကိုတွေ့ရပါသည်၊ အချို့တို့မှာ ကမ္ဘာ ၅း၂၂ - ၂၄၊ ၆း၉၊ ၁၈း၁၇-၁၉၊ ဆာလံ ၂၅း၁၄၊ ယော ၁၇း၂၃၊ ယာကုပ် ၂း၂၃၊ ၁ယော ၁း၃ တို့ဖြစ်သည်။ ထိုကျမ်းပိုဒ်အားလုံးက ဘုရားသခင်၏ပဋိ ညာဉ်ဆိုသည်မှာ ဘုရားသခင်က သူ၏လူများ၌ သခင်ယေရှုခရစ်တော်၏ကယ်တင်ခြင်းအလုပ်များကြောင့် ကျေးဇူးတော်သက် သက်အားဖြင့်သာ တည်ထားတော်မူသော ကောင်းချီးနှင့်ပြည့်နေသည့် မိသဟာယဖွဲ့ခြင်း၊ သူငယ်ချင်းမိတ်ဆွေဖြစ်ခြင်းဖြစ်သည်ဟု ပြောနေကြပါသည်။

ထိုသို့သောဆက်နွယ်မှုကို ဘုရားသခင်သည် အစိုးရတော်မူစွာ တည်ထားခြင်းဖြစ်ပါသည်။ ထိုဆက်နွယ်မှုကို သူကပြုလုပ်သည်၊ သူက အာမခံပါသည်။ မည်သည့်ပုံစံနှင့်မျှ ပဋိညာဉ်သည် လူသားအပေါ် ဒုတိယပါတီအဖြစ်တည် မနေပါ။ ထိုမှဆန့်ကျင်စွာ ရာနှုန်းပြည့် ဘုရားသခင်၏အလုပ်ဖြစ်သည်၊ ရာနှုန်းပြည့် ကျေးဇူးတော်ကြောင့်ဖြစ်သည်၊ ဆိုလို

သည်မှာ မထိုက်တန်သောမျက်နှာ သာပေးမှုဖြစ်သည်။ ထို့ကြောင့် ပဋိညာဉ်သည် အမြဲတမ်း ကျေးဇူးတော် ပဋိညာဉ်သာ ဖြစ်ပါသည်။

**အာဒံနှင့်ပြုသောပဋိညာဉ်**(The Covenant with Adam)

ကျမ်းစာတွင် အာဒံနှင့်ပြုသောပဋိညာဉ်ဟု ရှင်းရှင်းကလေးပြောသောကျမ်းပိုဒ် တပိုဒ်သာရှိပါသည်၊ ဟောရှေ ၆း၇ ဖြစ်သည်၊ "သူတို့သည် အာဒံကဲ့သို့ ပဋိညာဉ်ကို လွန်ကျူးကြပြီ။ နေရင်းအရပ်၌ ငါ့သစ္စာကို ဖျက်ကြပြီ။" (**အချို့ကျမ်းစာတွင် 'အာဒံ'အစား 'လူတို့'ဟုသုံးတတ်ကြသည်၊ ဟီဗရူးစာတွင် ထိုစကားနှစ်လုံးသည် အတူတူဖြစ်သည်**)။

ထိုအာဒံနှင့်ပြုသောပဋိညာဉ်သည် သီးခြားပဋိညာဉ်မဟုတ်ပါ၊ ထာဝရကျေးဇူးတော်ပဋိညာဉ်ကို ပထမဆုံး ဖွင့်ပြသော ပဋိညာဉ်သာဖြစ်ပါသည်။ ပဋိညာဉ်သည် ထာဝရဖြစ်လျှင် တခုတည်းသာရှိပါမည်၊ အာဒံသည်လည်း ထိုအထဲတွင် ပါရပါမည်။

ထိုပထမဆုံးဖေါ်ပြသောပဋိညာဉ်တွင် ပဋိညာဉ်ဆိုသည်မှာအဘယ်နည်းဆိုသောမေးခွန်းကို သေချာစွာအဖြေပေးပါသည်။ ၎င်းအားဖြင့် ဘုရားသခင်သည် သူ့လူများ၏ဘုရားဖြစ်သောသူငယ်ချင်းဖြစ်သည်ဟု ဖေါ်ပြနေပါသည်၊ ကောင်းချီးနှင့်ပြည့်ဝသော မိတ်သဟာယဖွဲ့ခြင်းဖြင့် သူတို့ထံအတူနေသည်။ ထိုပဋိညာဉ်အား ပထမဖွင့်ပြခြင်းတွင် ဘုရားသခင်က လူသည် ပဋိညာဉ်အတွင်း၌ မည်သည့်တာဝန်များရှိကြောင်းကိုလည်း ပြောပြပါသည်။ တာဝန်မှာ လူသည် ကျေးဇူးတင်စွာအသက်ရှင်ရမည်၊ ထိုက်တန်မှုရရန်မဟုတ်၊ နာခံခြင်းဖြင့် နေထိုင်ရမည် ဟူ၍ဖြစ်သည်။

၎င်းသည် တခုတည်းသောပဋိညာဉ်ကို ဖေါ်ပြခြင်းဖြစ်ကြောင်း၊ အာဒံအပြစ်ပြုပြီးနောက် ကျွန်တော်တို့သည် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ကြပြန်ကြောင်းကို ကျမ်းစာက ပြောပြခြင်းဖြင့် ရှင်းနေပါသည် (၂ကော ၅း၁၈-၂၁)။ "ပြန်လည်သင့်မြတ်ခြင်း" ဆိုသောစကားလုံးသည် ပဋိညာဉ်စကားလုံးအစစ်ဖြစ်သည်၊ ထိုစကားလုံးက ရှိခဲ့ဘူးသော မိတ်သဟာယကိုသာမက၊ ထိုမိတ်သဟာယသည် ပျက်သွားခဲ့သော်လည်း၊ လုံးလုံးတော့ပျက်မသွား ဆိုသည့်အချက်ကိုလည်း ပြောပြနေပါသည်။ ပြန်လည်သင့်မြတ်ခြင်းဆိုသည့်စကားကို ယခင်ရှိခဲ့ဘူးသောဆက်နွယ်မှု လုံးလုံးပျက်မသွားသေး ဆိုသည့်အခါတွင်မှ သုံး၍ရပါသည်၊ ၎င်းကို နဂိုအတိုင်းပြန်ရှိ စေသည်၊ အသစ်ပြန်စသည် ဆိုသည့်အခါမျိုးတွင်မှ သုံး၍ရပါသည်။

ထိုသို့မဟုတ်လျှင် ဘုရားသခင်သည် အတော်စိတ်ပျက်သွား၍၊ စိတ်ပြောင်းသွားပြီဟု ပြောရတော့မည်ဖြစ်သည်။ သူ၏ပထမပဋိညာဉ်နှင့်ရည်ရွယ်ချက်သည် ကျဆုံးသွားပြီ၊ ပျက်စီးသွားသည်၊ မဖြစ်မနေ အသစ်ပြန်စရတော့မည်၊ ပြောင်းပစ်ရတော့မည်ဟု ပြောရတော့မည်ဖြစ်သည်။ (ထိုသို့မဖြစ်နိုင်ပါ၊ ဘုရားသခင်သည် မပြောင်းလဲသော ဘုရား ဖြစ်သည်၊ သူ့ကို ဘာကမှ မရှုံးစေနိုင်ပါ)။

အပြစ်ထဲမကျဆုံးခင် အာဒံနှင့်ပြုသောပဋိညာဉ်သည် မည်သို့ကျေးဇူးတော်ပဋိညာဉ်ဖြစ်နိုင်ရသနည်း? ကျေးဇူးတော်ဆိုသည်မှာ မထိုက်တန်သောမျက်နှာသာပေးမှုဖြစ်ကြောင်း သတိရရမည်။ အာဒံဖြစ်ခဲ့သောဖြစ်တည်မှု၊ သူ့ထံရှိခဲ့သည်များ အားလုံးတို့ သည် ဘုရားသခင်၏ မထိုက်တန်သောမျက်နှာသာပေးမှုကြောင့်သာ ရခဲ့ခြင်းဖြစ်ပါသည်။ ဘုရားသခင်က သူ၏ပဋိညာဉ်ကို အာဒံ့ထံ ပြုခဲ့သည်ဖြစ်ရာ၊ အာဒံ့အနေနှင့် မည်သည်ကိုထိုက်တန်ရန် လုပ်ရပါဦးမည်နည်း? မိမိ၏ဖြစ်တည်မှုတခုလုံးကိုပင် ဘုရားသခင့်ထံ တည်မှီနေခဲ့ရသည်ဖြစ်ရာ၊ အာဒံ့အနေနှင့် ထိုက်တန်မှုတစုံတရာရရန် ဘုရားရှေ့တွင် မည်သို့နေနိုင်ပါမည်နည်း?

အာဒံ၏ကျဆုံးမှုအားဖြင့်ပဋိညာဉ်ပျက်မသွားဖို့ အာမခံခြင်း၊ ပဋိညာဉ်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းခြင်း ဆိုသည်မှာလည်း ကျေးဇူးတော်သက်သက်ဖြင့် ဖြစ်ပါသည်။ အာဒံအပြစ်ထဲကျဆုံးသည်နှင့်ချက်ချင်း ဘုရားသခင်သည် သူ့ထံလာပါသည်၊ နတ်ဆိုးနှင့်အမျိုးသမီး(ဧဝ)အကြားတွင် ရန်လိုမှုကို ထားလိုက်ပါသည်၊ ထိုသို့ဖြင့် မိမိနှင့်အာဒံအကြား ပဋိညာဉ်ဆက်ဆံရေး မိတ်ဆွေဖြစ်မှုကို အသစ်တဖန်ပြန်ရှိစေပါတော့သည် (ကမ္ဘာ ၃း၁၅)။ ကျွန်တော်တို့၏ "ပထမဆုံးမိဘများ"က နတ်ဆိုးနှင့်သူငယ်ချင်း ဖြစ်ရေးကို ရွေးချယ်ခဲ့ကြသော်လည်း၊ သူတို့ကို မိမိ၏ပိုင်အဖြစ် ရွေးချယ်တော်မူသောဘုရားသခင်က ၎င်းတို့ စာတန်၏သူငယ်ချင်းများအဖြစ် ဆက်၍အသက်ရှင်ကြရန် ခွင့်မပြုပါ။ မိမိ၏ပဋိညာဉ်သည် ၎င်းတို့ထံ၌ ဆက်လက်တည်ရှိမည့်အကြောင်း ဘုရားသခင်သည် သူတို့ကို တိရိစ္ဆာန်သရေဖြင့် ဖုံးအုပ်တော်မူပါသည်၊ နောက်လာမည့်ခရစ်တော်ကို ညွှန်ပြနေသည့်ပထမဆုံးသော ယဇ်ပူဇော်ခြင်းကို သူကိုယ်တိုင်က ဖေါ်ပြခြင်းဖြစ်သည်။

မိမိလူများနှင့်ဆက်ဆံသည့် ဘုရားသခင်၏ဆက်ဆံရေးသည် အမြဲတမ်း ကျေးဇူးတော်ဖြင့်သာဖြစ်ပါသည်။ ထာဝရဘုရား သခင် ကျွန်တော်တို့နှင့်ဆက်ဆံဖို့ရန် ထိုအခြေခံမှလွဲ၍အခြားအခြေခံသည် မရှိနိုင်ပါ။

## နောနှင့်ပြုသောပဋိညာဉ်(The Covenant with Noah)

ဓမ္မဟောင်းကျမ်းစာ၏ ခြားနားသောပဋိညာဉ်များသည် တကယ်တမ်းတွင် တခုတည်းသောကျေးဇူးတော် ပဋိညာဉ်ကို ခြားနားသောဖွင့်ပြချက်များဖြင့် ဖေါ်ပြနေခြင်းသာဖြစ်ပါသည်။ ပဋိညာဉ်ဆိုသည်မှာ ထာဝရဖြစ်သဖြင့် တခုတည်းသာ ရှိပါသည် (ကမ္ဘာ ၁၇း၇)

ထိုသို့သောဖွင့်ပြချက်များတခုစီတိုင်း၌ ဘုရားသခင်သည် သူ၏ကျေးဇူးတော်ပဋိညာဉ်နှင့်ပတ်သက်၍ အသစ်သော၊ အံ့သြစရာကောင်းသောအကြောင်းကို ပြသနေပါသည်။ ထိုသို့ဖြင့် အာဒံနှင့်ပြုသောပထမဆုံး ပဋိညာဉ်တွင် ဘုရားသခင်က သူ့ပဋိညာဉ်သည် မိတ်ဆွေသူငယ်ချင်းဖြစ်မှုပဋိညာဉ် ဖြစ်သည်ဟု ပြောပြပါသည်။

အာဒံပြီးနောက်၊ ပဋိညာဉ်နှင့်ပတ်သက်၍ကြီးသောဖွင့်ပြချက်ကို နောဧထံတွင်တွေ့ရပါသည်။ ထိုဖွင့်ပြချက်တွင် ဘုရားသခင်က သူ၏ပဋိညာဉ်သည် စကြာဝဠာတလောကလုံးနှင့်ဆိုင်ကြောင်း ပြောပြပါသည်။ ထိုနေရာတွင် ဘုရားသခင်က သူ၏ပဋိညာဉ် သည် ဖန်ဆင်းခြင်းတလောကလုံးကို လွှမ်းခြုံကြောင်း ပြောပြပါသည်။ ထိုပဋိညာဉ်သည် လူနှင့်သာ ပြုသည်မဟုတ်၊ "အသက်ရှင် လှုပ်ရှား၊ သွားလာသောသတ္တဝါအားလုံး"တို့နှင့်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည် (ကမ္ဘာ ၉း၁၅)။ ၄င်းသည် နေ့/ညနှင့်ပြုသောပဋိညာဉ်ဖြစ်သည် (ယေ ၃၃း၂၅)။ ထို့ကြောင့် တလောကလုံးနှင့်ဆိုင်သည့် ထိုပဋိညာဉ်သည် ရှိသမျှလူတယောက်မကျန်နှင့်ပြုသော ပဋိညာဉ်တော် မဟုတ်ပါ၊ သို့သော် မည်သည်ကိုမျှ ခွဲခြားခြင်းမရှိဘဲ အားလုံးကိုလွှမ်းခြုံသော ပဋိညာဉ်ဖြစ်ပါသည်။ ထိုသို့ဖြင့် အဆုံးတွင် ဖန်ဆင်းထားခြင်း တခုမကျန်သည် ကောင်းကင်သစ်မြေကြီးသစ်၌ အသစ်တဖန် ပြန်ရှိနိုင်ကြမည်ဖြစ်သည်။

ထိုပဋိညာဉ်ကို သက်တန့်အားဖြင့် ကိုက်ညီလှစွာ သင်္ကေတပြုထားပါသည်၊ သက်တန့်သည် ဖန်ဆင်းခြင်းတလောကလုံးကို ပေါင်းမိုးသဏ္ဍာန်ဖြင့်တလောကလုံးကို လွှမ်းခြုံနေပါသည်။ ထိုပဋိညာဉ်သည် ကောင်းကင်သစ်မြေကြီးသစ်တွင်မှ အလုံးစုံပြည့်စုံလာ မည်ဖြစ်သည်။ ဤပဋိညာဉ်တွင် ဖန်ဆင်းခံသတ္တဝါတို့လည်း "ပျက်ဆီးယိုယွင်းခြင်းအောက်ကျွန်ခံနေရသောဘဝမှ ဘုရားသခင့် သားသမီးတို့၏ ဂုဏ်ကျက်သရေရှိလှသောလွတ်မြောက်ခြင်းသို့ ကယ်လွှတ်ခံရမည်၊" (ရောမ ၈း၂၁)။

ထိုပဋိညာဉ်အကြောင်း ဖွင့်ပြချက်ကို နောဧခေတ်တွင်ပေးခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် ထိုအချိန်သည် ဘုရားသခင်က တကမ္ဘာလုံးကို ရေလွှမ်းခြင်းဖြင့် ဖျက်ဆီးပြီးစအချိန်ဖြစ်သည်။ ဘုရားသခင်က သူ၏တရားစီရင်ခြင်း၌၄င်း၊ နောဧထံပြုသော ပဋိညာဉ်အားဖြင့်၄င်း သေချာစွာပြောပြသည်မှာ ထိုအချိန်က ကမ္ဘာကြီးအား ဖျက်ဆီးခဲ့ခြင်းသည်၄င်း၊ နောက်နောင် ထပ်၍ဖျက်ဆီးခြင်းသည်၄င်း ကမ္ဘာကြီး၏အဆုံးသတ်မဟုတ်ပါ၊ သန့်စင်ပစ်ခြင်းသာဖြစ်သည်၊ အသစ်တဖန် ပြန်၍ အစပျိုးမှုသာဖြစ်သည် ဆိုသည့်အကြောင်းကိုဖြစ်ပါသည်။ အဆုံးသတ်ချိန်တွင် ဘုရားသခင်၏ ဤကမ္ဘာကြီးအား မီးနှင့်ဖျက်ဆီးခြင်းသည်လည်း ထို့အတူပင်ဖြစ်ပါမည်။

ထို့ကြောင့် ကျမ်းစာက ဘုရားသခင်၏ရည်ရွယ်ချက်အကြောင်းပြောသည့်အခါ တကမ္ဘာလုံး၊ တလောကလုံး ဆိုသည့်စကားလုံးများကို သုံးရခြင်းဖြစ်ပါသည် (ယော ၁း၂၉၊ ၃း၁၆၊၁၇)။ ဖန်ဆင်းထားသောသတ္တဝါတခုမကျန်၊ လူသားတယောက်မကျန် ပါမည်မဟုတ်သော်လည်း၊ ဘုရားသခင်၏ကမ္ဘာကြီးသည် အဆုံးတွင် ကယ်တင်ခံရမည်၊ ကယ်လွှတ်ခံရမည်ဖြစ်သည်။

ထိုကိစ္စသည် ဖြစ်ကိုဖြစ်ရပါမည်၊ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် မိမိ၏ရည်ရွယ်ချက်ကို မည်သည်ကမှ ဖျက်ဆီးပစ်ရန် ခံမည်မဟုတ်ပါ။ ဘုရားသခင်သည် လူသားက သူ့အပြစ်ဖြင့် မိမိ၏ဘုန်းကျက်သရေအတွက် ဖန်ဆင်းထားသော ကမ္ဘာကြီးကို အခိုးခံမည်မဟုတ်ပါ။ သူ၏ကမ္ဘာကြီးကို ကယ်တင်မည်သာဖြစ်ပါသည်။

ဤအကြောင်းအရာများအားလုံးကိုသိထားခြင်းသည် ဟေရှာ ၁၁ ကဲ့သို့သောကျမ်းပိုဒ်မျိုးကို နားလည်ရန် အလွန်အရေး ကြီးပါသည်။ ထိုသို့သောကျမ်းပိုဒ်မျိုးကိုဖတ်လျှက် အချို့က သခင်ယေရှုပြန်မလာမီ မြေကြီးပေါ်တွင် အပြစ်၏အကျိုးသက်ရောက်မှု အားလုံးကို တွန်းလှန်နိုင်သောနိုင်ငံတော်ကြီးတခုပေါ်ထွန်းဦးမည်ဟု ယူဆကြသည်။ သို့သော် ကျမ်းစာက ထိုသို့သောအရာမျိုးကို ကတိပေးမထားပါ။ ထိုသို့သော်ကျမ်းပိုဒ်မျိုးကပြောသည်မှာ ကောင်းကင်သစ်မြေကြီးသစ်၊ ဖြောင့်မတ်သူများသာ နေထိုင်မည့်အရပ်ကို ပြောနေခြင်းဖြစ်သည် - ထိုနိုင်ငံတော်တွင် မြေခွေးသည်၊ သိုးကလေးနှင့်အတူနေနိုင်ပါမည်၊ ဖန်ဆင်းခံသတ္တဝါတို့သည်ပင် ဘုရားသခင့်သားသမီးတို့၏ ဂုဏ်ကျက်သရေရှိလှသောလွတ်မြောက်ခြင်းသို့ ကယ်လွှတ်ခံရမည်၊ (ဟေရှာ ၁၁း၆၊ ရောမ ၈း၂၁)။ မည်မျှဂုဏ်ကျက်သရေရှိသော နေ့မြတ်ဖြစ်မည်နည်း!

## အာဗြဟံနှင့်ပြုသောပဋိညာဉ်(The Covenant with Abraham)

ကျမ်းစာက အာဗြဟံနှင့်ပြုသောပဋိညာဉ်သည် အစ္စရေးတို့နှင့်ပြုသောပဋိညာဉ်နှင့် အတူတူပင်ဖြစ်ပါသည် ဟု ပြောပါသည်။ ဘုရားသခင်က အာဗြဟံနှင့်ပဋိညာဉ်ပြုသောအခါ သူ၏သားသမီးများနှင့်လည်း ပြုတော်မူပါသည် (ကမ္ဘာ ၁၇း၇)။ထို့အပြင် ဘုရားသခင်က အစ္စရေးတို့ထံ၌ သူ၏ပဋိညာဉ်ကိုပြုသောအခါ၊ သူသည် အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့နှင့်အတူပြုသောပဋိညာဉ်ကို ဆက်လက်ပြုနေခြင်းဖြစ်ကြောင်း ရှင်လင်းစွာသိစေပါသည် (ထွက် ၃း၁၅၊ ၁၆)။

ထိုအချက်သည် အရေးကြီးပါသည်၊ အဘယ်ကြောင့်ဆိုသော် ပဋိညာဉ်အတွင်း၌ အာဗြဟံအတွက် မှန်သည် ဆိုသောအရာသည် အစ္စရေးတို့အတွက်လည်း မှန်နေပါသည်ဟု ပြောရာရောက်သောကြောင့်ဖြစ်ပါသည်။ ထို့အပြင် ဘုရားသခင်ကို စစ်မှန်စွာယုံ ကြည်သူအားလုံးသည် အာဗြဟံ၏မျိုးနွယ်၊ အာဗြဟံ၏သားသမီးများဖြစ်ကြသောကြောင့် အာဗြဟံ အတွက် မှန်သောအရာသည် ကျွန်တော်တို့အတွက်လည်း မှန်နေပါသည်။

အာဗြဟံ၏ပဋိညာဉ်တွင် သတိပြုလောက်စရာအချက် အတော်များများရှိပါသည်။ ပထမဆုံးနှင့်အရေးကြီးဆုံးမှာ အာဗြဟံနှင့်ပြုသောပဋိညာဉ်သည် ကျေးဇူးတော်ပဋိညာဉ်ဖြစ်သည်၊ ထို့ကြောင့် အစ္စရေးတို့နှင့်ပြုသောပဋိညာဉ်သည်လည်း ကျေးဇူးတော်ပဋိညာဉ်ဖြစ်ပါသည်။ ကမ္ဘာဦးကျမ်း (၁၅)တွင် ခန်းနားစွာဖေါ်ပြသောပဋိညာဉ် အကြောင်းက ထိုအချက် မှန်ကန်ကြောင်းပြနေပါသည်။

ကမ္ဘာဦးကျမ်း(၁၅)ကိုနားလည်ဖို့ရန်၊ ထိုခေတ်က ပဋိညာဉ်ပြုကြသောအခါ၊ ယနေ့ခေတ်ကဲ့သို့ စာချုပ်များ ရေးဆွဲခြင်း၊ လက်မှတ်များထိုးကြခြင်း၊ ဥပဒေများအရ မှန်မမှန်စစ်ဆေးကြခြင်းများကို မပြုကြပါ၊ အပိုင်းပိုင်းဖြတ်ထားသောသားကောင်တကောင် (သို့) သားကောင်အများ၏အစိတ်အပိုင်းများကို အပုံလိုက်ပုံထားလျှက် အလယ်တွင် သွားလမ်းပြုလုပ်ကာ၊ ထိုသွားလမ်းသို့ ပဋိညာဉ်ပြုသူနှစ်ဦးဖြတ်သွားကြသည် ဆိုသည့်အကြောင်းကို နားလည်ရပါမည်။ ယေရေမိ ၃၄း၁၈ က ထိုတည်ကြည်လေးနက်သောကို ဖေါ်ပြပါသည်။ အင်မတန်အရေးကြီးသောကိစ္စမှသာ ထိုသို့ပြုကြပါသည်။ ပဋိညာဉ်ကိုချိုးဖျက်သူသည် ထိုသို့အပိုင်းပိုင်းဖြတ်၍သေထိုက်သည်၊ သူ့ခန္ဓာကိုယ် အစိတ်အပိုင်းများကို တိရိစ္ဆာန်များအား ကျွေးထိုက်သည်ဟု သတိပေးနေခြင်းဖြစ်သည်။ ဘုရားသခင်က အချင်းချင်းတို့အကြား ပြုသောပဋိညာဉ်ကို ချိုးဖေါက်သူများသည် ထိုပြစ်ဒါဏ်ကိုခံထိုက်ကြသည်ဟု သတိပေးနေခြင်းဖြစ်သည် (ယေ ၃၄း ၁၉-၂၀)။

လူသားချင်းကြားပြုသောပဋိညာဉ်သည် အဆင့်တူများကြားပြုကြခြင်းဖြစ်သည်။ ထို့ကြောင့် သဘောတူညီချက်ဖြစ်သလို၊ နှစ်ဖက်ကပြုကြရပါသည်။ ထို့ကြောင့် ပဋိညာဉ်ပြုခြင်းတွင် ပါဝင်နှစ်ဦးနှစ်ယောက်လုံးကသတ်လျှက် အပိုင်းပိုင်းဖြတ်ကာ၊ အစုနှစ်စု ပုံထားသည့်တိရိစ္ဆာန်အပိုင်းများကြား ဖြတ်လျှောက်ကြရပါသည်။ သို့သော် ဘုရားသခင်ပြုသောပဋိညာဉ်သည် ခြားနားပါသည်၊ အဘယ်ကြောင့်ဆိုသော် လူနှင့်ဘုရားသည် မည်သည့်အခါတွင်မျှ ပဋိညာဉ်တွင် အဆင့်တူ မဖြစ်နိုင်၍ဖြစ်သည်။ ကမ္ဘာဦးကျမ်း(၁၅)က ပြောပြသော အားဗြဟံနှင့်ဘုရားသခင်ကြား ပြုသော ပဋိညာဉ်သည် တဖက်ကသာပြုသောပဋိညာဉ်(တဖက်သတ်ပြုခြင်း)ဖြစ်ပါသည်။ ပဋိညာဉ်ပြုရန် တိရိစ္ဆာန်အသေများအကြား ဖြတ်လျှောက်ကြသော် ဘုရားသခင်တဦးတည်သာဖြစ်ပြီး၊ အာဗြဟံမှာမူ အိပ်ပျော်နေခဲ့ပါသည်။ ပဋိညာဉ်ပြုခြင်းနှင့်ပတ်သက်၍ အာဗြဟံ့အတွက် လုပ်စရာဘာမှမရှိပါ။ မည်သည့်အကြောင်းအတွက်မျှ သူ့အပေါ်လည်း တည်မှီမနေပါ။ ၎င်းသည် ကျေးဇူးတော်ပဋိညာဉ် အစစ်အမှန်ဖြစ်ပါသည်။

တိရိစ္ဆာန်အသေကောင်များအကြား ဖြတ်လျှောက်လျှက် ဘုရားသခင်က သင်္ကေတအားဖြင့် ကြေညာသည်မှာ ပဋိညာဉ်ချိုးဖြတ်ခြင်းနှင့်ပတ်သက်သည့် နောက်ဆက်တွဲရလဒ်များကို သူတဦးတည်းကသာ ခံယူမည်ဟူ၍ဖြစ်ပါသည်။ တကယ်ပင် သူ၏သားတော်ကို သေစေခြင်းဖြင့် ခံယူတော်မူပါသည် (ဟေရှာ ၅၃း၈၊ ဂလာ ၃း၁၃)။ အဘယ်ကြောင့်ဆိုသော် ပဋိညာဉ်အတွင်း ကျွန်တော်တို့ပြုသောအပြစ်များအတွက် ဘုရားသခင်သည် ခရစ်တော်အားဖြင့် ပဋိညာဉ်ချိုးဖြတ်ခြင်း ပြစ်ဒါဏ်ကို စွန့်ပစ်ခံရခြင်း၊ သတ်ဖြတ်ခံ ရခြင်းတို့ကို ခံယူတော်မူပါသည်။ ခရစ်တော်က "အကျွန်ုပ်၏အဘ၊ အကျွန်ုပ်၏အဘ၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း?"ဟု ဟစ်အော်ခဲ့စဉ်တွင် ထိုအချက်ကို ဖေါ်ပြနေပါသည်။ ထိုသို့ဖြင့် အာဗြဟံထံ ဖေါ်ပြခဲ့သော ကျေးဇူးတော်ပဋိညာဉ်သည် ခရစ်တော်အားဖြင့် ပြည့်စုံပါသည်။

## ပဋိညာဉ်နှင့်ကတိပေးသောမြေ(The Covenant and the Land Promise)

ကမ္ဘာဦးကျမ်း(၁၅)က ဘုရားသခင် အာဗြဟံနှင့်ပြုသောပဋိညာဉ်၊ အာဗြဟံအားဖြင့် စစ်မှန်သောအစ္စရေးတို့နှင့်၊ ကျွန်တော်တို့နှင့် ပြုသောပဋိညာဉ်သည် ကျေးဇူးတော်ပဋိညာဉ်ဖြစ်ကြောင်း ရှင်းလင်းစွာပြနေပါသည်။ သို့သော် ထိုကျမ်းပိုဒ်ကပင် အာဗြဟံ၏ပဋိညာဉ်နှင့်ပတ်သက်သည့် အခြားသတိပြုစရာလက္ခဏာတရပ်ကို ထပ်ပြောပြနေပါသည်။ ၎င်းမှာ

မြေကြီး/နိုင်ငံကို ကတိပေးခြင်းဖြစ်သည်။ တနည်းအားဖြင့်ပြောရလျှင် ခါနန်ပြည်ကိုအပိုင်ရမည်ဟု ကတိပေးနေခြင်း ဖြစ်သည်။

ထိုသို့မြေ/တိုင်းနိုင်ငံကို ကတိပေးခြင်းအား သဘောပေါက်လွဲနေကြသဖြင့် လူအများက အနာဂတ်တနေ့တွင် အစ္စရေးတို့၏နိုင်ငံတော်ကြီး ပါလက်စတိုင်းဒေသတွင် ပြန်ပေါ်လာဦးမည်ဟု အမှတ်မှားနေကြသည်။ ထိုသို့ ထင်မြင်ခြင်းသည် အဓိပ္ပါယ်မဲ့သော မျှော်လင့်ခြင်းဖြစ်ပါသည်။

အာဗြဟံနှင့်ပြုသောပဋိညာဉ်က ထိုမျှော်လင့်ခြင်းသည် မည်မျှ အဓိပ္ပါယ်မဲ့ကြောင်း ပြောပြပါသည်။ အကယ်၍သာ အာဗြဟံနှင့်ပြုသောပဋိညာဉ်တွင် မြေကြီးပေါ်ရှိ မြေတနေရာ/နိုင်ငံတခုပိုင်မည်ဟု ပေးသောကတိ ပါနေပါသည်ဆိုလျှင် ထိုကတိသည် အာဗြဟံ့ဘဝတွင် မည်သည့်အခါမျှ မပြည့်စုံသောကတိတော်ဖြစ်နေပါမည်။

ဘုရားသခင်၏ကျမ်းစာ တမန် ၇း၅ က အာဗြဟံကို ဘုရားသခင်က ခါနန်ပြည်တွင် မည်သည့်အမွေ မြေကွက်ကလေးတခုကိုမျှပင် မပေးခဲ့ကြောင်း၊ သူ့ခြေဖဝါးချစရာပင် မပေးခဲ့ကြောင်း ပြောနေပါသည်။ အငယ်(၅)အရ ထိုကတိတော်ကို သူ့ထံသို့မပေးယုံမက၊ သူ့သားသမီးများထံသို့လည်း မပေးခဲ့ပါ။ ထို့ကြောင့် ကျွန်တော်တို့၏ယူဆချက်အရ၊ မြေ/နိုင်ငံပိုင်မည်ဆိုသောကတိတော်နှင့် ဓမ္မဟောင်းကျမ်းစာမှကတိတော်များအားလုံးသည် ဝိညာဉ်ရေးအရ ပြည့်စုံသည်ဟု ဆိုနိုင်လောက်သော သက်သေပြနိုင်စရာမရှိပါ။ မြေ/နိုင်ငံနှင့်ပတ်သက်သော ကတိတော်တိုင်းသည် ကောင်းကင်ဘုံနှင့်ဆိုင်သောအမွေကို ပြောနေခြင်းဖြစ်ပါသည်။ မြေကြီးပေါ်ရှိသောမြေတကွက်ကို (သို့) အမွေပိုင်ဆိုင်မှုကို ပြောနေခြင်း မဟုတ်ပါ။

ဟေဗြဲ ၁၁း၈ က ထိုအချက်ကို သေချာစေပါသည်။ အာဗြဟံ ယုံကြည်ခြင်းဖြင့် ဥရမြို့မှထွက်ခါ၊ ဘုရားသခင်ကတိပေးသောမြေသို့ထွက်သွားသည့်အခါ၊ သူသည် "အခြေခံအုတ်မြစ်များရှိသည့် မြို့တော်တခုကို ရှာဖွေပါသည်၊ ထိုမြို့တော်ကို ပြုလုပ်သူနှင့် တည်ဆောက်သူသည် ဘုရားသခင်ဖြစ်ပါသည်" (ငယ် ၁၀)။ ဣဇက်နှင့်ယာကုပ်တို့လည်း ထို့အတူပင်၊ အမြဲတမ်း "သူတို့သည် ဤ ကမ္ဘာပေါ်တွင် သူစိမ်းများ၊ လှည့်လည်သွားလာသူများ ဖြစ်ကြသည်ဟု ဝန်ခံခဲ့ကြပါသည်"(ငယ် ၁၃)။ သူတို့သည် "ကောင်းကင်နိုင်ငံဆိုသည့် ပို၍ကောင်းသောတိုင်းပြည်ကိုသာ လိုချင်ကြသည်၊"ဟု ကြေညာခဲ့ကြသည် (ငယ် ၁၆)။ အကယ်၍သာ သူတို့သည် မြေကြီးနှင့်ဆိုင်သော အမွေကိုသာ ရှာဖွေနေခဲ့ကြသည်ဆိုလျှင်၊ သူတို့ထွက်လာသောတိုင်းပြည်များသို့ ပြန်သွားနိုင်ခွင့်ရှိကြပါသည် (ငယ် ၁၅)။ သို့သော် ၎င်းသည် သူတို့မျှော်လင့်ချက် မဟုတ်ခဲ့ပါ။ ထို့အတူ ကျွန်တော်တို့အတွက်လည်း မဟုတ်ပါ။

အာဗြဟံ့ထံပေးသော မြေ/နိုင်ငံကတိတော်သည် အမှန်တကယ်တွင် ဝိညာဉ်ရေးရာနှင့်ပတ်သက်သော၊ ကောင်းကင်ဘုံနှင့်ပတ်သက်သော အကြောင်းအရာများသာဖြစ်ကြသဖြင့်၊ အာဗြဟံ၏စစ်မှန်သောသားသမီးတိုင်း (ရောမ ၃း၂၈၊ ၂၉၊ ၄း၁၆၊၁၇၊ ဂလာ ၃း၂၉)၊ အာဗြဟံ၏ဘုရားသခင်ကို ယုံကြည်သူတိုင်း၊ ဂျူးဖြစ်စေ၊ ဂျူး မဟုတ်သူများဖြစ်စေ၊ ထိုကတိတော်ပြည့်စုံခြင်းနှင့်အခြားသော ဘုရားသခင်မှ အာဗြဟံနှင့်သူ့မျိုးနွယ်များထံပေးထားသည့် ပဋိညာဉ်ကတိတော်များ၏ ပြည့်စုံခြင်းတို့ကို ခံစားကြရမည်ဖြစ်ပါသည်။ ကတိပေးထားသည်ကို မရသူ တယောက်မှ မရှိရပါ။ အာဗြဟံကိုယ်တိုင်လည်း ရပါသည်။ (ဗာဗုလုန်အင်ပါယာ၏ သိမ်းသွားခြင်းခံရ၍) ခါနန်ပြည်သို့ မည်သည့် အခါတွင်မျှ ပြန်မရောက်ကြသူ စစ်မှန်သည့်ဂျူးယုံကြည်သူအားလုံးလည်း ကတိတော်တခုမကျန်ကို ရကြပါသည်။ ထို့အတူ ယုံကြည်ခြင်းအားဖြင့် အာဗြဟံ၏သားသမီးများဖြစ်လာကြသည့် ဂျူးမဟုတ်သည့် ယုံကြည်သူများအားလုံးကလည်း ကတိတော်များကို မရသူ တယောက်မျှမရှိကြပါ။

ထိုသို့ဖြင့် အာဗြဟံ၏သားသမီးများအားလုံးသည် မြေကြီးပေါ်မှာရှိသည့် တောင်ကုန်းများ၊ မြစ်များ၊ မြို့တော်များထက် ပို၍သာလွန်ကောင်းမွန်လှသည့် အမွေကို အာဗြဟံနှင့်အတူ ရရှိကြပါသည်။ သူတို့သည် ဟေဗြဲ ၁၂း ၂၂-၂၄ တွင်ဖေါ်ပြသည့် ကောင်းချီးနှင့်ကြွယ်ဝလှသောအမွေသို့ ဝင်ရောက်ကြပါသည်။ ထို့ထက်ပိုကောင်းသောအရာ မရှိပါ။

### အစ္စရေးတို့နှင့်ပြုသောပဋိညာဉ်(The Covenant with Israel)

ဘုရားသခင် အစ္စရေးတို့နှင့်ပဋိညာဉ်ပြုသည်ဆိုသည့်အချက်သည် ကျမ်းစာအားဖြင့် ရှင်းနေပါသည်။ ထိုပဋိညာဉ်ကို မည်သို့နားလည်ရမည်နည်း ဆိုသည့်အချက်အပေါ်တွင်သာ အငြင်းပွားနေကြခြင်းဖြစ်သည်။

ပို၍အရေးကြီးသောမေးခွန်းမှာ အစ္စရေးတို့နှင့်ပြုသောပဋိညာဉ်သည် ဓမ္မသစ်ကာလ၌ ဘုရားသခင်က သူ၏လူတို့နှင့် ပြုသောပဋိညာဉ်နှင့် ကွားခြားနေပါသလား? ဆိုသည့်မေးခွန်းဖြစ်ပါသည်။ ဓမ္မဟောင်းကာလ(ပဋိညာဉ်ဟောင်း) နှင့် ဓမ္မသစ်ကာလ(ပဋိညာဉ်သစ်)တို့ မည်သည့်ဆက်နွယ်နေကြပါသနည်း? ၎င်းတို့သည် မတူသောအုပ်စု နှစ်စု၌ ခြား

နားလှစွာပြုသော သီးခြားပဋိညာဉ်များဖြစ်သောကြောင့် အသစ်နှင့်အဟောင်းဟု ပြောနေရခြင်းလော? (သို့) တခုတည်းသော ပဋိညာဉ်ကို ဖွင့်ပြခြင်းအဟောင်းနှင့်အသစ်ဟု ခွဲခြားနေခြင်းလော?

ဒစ်စပင်ဆေးရှင်းဝါဒက ထိုမေးခွန်းများကို ဤသို့အဖြေပေးပါသည်၊ ပဋိညာဉ်အဟောင်းနှင့်အသစ်သည် လုံးဝကွဲပြားခြားနားသော ပဋိညာဉ်နှစ်ခုဖြစ်သည်၊ ၄င်းတို့ကို မတူသော လူနှစ်စုထံတွင် ပြုထားသည်၊ ခြားနားသော ကတိတော်များထားရှိသည်၊ ခြားနားသော ပြည့်စုံခြင်းများရှိကြသည်။ ထိုဝါဒမှအစွန်းရောက်များကဆိုလျှင် ကယ်တင်ခြင်းရရန် နည်းလမ်းပင် နှစ်မျိုးရှိသည်၊ ဓမ္မဟောင်းကာလမှ ဂျူးတို့၏ ကယ်တင်ခြင်းရရှိပုံကတမျိုး၊ ဓမ္မသစ်ကာလမှ အသင်းတော် ကယ်တင်ခြင်းရပုံက တဖုံဟု သင်ကြပါသည်။ စကော့ဖီးလ်ကျမ်းစာ(Scofield Study Bible)က ထိုအချက်ကို စ၍သင်ပေးပါသည်။ (ထို စကော့ဖီးလ်ကျမ်းစာ၏သွန်သင်ချက်ကို မြန်မာပြည်ရှိ ဧဝံဂေလိအသင်းတော် အားလုံးနီးပါး၌ သွန်သင်နေကြသည်၊ အိန္ဒိယနိုင်ငံရှိ ကျမ်းစာကျောင်းအများတွင် ထိုသွန်သင်ချက်ကို သင်နေကြသဖြင့်၊ မြန်မာပြည်မှ ထိုတိုင်းပြည်သို့သွားသော ကျမ်းစာကျောင်းသားများက ပြန်ယူလာကြရာ၊ နှစ်ခြင်းအသင်းတော် အများစုတွင် ထိုဝါဒကို ယနေ့တိုင်အောင် တွေ့နေရပါသည်)

အချို့ကတော့ ထိုဒစ်စပင်ဆေးရှင်းဝါဒကို ငြင်းပယ်ကြသော်လည်း၊ ပဋိညာဉ်နှစ်ခုသည် တူညီကြသည်ဟု ပြောရန် ဝန်လေးနေကြသူများလည်းရှိပါသည်။ ထိုသူတို့က ပဋိညာဉ်ဟောင်းမှကတိတော် အတော်များများသည် မြေကြီးပေါ်တွင် ပြည့်စုံကာ၊ ဓမ္မသစ်ကာလ(ပဋိညာဉ်သစ်)မှကတိတော်များသည် ကောင်းကင်ဘုံနှင့်၄င်း၊ ဝိညာဉ်ရေးရာနှင့်၄င်း ဆိုင်ကြသည်ဟု ပြောကြပါသည်။

နှစ်ခြင်းတို့က အစ္စရေးနှင့်အသင်းတော်ကို ခြားနားပစ်ပါသည်၊ အထူးသဖြင့် ပဋိညာဉ်နှင့် ၄င်း၏သင်္ကေတအမှတ်လက္ခဏာတွင်ဖြစ်သည်။ သူတို့က အစ္စရေးသည် အသင်းတော်မဟုတ်၊ အသင်းတော်၏ပုံစံသာဖြစ်သည်ဟု ပြောကြသည်။ ထို့ကြောင်း ၄င်းတို့က ဗတ္တိဇံနှင့်အရေဖျားလှီးခြင်းသည် ပဋိညာဉ်အဟောင်းနှင့်အသစ်တို့၏ သင်္ကေတ အမှတ်လက္ခဏာများဖြစ်သည်ဟု ထပ်တူပြုရန် ဝန်ခံဖို့ ငြင်းပယ်ကြသည်။

အချို့တို့ကမူ ပညတ်တရားနှင့်ကျေးဇူးတရား(law and grace)ဟု ခြားနားချင်ကြပြန်သည်။ ၄င်းတို့က ပညတ်တော်များသည် မည်သည့်နည်းနှင့်မျှ ပဋိညာဉ်သစ်ယုံကြည်သူများထံ၌ နေရာမရှိပါဟု သင်ကြသည်။ ထိုအမှားကို အဲန်တီနိုးမီးယန်းဝါဒ(anti-nomianism)ဟုခေါ်သည်၊ ခရစ်ယာန်တို့ မည်သည့်ပညတ်မှလိုက်စရာမလို ဆိုသည့် သွန်သင်ချက်အမှားဖြစ်သည်။ (မြန်မာပြည်တွင် ကိုးရီးယားများက သယ်ဆောင်လာကြသဖြင့် ထိုဝါဒရောက်နေပြီဖြစ်သည်၊ ၄င်းတို့၏ ဘုရားကျောင်းကို နံ့သာနီလမ်း၊ အင်းစိန်တွင် တွေ့နိုင်ပါမည်)

ထိုမှားယွင်းမှုများကိုဆန့်ကျင်လျှင် ရီဖေါမ်ယုံကြည်ချက်က ပဋိညာဉ်တခုတည်းသာရှိသည်၊ ပဋိညာဉ်လူမျိုးတမျိုးတည်းသာ ရှိသည်၊ အစ္စရေးသည် ဓမ္မဟောင်းအချိန်မှ အသင်းတော်ဖြစ်သည်(တမန် ၇း၃၈)၊ ပဋိညာဉ်သင်္ကေတအမှတ်လက္ခဏာ တခုသာရှိသည်၊ ဗတ္တိဇံနှင့်အရေဖျားလှီးခြင်းသည် အနှစ်သာရအားဖြင့် အတူတူဖြစ်သည်(ကော ၂း ၁၁၊ ၁၂) ကယ်တင်ရှင်တဦးသာရှိသည်၊ ကယ်တင်ခြင်းရရန်လမ်း တမျိုးတည်းသာရှိသည် (တမန် ၄း၁၂)၊ ခရစ်တော်အားဖြင့်သာ ထာဝရအသက်ဆိုသော ကတိတော်တခုတည်းရှိသည်(တမန် ၂း၃၈၊၃၉)၊ ကတိတော်တွင်ပါဝင်သမျှ အားလုံးအတွက် တခုတည်းသောဝိညာဉ်ရေးရာပြည့်စုံမှုရှိသည် (ဟေဗြဲ ၁၁း၉၊ ၁၀၊၁၃-၁၆)ဟု အခိုင်အမာဆိုပါသည်။ ထို့အပြင် ရီဖေါမ်ယုံကြည်ချက်က ပဋိညာဉ်အဟောင်းနှင့်အသစ် နှစ်ခုစလုံးတွင် ကျေးဇူးတော်နှင့်ပညတ်တော်တို့၏ ညီညွတ်မျှတခြင်းသည် အမြဲရှိနေပါသည်ဟုလည်း အခိုင်အမာဆိုပါသည်(ရောမ ၇း၁၂)။

ထို့အပြင် ရီဖေါမ်ယုံကြည်ချက်က သုံးပါးတဆူဘုရားသခင်၏ညီညွတ်ခြင်းကို ရောင်ပြန်ထင်ဟပ်သည့်အနေနှင့် ပဋိညာဉ် အဟောင်းနှင့်အသစ် နှစ်မျိုးတို့သည်လည်း ညီညွတ်ခြင်းရှိပါသည် မကွဲပြားနိုင်ပါဟု အခိုင်အမာပြောပါသည်။ ဘုရားသခင့်ထံတော်တွင် ကွဲပြားခြားနားခြင်းမရှိသလို၊ ဓမ္မဟောင်းနှင့်ဓမ္မသစ်ပဋိညာဉ်တို့ကြားတွင်လည်း မည်သည့်နည်းနှင့်မျှ ကွဲပြားမှု မရှိနိုင်ပါ။

## ဘုရားသခင်၌လူတမျိုးသာရှိသည့်အကြောင်း(One People of God)

အစ္စရေးသည် ဓမ္မဟောင်းကာလ အသင်းတော်ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင် အစ္စရေးတို့နှင့်ပြုသော ပဋိညာဉ်သည် ဓမ္မသစ်ကာလ သူ၏အသင်းတော်နှင့်ပြုသော ပဋိညာဉ်နှင့်အတူတူပင်ဖြစ်သည် ဆိုသည့်သွန်သင်ချက်ကို လူအများက ပြင်းထန်စွာ ငြင်းချင်ကြမည်အမှန်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့က အမှန်ဟုယူဆသော ထိုသွန်သင်ချက်သည် ကျမ်းစာကသင်ပေးသော ဩဝါဒအမှန်ဖြစ်ကြောင်း အသေအချာသက်သေပြမှ ဖြစ်ပါမည်။

အစ္စရေးနှင့်အသင်းတော်သည် အတူတူဖြစ်ကြောင်း ထင်ရှားနေပါသည်။ စစ်မှန်သောအစ္စရေးဆိုသည်မှာ သာမန်တိုင်း ပြည်တပြည်၏သာမန်လူတဦး၊ ဂျူးတဦးကို ပြောနေသည်မဟုတ်ပါ၊ ဘုရားသခင့်ဝိညာဉ်ရေးရာ လူတစုကို ရည်ညွှန်းပါသည်၊ အသင်းတော်လည်း ထို့အတူဖြစ်ပါသည်။

ရောမသြဝါဒစာ ၉း၆-၈ တွင် ဘုရားသခင်၏နှုတ်ကပတ်တော်က "အကြောင်းမူကား၊ ဣသရေလနှင့် ဆက်နွယ်သောသူအပေါင်းတို့သည် ဣသရေလလူမှန်မဟုတ်"ဟု ပြောပါသည် (ဣသရေလ ဆိုသည်မှာ အစ္စရေးဆိုသောစကားကို ဆရာယုဒသန်က မြန်မာမှုပြု မွေးစားသောစကားလုံးဖြစ်ပါသည်)။ ထို့ကြောင့် ကျမ်းစာက သာမန်အစ္စရေးဆိုသည်နှင့် အစ္စရေးအစစ်ဆိုသည်ကို ရှင်းစွာ ခွဲခြားပါသည်။ အစ္စရေးနိုင်ငံသားမှန်သမျှသည် သာမန်အစ္စရေးလူမျိုးများ ဖြစ်ကြသည်။ သို့သော် ကတိတော်၏တန်ခိုးတော်အရ မွေးဖွားကြသူများကိုသာ အစ္စရေးအစစ်ဟု သတ်မှတ်ပါသည်။ (ကတိတော်၏ တန်ခိုးတော်ဆိုသည်မှာ အသက်ရှင်သော ဘုရားသခင့်နှုတ်ကပတ်တော်ဖြင့် ဒုတိယမွေးခြင်း ခံသည်ကို ဆိုလိုသည်)။ ထိုသူတို့သာ အာဗြဟံ၏သားသမီးစစ် ဖြစ်ကြသည်၊ ဘုရားသခင်၏သားသမီးများ ဖြစ်ကြပါသည်။ သူတို့သည် ဝိညာဉ်ရေးရာလူစုဖြစ်သည်။

ရောမ ၂း၂၈-၂၉က ထိုအမှန်တရားကို မှတ်သားလောက်စရာကောင်းအောင် ခိုင်မာစေပါသည်။ "အဘယ်ကြောင့်ဆိုသော် အပြင်ပန်းအားဖြင့်သာ ဂျူးဖြစ်သူသည် ဂျူးမဟုတ်ပါ၊ ထို့အတူ အပြင်ဖက် အရေပြားအပေါ်၌သာ အရေဖျားလှီးခံခြင်းသည် အစစ်အမှန်မဟုတ်ပါ။ သို့သော် အတွင်းသဘောအားဖြင့် ဂျူးဖြစ်သူသာ စစ်မှန်ပါသည်၊ စာဖြင့်မဟုတ်၊ နှလုံးသား၌၄င်း၊ ဝိညာဉ်၌၄င်း အရေဖျားလှီးခြင်းသာ စစ်မှန်ပါသည်၊ သူ့ကို လူတို့က မချီးမွမ်းပါ၊ ဘုရားကသာ ချီးမွမ်းပါသည်။" ရှင်းလွန်းပါသည်၊ ဂျူးမှန်သမျှသည် ဂျူးမဟုတ်ဟုပြောနေသည်။ အတွင်းသဘောမှန်သူသာ ဂျူးအစစ်ဖြစ်သတည်း (ကော ၂း၁၁ နှင့်နှိုင်းယှဉ်ဖတ်ပါ)။

ထို့ကြောင့် ကျမ်းစာ၏အနက်ဖွင့်မှုအရ၊ ယုံကြည်သောတပါးအမျိုးသားသည်လည်း အာဗြဟံ၏သားသမီးအဖြစ် သတ်မှတ်ခြင်းခံရသည်ဟု ဆိုရမည်ဖြစ်သည်၊ သူတို့သည် အစ္စရေးများဖြစ်ကြသည်။ ထိုအချက်ကိုလည်း ကျမ်းစာက သင်ပေးပါသည်။ ရောမ ၄း၁၁-၁၆ က အာဗြဟံသည် ယုံကြည်သောဂျူးတို့၏ဖခင် ဖြစ်သည်သာမက၊ ယုံကြည်သော တပါးအမျိုးသားတို့၏ဖခင်လည်းဖြစ်သည်ဟု သင်ပေးပါသည်။ သူသည် "ငါတို့အားလုံး၏"ဖခင်ဖြစ်သည်၊ ဆိုလိုသည်မှာ ဝိညာဉ်ရေးရာလူမျိုး တမျိုးတည်းသာရှိသည်ဟု ပြောခြင်းဖြစ်သည်။ ၄င်းကို ဂလာတိ ၃း၇ က ပို၍ရှင်းနေအောင် ပြောပါသည်၊ "ယုံကြည်ခြင်းရှိသောသူသည် အာဗြဟံ၏သားဖြစ်သည်ဟု အမှန်သိမှတ်ကြလော့။"

တကယ်တမ်းပြောရလျှင်၊ ယုံကြည်သောတပါးအမျိုးသားတို့သည် မယုံကြည်သောအာဗြဟံ၏ မျိုးနွယ်ဆက်များထက် ပို၍ စစ်မှန်သောဂျူး၊ ပို၍စစ်မှန်စွာအရေဖျားလှီးခြင်းခံကြသူများ ဖြစ်ကြသည်ဟု ဓမ္မသစ်ကျမ်းစာများကရှင်းလင်းနေစေပါသည်။ ဖိလိပ္ပိသြဝါဒစာ ၃း၂ က အပြင်ပမ်းမျှ ဂျူးဖြစ်ကြသူများကို "ကိုယ်အင်္ဂါဖြတ်တောက်ယုံမျှသာပြုသူများ" ဟုခေါ်ပါသည်၊ (ဆရာယုဒသန်က "အရေဖျားလှီးခြင်းခံယောင်ဆောင်သူများ"ဟု ဘာသာပြန်သည်)။ အဘယ်ကြောင့်ဆိုသော် ကိုယ်ခန္ဓာ၏အရေဖျားကို လှီးဖြတ်သူများ ဖြစ်ကြပါသော်လည်း ဝိညာဉ်ရေးရာအသက် မရှိသူများဖြစ်ကြသည်။ သခင်ယေရှုကလည်း ဂျူးအချို့တို့သည် အာဗြဟံ့သားသမီးများ မဟုတ်ကြသလို၊ ဘုရားသခင့် သားသမီးများလည်း မဟုတ်ကြပါဟု ရှင်းနေအောင်ပြောခဲ့ပါသည် (ယော ၈း၃၃-၄၇)။ ထိုမှဆန့်ကျင်စွာ ဖိလိပ္ပိသြဝါဒစာက ပြောပြသည်မှာ တပါးအမျိုးသားများကို "အရေဖျားလှီးခြင်းခံသူများ"ဟု ခေါ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့က "ဘုရားသခင်ကို ဝိညာဉ်အားဖြင့် ဝတ်ပြုကြသည်၊ သခင်ယေရှုခရစ်တော်၌ ဝမ်းမြောက်ကြသည်၊ ထို့အပြင် မိမိတို့၏အသွေးအသားကိုလည်း အားကိုးခြင်းမရှိကြ"ဟု ပြောပါသည် (ဖိလိပ္ပိ ၃း၃)။

ထိုအမှန်တရားကို သင်ပေးသော အခြားကျမ်းပိုဒ် အများရှိပါသည်။ ဂလာတိ ၄း၁-၇ က ဓမ္မဟောင်းအသင်းတော်နှင့် ဓမ္မသစ်အသင်းတော်တို့သည် တခုတည်းသာဖြစ်ကြောင်း လူတဦးနှင့်နှိုင်းယှဉ်ကာ ဖေါ်ပြပါသည်။ ငယ်ရွယ်သောဘဝမှ ရင့်ကျက်လာသောအဖြစ်သို့ ရောက်ရှိလာပုံနှင့် ခိုင်းနှိုင်းပါသည်။ ဂလာတိ ၃း၁၆၊ ၂၉ ကလည်း မျိုးနွယ် တဦးသာရှိကြောင်း၊ ခရစ်တော်နှင့် သူ့ကို ယုံကြည်ကြသူများဖြစ်ကြောင်း ပြသနေပါသည်။ ဟေဗြဲ ၁၂း၂၂-၂၄ က ယေရုရှလင်မြို့၊ ဇိအုန်တောင်၊ သားဦး၏အသင်းတော်သည် တူညီကြကြောင်း တန်းတူပြုထားပါသည်။ တခုထံသို့လာခြင်းသည် အားလုံးထံသို့ရောက်ခြင်းနှင့်အတူတူဖြစ်ကြောင်း ပြောပြနေပါသည်။

အစ္စရေးလူမျိုးကို ဘုရားသခင်၏ဝိညာဉ်ရေးရာလူတစုအဖြစ် တန်းတူပြုခြင်းသည် အလွန်အရေးကြီးပါသည်။ ပဋိညာဉ်၏ ကတိတော်များအားလုံး၊ ကောင်းချီးအားလုံးကို ကျွန်တော်တို့ ပါဝင်ခံစားနိုင်ကြခြင်းသည် ထိုအချက်ပေါ်တွင် တည်မှီနေပါသည်။ စစ်မှန်သောဂျူးတို့ကသာ ကတိတော်များ၊ ကတိပေးသောအရာများကို ရနိုင်ခွင့်ရှိပါသည်။ နာမည်မျှဖြင့် ဂျူးဖြစ်သူ (သို့) ခရစ်ယာန် ဖြစ်သူတို့အတွက် ထိုကတိတော်များကို ပေးထားသည်မဟုတ်ပါ၊ ယုံကြည်သော

သူတို့အတွက်သာ ဖြစ်သည်။ စစ်မှန်သောဂျူးဆိုသည်မှာ ယုံကြည်သူမှန်သမျှကို ပြောခြင်းဖြစ်ပါသည်။ သင်ကော ယုံကြည်သူ ဖြစ်ပါသလား?

### ပညတ်တော်နှင့်ပဋိညာဉ်အကြောင်း(The Law and the Covenant)

အစ္စရေးတို့နှင့်ပြုသောပဋိညာဉ်၏ တမူထူးခြားမှုမှာ စိုင်းနိုင်းတောင်ပေါ်တွင်ပေးသော ပညတ်တော်များဖြစ်ပါသည်။ ပညတ်တော်နှင့်ပဋိညာဉ်ကြားတွင် မည်သို့သောဆက်နွယ်မှု ရှိနေပါသနည်း?

ထိုဆက်နွယ်မှုကိုနားလည်ခြင်း၏အခြေခံကို ဂလာတိ ၃း၁၇-၂၁ တွင်တွေ့ရပါသည်။ ထိုကျမ်းပိုဒ်က ပထမအနေနှင့်၊ ပညတ်တော်များမပေးခင် နှစ်ပေါင်းလေးရာကျော်ကပြုလုပ်သော အာဗြဟံ၏ပဋိညာဉ်သည် သခင်ခရစ်တော်အားဖြင့် အတည်ပြုသောပဋိညာဉ်ဖြစ်သည်ဟု ပြောပြပါသည်(၁၇)။ ဆိုလိုသည်မှာ အာဗြဟံနှင့်ပြုသောပဋိညာဉ်သည် ဘုရားသခင်၏တခုတည်းသာရှိသော ထာဝရပဋိညာဉ်ပင်ဖြစ်သည်။ ဒုတိယအနေနှင့်၊ ပညတ်တော်များကို ပေးခြင်းဖြင့် ထိုပဋိညာဉ်ကိုမဖျက်သိမ်းပါ ဆိုသည့်အချက် ကိုပြောပြပါသည်။ အမှန်ပြောရလျှင် ပညတ်တော် ပေးခြင်းက ပဋိညာဉ်ကို ဆန့်ကျင်ခြင်းပင်မပြုပါ(၂၁)။

ထွက်မြောက်ရာကျမ်း ၂၄း၇ ကမူ ပညတ်တော်များကို "ပဋိညာဉ်စာအုပ်"ဟုခေါ်ပါသည်။ ဘုရားသခင်က သူ့လူများထံ သူ၏ပဋိညာဉ်ကို သိလာဖို့ပြောပြသောစာအုပ်ဟု ဆိုလိုခြင်းဖြစ်သည်။ ပညတ်တော်များပါဝင်သော ပဋိညာဉ်သည် သခင်ခရစ်တော်အားဖြင့် အတည်ပြုသောပဋိညာဉ်ဖြစ်သည်ဆိုလျှင်၊ ကျွန်တော်တို့ပါဝင်သောပဋိညာဉ်နှင့် အတူတူပင်ဖြစ်ပါသည်။ သို့သော် ထိုစာအုပ်တွင် အကြောင်းအရာမြောက်များစွာ ထပ်မံထည့်သွင်းပြီးဖြစ်နေပါသည်။ (ကျမ်းစာကိုပြောနေခြင်းဖြစ်သည်၊ ဓမ္မဟောင်းကာလမှ ဓမ္မသစ်ကာလချိန်ထိ၊ ထွက်မြောက်ရာကျမ်းရေးပြီးနောက်ပိုင်း၊ ထပ်ရေးသားသော ကျမ်းစာအုပ်များကို ရည်ညွှန်းသည်)။

ဂလာတိသြဝါဒစာ ၃း၁၉ အရ ရေးသားထားသောပညတ်တော်များကို ပဋိညာဉ်သို့ ထပ်ထည့်ထားရသည့်အကြောင်းမှာ ဖေါက်ဖျက်ကျူးလွန်ခြင်းမျိုးစုံကြောင့်ဖြစ်သည်။ ခရစ်တော်လာချိန်ထိဖြစ်သည်။ ပြောချင်သည်မှာ ပညတ်တော်များက ကျွန်တော်တို့၏အပြစ်များကိုဖေါ်ပြကြသည်၊ ထိုသို့ဖြင့် ကျွန်တော်တို့ ခရစ်တော်ကို လိုအပ်ကြကြောင်း ပြသသည်။ ပညတ်တော်သည် "ငါတို့၏ ကျောင်းအုပ်ဆရာဖြစ်သည်၊ ငါတို့ကို ခရစ်တော်ထံပို့ပေးသည်၊ ယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ကြရန်ဖြစ်သည်။"(၁၄)

ရောမသြဝါဒစာ ၁၀း၄ ကလည်း ထိုသို့ပင်တူညီစွာပြောပြသည်။ ထိုနေရာတွင် ခရစ်တော်သည် ပညတ်တော်၏အဆုံးသတ်ဖြစ်သည်၊ အဆုံးသတ်ဟုဆိုသော် ပညတ်တော်ကို လွှင့်ပစ်ခြင်းမဟုတ်၊ သူသည် ပညတ်တော်၏ ရည်ရွယ်ချက်၊ ပန်းတိုင်ဖြစ်သည်၊ ထိုသို့အဆုံးသတ်စေခြင်းဖြစ်သည်။ ပညတ်တော်ကို ပေးခဲ့စဉ် ခရစ်တော်ကို ပန်းတိုင်အဖြစ်ရည်မှန်း၍ပေးခဲ့ခြင်းဖြစ်သည်။ ပညတ်တော်က စစ်မှန်သောအစ္စရေးတဦးကို မိမိ၏အပြစ်အားသိမြင်ကာ ခရစ်တော်ကိုသူလိုအပ်သည်၊ သူ့အားဖြင့်သာ ဖြောင့်မတ်နိုင်သည်ဟု သဘောပေါက်စေခြင်းဖြင့် ရည်ရွယ်ချက်ကို ပြီးမြောက်စေသည်။

ထိုပညတ်တော်၏လုပ်ငန်းတာဝန်သည် ယနေ့တိုင်အောင် အကြုံးဝင်ပါသည်။ ပေါလုက ရောမ ၇း၇ တွင်ရှင်းနေအောင် ပြောပါသည်၊ "ပညတ်တရား၌အပြစ်ရှိသလော။ အပြစ်မရှိနိုင်ရာ။ သို့ရာတွင် ပညတ်တရားအားဖြင့်သာ အပြစ်သဘောကို ငါသိရ၏။" ထိုအချက်ကို ဂလာတိသြဝါဒစာ အခန်းကြီး(၃)ကလည်း သက်သေပြပါသည်၊ ပညတ်တော်ဆိုသည်မှာ ဂျူးလူမျိုးတို့အတွက်သာကျောင်းအုပ်ဆရာဖြစ်သည်မဟုတ်၊ "ငါတို့၏ကျောင်းအုပ်လည်းဖြစ်သည်"ဟု ပြောထားပါသည် (ငယ် ၂၃၊၂၄)။

ထို့ကြောင့် ပညတ်တော်များသည် ပဋိညာဉ်၏အစိတ်အပိုင်းတခုဖြစ်ပါသည်ဟုပြောရန် ကျွန်တော်တို့အတွက်မခက်ပါ။ ထိုအချက်ကို ဂလာတိ ၃း၁၉က ရှင်းနေအောင်ပြောပြပါသည်။ ထိုသို့ ပညတ်တော်များသည် ပဋိညာဉ်၏ အစိတ်အပိုင်းတခုဖြစ်သဖြင့် ယနေ့တိုင်အောင် ၎င်းသည် ကျွန်တော်တို့ကို ခရစ်တော်ထံပို့ဆောင်နေဆဲဖြစ်ပါသည်။ မည်သည့်နေရာတွင် ပြောင်းသွားသနည်းဆိုသော် ပဋိညာဉ်လူများအနေနှင့် ပညတ်တော်နှင့်ဆက်နွယ်ခြင်း၌သာ ဖြစ်ပါသည်။ ထိုအကြောင်းသည် နောက်ထပ်ပြောပြစရာတခုဖြစ်ပါသည်၊ ဂလာတိ ၄း၁-၇ က ပြောပြပါသည်။

ပညတ်တော်တွင် ဤကမ္ဘာလောက၏ အခြေခံအကြောင်းတရားများ ပါနေသည်ဆိုခြင်းကိုတော့ ကျွန်တော်တို့ကလည်း မငြင်းပါ၊ ဝတ်ပြုခြင်းထုံးတမ်းစဉ်လာများ ပါဝင်နေသည်ကို မငြင်းလိုပါ (ကော ၂း၂၀-၂၃)။ ထို ဓမ္မဟောင်းကျမ်း ဝတ်ပြုခြင်းဆိုင်ရာ ထုံးတမ်းစဉ်လာများသည် ရပ်တန့်သွားခဲ့ပြီဖြစ်ပါသည်။ သို့သော် ဓမ္မဟောင်းကာလကပင် ထိုထုံးတမ်းစဉ်လာများသည် ခရစ်တော်ကိုပြညွှန်ရာ သင်္ကေတများဖြစ်ကြပါသည်။ ကျောင်းအုပ်ဆရာကြီးအနေနှင့် အစ္စရေးများကို ခရစ်တော်ထံပို့ဆောင်ပေးဖို့သာ သုံးခဲ့ကြခြင်းဖြစ်ပါသည်။

အဓိကပြောချင်သည်မှာ ပဋိညာဉ် တခုသာရှိပါသည်။ ထိုပဋိညာဉ်သည် ပညတ်တော်များနှင့်ဆန့်ကျင်မနေပါ။ စစ်မှန်သော အစ္စရေးအားလုံးပါသည့် ခရစ်တော်၌ရှိသော ကျေးဇူးတော်ပဋိညာဉ်နှင့် ဆန့်ကျင်ခြင်းတခုမှမရှိပါ။ ဘုရားသခင်၏ပညတ်တော်များသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် မည်သည့်အခါတွင်မျှ ဘုရားသခင်၏ပဋိညာဉ်ကို ဆန့်ကျင်ခြင်းမရှိပါ။

### ပညတ်တော်၏ပဋိညာဉ်အတွင်းနေရာအကြောင်း(The Law's Function in the Covenant)

ဂလာတိ ၃း၁၇-၂၁ မှနေ၍ ပညတ်တော်ကို ဘုရားသခင့်ပဋိညာဉ်၏ အစိတ်အပိုင်းအနေနှင့် ပေးခဲ့ကြောင်း ပြောခဲ့ကြပြီ။ ယနေ့တိုင်အောင် ထိုသို့ဆက်လက်တည်ရှိနေသည်။ ထို့ကြောင့် ပညတ်တော်နှင့်ကျေးဇူးတော်သည် တခုနှင့်တခု ဆန့်ကျင်နေခြင်း လုံးဝမရှိပါ။ ထို့အပြင် ပညတ်တော်က ပဋိညာဉ်နှင့်၎င်း၏ကတိတော်များကိုလည်း ဆန့်ကျင်ခြင်းမရှိပါ။ ပညတ်တော်သည် ပဋိညာဉ်ထဲတွင် အပြစ်ကို ရှာဖွေတွေ့ရှိစေသောကဏ္ဍမှ ပါဝင်လှုပ်ရှားသည်ကို ကျွန်တော်တို့ အထက်က ဖေါ်ပြခဲ့ပြီးဖြစ်သည်။ မည်သူကမျှ ထိုအမှန်တရားကို ဆန့်ကျင်မည်မဟုတ်ပါ။

သို့သော် ထိုသို့သောအပြစ်ကိုရှာဖွေတွေ့ရှိစေခြင်းဆိုသော တာဝန်တခုကိုသာ ပညတ်တော်က ထမ်းဆောင်ခြင်းမကပါ၊ ဘုရားသခင်ကို ကျေးဇူးတင်စွာ မည်သို့အသက်ရှင်နေထိုင်မည်နည်း ဆိုသောအကြောင်းကိုလည်း သိစေသော တာဝန်ကို ထမ်းဆောင်ပေးပါသည်။ ပဋိညာဉ်ထဲတွင်အသက်ရှင်သူတယောက် ဘုရားသခင်ကို ကျေးဇူးတင်စွာ၊ ကြောက်ရွံ့ရိုသေစွာ အသက်ရှင်တတ်အောင် ပညတ်တော်က လမ်းညွှန်ချက်ပေးပါသည်။ ဘုရားသခင်၏ ပဋိညာဉ် လူတစုအနေနှင့် မည်ကဲ့သို့ ပြုမူပြောဆိုနေထိုင်လုပ် ကိုင်ရမည် ဆိုသည့်အကြောင်းကို သင်ပေးပါသည်။

ထိုသို့သော ပညတ်တော်၏တာဝန်ထမ်းဆောင်ပေးခြင်းကို ယုံကြည်သူများက ပညတ်တော်သည် “ငါ့ခြေလှမ်းများအတွက် မီးခွက်ဖြစ်သည်၊ ငါသွားရာလမ်းအတွက် အလင်းရောင်ဖြစ်သည်”ဟု ပြောကြလေ့ရှိပါသည် (ဆာလံ ၁၁၉း ၁၀၅၊ သုတ္တံ ၆း၂၃)။ ပ ညတ်တော်များသည် ဘဝအတွက် အသေချာဆုံး၊ အလုံခြုံဆုံး လမ်းညွှန်ဖြစ်သည်။

ထို့ကြောင့် ပညတ်တော်များကို “လွတ်လပ်ခြင်း၏ပြည့်စုံသောဥပဒေသများ၊”(the perfect law of liberty) “တော်ဝင်ပညတ်တော်များ”(the royal law)ဟုခေါ်ခြင်းဖြစ်ပါသည် (ယာကုပ် ၁း၂၅၊ ၂း၈၊၁၂ ဆရာယုဒသန် ပြန်သောကျမ်းစာတွင် ထိုသို့မတွေ့ရပါ)။ ထိုတော်ဝင်ပညတ်တော်များသည် အသစ်မဟုတ်ကြပါ၊ ပညတ်တော်ဆယ်ပါးသာ ဖြစ်ပါသည်။ ၎င်းကို ယာကုပ် ၂း၈၊ ၁၁ တွင် တွေ့နိုင်ပါသည်။ ဘုရားတကာတို့၏ဘုရင်က ပေးတော်မူသော တော်ဝင်ပညတ်တော်များ ဖြစ်ကြသဖြင့် ၎င်းတို့က ကျွန်တော်တို့၏ လွတ်လပ်ခြင်းဆိုသည်မှာအဘယ်နည်း? ဆိုသည်ကို အနက်ဖွင့်ပေးပါသည်၊ လွတ်လပ်ခြင်းသည် မည်မျှအတိုင်းအတာထိနည်း? ဆိုသည်ကိုလည်း ကန့်သတ်ပေးပါသည်။ ထိုသို့ဖြင့် ကျွန်တော်တို့ကို စည်းမဲ့ကမ်းမဲ့သတ္တဝါများဖြစ်မလာစေဘဲ၊ သခင်ခရစ်တော်၌ လွတ်လပ်သူများ ဖြစ်လာစေပါသည် (ဂလာ ၅း၁၃၊ ၁၄)။

ဓမ္မဟောင်းကာလတွင်လည်း ထိုသို့သာဖြစ်ခဲ့ပါသည်။ ဘုရားသခင်က သူ့လူများကို ပညတ်တော်များပေးသည့်အခါ၊ ကယ်တင်ခြင်းခံပြီးသော၊ အီဂျစ်ပြည်ကျွန်ခံနေရာမှ လွတ်မြောက်ပြီးသောသူများကို ပေးခြင်းဖြစ်ပါသည် (ထွက် ၂၀း၁၊ ၂)။ ကျွန်ပြန်ခံဖို့ ပေးခဲ့ခြင်းမဟုတ်ပါ၊ မိမိ၏ပဋိညာဉ်လူများအနေနှင့် လွတ်လပ်ခြင်းနယ်နိမိတ်ကို ကန့်သတ်ပေးခြင်းဖြစ်ပါသည်။ သူတို့၏ဘဝများ စည်းကမ်းစနစ်တကျဖြစ်လာကာ သူ့အား ပို၍ပီပြင်စွာ အမှုထမ်း နိုင်ကြရန်ဖြစ်သည်။ သူတို့အားကယ်တင်သော ကြီးမြတ်လွန်းသည့် ကယ်တင်ခြင်းအတွက် သင့်တော်သော ကျေးဇူးတင်ခြင်းကို ပြုတတ်ကြရန်ဖြစ်သည်။

ထိုသို့အမြဲတမ်းဖြစ်ပါသည်။ လွတ်လပ်သောတိုင်းပြည်တခုတွင်၊ လွတ်လပ်ခြင်းကို တရားဥပဒေဖြင့် စောင့်ကြပ်ပေးပါသည်။ ထိုသို့သောနိုင်ငံတွင် တရားဥပဒေသည် လွတ်လပ်ခြင်းကို ဘောင်သတ်မှတ်ပေးပါသည်၊ ထိုသို့ဖြင့် လူတိုင်း မိမိတို့မှန်သည်ဟု ထင်ရာမြင်များကို လုပ်ကိုင်ခြင်းမှ ထိန်းသိမ်းပေးပါသည်။ ဥပဒေကိုစွန့်ပစ်ကာ၊ လူတိုင်းက မိမိတို့ ကြိုက်သလို နေထိုင်ကြလျှင်၊ မကြာသောအချိန်တွင် မိမိတို့အိမ်များမှထွက်၍ လမ်းမများပေါ်သို့ အကြောက်ရွံ့မဲ့ လွတ်လပ်စွာသွားလာနိုင်ခြင်းသည် ပျောက်သွားပါတော့သည်။ ယနေ့ချိန်တွင် ထိုကဲ့သို့ မကြာခဏဖြစ်တတ်ကြောင်း တွေ့နေရပါသည်။

ထို့ကြောင့် ဘုရားသခင်၏ပဋိညာဉ်လူတို့အား ဘဝ၏စနစ်တကျရှိမှုနှင့် ဖွဲ့စည်းတည်ဆောက်ပုံတို့ကို ပေးသောသူသည် ပညတ်တော်များဖြစ်ပါသည်။ ပညတ်တော်များက ၎င်းတို့နှင့်ဘုရားသခင်၏ဆက်သွယ်မှုကို ပုံဖေါ်ပေးပါသည်၊ ထိုသို့ဖြင့် ၎င်းတို့က မိမိတို့ဘဝများဖြင့် ဘုရားသခင်၏ဂုဏ်ကျက်သရေတော်များကို ထင်ရှားအောင် နေထိုင်နိုင်ကြမည်ဖြစ်သည်။ ပညတ်တော်များက ထိုရည်ရွယ်ချက်ကို လုပ်ဆောင်ပေးနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပညတ်တော်

များက ဘုရားသခင်၏သဘောသဘာဝနှင့် ဂုဏ်လက္ခဏာများကို ဖော်ပြပေးသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ထံ ဘုရားသခင်အားဘုန်းတော်ထင်ရှားစေနိုင်သောအသက်တာ၏ သဘောသဘာဝကို ပြပေးနိုင်ပါသည်။

ပညတ်တော်က လူတယောက် ဘုရားသခင်နှင့်ပဋိညာဉ်ဆက်ဆံရေးရလာအောင် လုပ်မပေးနိုင်ပါ၊ ထို့အတူ၊ ဘုရားသခင့်ဘုန်းတော်ထင်ရှားစေသောအသက်တာသို့ရှင်နိုင်ဖို့ လိုအပ်သောကျေးဇူးတော်ကိုလည်း မပေးနိုင်ပါ။ ၄င်းတို့ကို ခရစ်တော်ထံမှသာ ရပါသည် (ဂလာ ၃း၂၄)။ မည်သို့ပင်ဖြစ်စေ၊ ပညတ်တော်များသည် ဘုရားသခင့်ပဋိညာဉ်ကို ဖော်ပြပေးသော စာတအုပ်တော့ဖြစ်ပါသည်။ ဘုရားသခင်ကျေနပ်အောင် စကားဖြင့်၄င်း၊ အလုပ်ဖြင့်၄င်း မည်သို့ အသက်ရှင်မည်နည်းဆိုသည်ကို ဖော်ပြပေးနေပါသည်။

ထိုသို့ဆိုသော်လည်း ယုံကြည်သူတယောက်သည် ခရစ်တော်လာရောက်ပြီးဖြစ်သဖြင့် ပညတ်တော်နှင့်ပတ်သက်၍ ဆက်ဆံပုံဆက်ဆံနည်း ပြောင်းသွားပြီဖြစ်ခြင်းကိုလည်း ကျွန်တော်တို့ မငြင်းပယ်ကြပါ။ ယုံကြည်သူသည် ယနေ့အခါ ပညတ်အောက်တွင် မရှိတော့ပါ၊ ကျေးဇူးတော်အောက်တွင်ရောက်နေပြီဖြစ်သည်။

## ဒါဝိတ်နှင့်ပြုသောပဋိညာဉ်(The Covenant with David)

ဓမ္မဟောင်းကာလ၏နောက်ဆုံးအကြီးမြတ်ဆုံး ဘုရားသခင့်ပဋိညာဉ်၏ဖွင့်ပြချက်ကို ဒါဝိတ်နှင့်ပြုသောပဋိညာဉ်၌ တွေ့ရပါသည် (၂ရာ ၇)။ ပဋိညာဉ်ကိုဖွင့်ပြခြင်းနေနှင့် ၄င်းတွင် သတိပြုစရာလက္ခဏာများ ပါရှိနေပါသည်။

ဤနေရာတွင်လည်း ဒါဝိတ်နှင့်ပြုသောပဋိညာဉ်သည်၊ အချိန်ကာလခြားနားသော်လည်း၊ ဘုရားသခင်၏ထာဝရကျေးဇူးတော်ပဋိညာဉ်သာလျှင်ဖြစ်ကြောင်းကို ပဋိညာဉ်ပြုခြင်း ဖော်မြူလာအရ တွေ့မြင်နိုင်ပြန်ပါသည်။ ဤပဋိညာဉ်တွင် ဘုရားသခင်က သူသည် သူ့လူများ၏ဘုရားသခင်ဖြစ်မည်၊ သူတို့ကို သူ၏အပိုင်ဖြစ်စေမည်ဟု ကတိပေးပါသည် (၄ယ် ၂၄)။ ၄င်းသည် ပဋိညာဉ်၏အမြဲတမ်းရည်ရွယ်ချက်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ဒါဝိတ်ထံပြုသောပဋိညာဉ်အားဖြင့် ဘုရားသခင်ကဖော်ပြလိုသောအရာသည် ရှုထောင့်မျိုးစုံအရ ထူးခြားလှပါသည်။ ၄င်းက နိုင်ငံတော်နှင့်ပဋိညာဉ်ကို အတူတကွယူဆောင်လျှက်၊ ထိုအရာနှစ်ခုသည် အလွန်နီးကပ်စွာ ဆက်စပ်နေကြသည်ဟု ပြောပြပါသည်။ ဘုရားသခင်က ဒါဝိတ်၏နိုင်ငံနှင့် ရာဇပလ္လင်သည် ထာဝရတည်မြဲမည်ဟု ကတိပေးတော်မူသည် (၄ယ် ၁၂၊ ၁၃)၊ ထိုကတိတော်သည် သခင်ခရစ်တော်လက်ထက်၌ ပြည့်စုံသွားသည်၊ ခရစ်တော်သည် ဘုရင်တကာတို့၏ဘုရင်ဖြစ်သည် (လုကာ ၁း၃၂၊ ၃၃)။

ပဋိညာဉ်နှင့်နိုင်ငံတော်ကို အတူတကွနားလည်ရန်လိုအပ်ကြောင်းကို သိစေချင်သည့်အနေနှင့် ဘုရားသခင်သည် ဒါဝိတ်နှင့်ကျွန်တော်တို့ထံ အမှန်တရားချို့ကို သင်ပေးပါသည်။ ပဋိညာဉ်နှင့်နိုင်ငံတော်အကြားဆက်နွယ်မှုက ပဋိညာဉ်တရား၏စနစ်ကျသော ဖွဲ့စည်းတည်ဆောက်ပုံကို ပြသနေပါသည်။ ပဋိညာဉ်ထဲတွင် ဘုရားသခင်၏လူများသည် နိုင်ငံတော်သူ/သားများဖြစ်ကြပါသည်။ အယောက်တိုင်းအတွက် သူ၏အုပ်စိုးမှုအောက်တွင် ဘုရားသခင်က အသေအချာ ချမှတ်ပေးသောနေရာရှိကြပါသည်။ ၂ရာ ၇း၁၃ တွင်ဖော်ပြသော "ရာဇပလ္လင်"သည် ဒါဝိတ်မင်းကဲ့သို့သောသူများ ခေတ္တခဏ ထိုင်ကြသော်လည်း တကယ်တမ်းတွင် ဘုရားသခင်၏ပလ္လင်တော်ကို ပြောနေခြင်းဖြစ်သည်။

ထို ပဋိညာဉ်နှင့်နိုင်ငံတော်အကြားဆက်စပ်မှုက နိုင်ငံတော်၏ဝိညာဉ်ရေးရာသဘောသဘာဝကို ဖော်ပြနေပါသည်။ သခင်ယေရှုအမှုတော်ဆောင်ခဲ့စဉ်က ရှိခဲ့ကြသော ဖါရိရှဲများကဲ့သို့ ယနေ့ချိန်တွင်လည်း နိုင်ငံတော်သည် အသွေးအသားလူမျိုးနွယ်နှင့် ဆိုင်မည်၊ မြေကမ္ဘာနှင့်သာဆိုင်မည်ဟု တွေးထင်နေကြသူအများ ရှိပါသည်။ သူတို့က တကမ္ဘာလုံးသည် ဘုရားသခင်၏နိုင်ငံတော် ဖြစ်သည်ဟု ထင်နေကြပါသည်၊ (သို့) ဘုရားသခင်၏နိုင်ငံတော် ဖြစ်လာမည်ဟု ထင်နေကြပါသည်။ ခရစ်တော် ဒုတိယအကြိမ်ပြန် မလာမီ ဖြစ်လာမည်ဟုပြောနေကြပါသည်။ ထိုအချိန်တွင် ကမ္ဘာကြီးကို ခရစ်ယာန်တို့က လွှမ်းမိုးထားမည်ဟု ထင်နေကြပါသည်။ အချို့တို့ကမူ နိုင်ငံတော်သည် ဂျူးတို့၏ နိုင်ငံဖြစ်မည်၊ ဓမ္မဟောင်းကာလကဖော်ပြထားသော အစ္စရေးနိုင်ငံပုံစံအတိုင်းဖြစ်မည်၊ ခရစ်တော်ပြန်မလာခင် ထိုနိုင်ငံကို တည်ထောင်မည်ဟု ထင်နေကြပါသည်။

ရောက်လာမည့်နိုင်ငံတော်နှင့် ပဋိညာဉ်ကတိတော်များကို ဆက်စပ်ပြခြင်းဖြင့် ဘုရားသခင်က ထိုသို့တွေးထင်နေကြခြင်းများ မှားယွင်းသည်ဟု ရှင်းပြတော်မူသည်။ ရောက်လာမည့်နိုင်ငံတော်သည် ဂျူးနိုင်ငံမဟုတ်သလို၊ ခရစ်ယာန်အဖွဲ့အစည်းလဲ မဟုတ်ပါ၊ ဘုရားသခင်၏ မိမိလူများနှင့် မိတ်သဟာယဖွဲ့ခြင်း၌ စနစ်ကျစွာ နေထိုင်ခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ထိုနိုင်ငံတော် ၏ဗဟိုနေရာတွင် ဘုရားသခင်၏အိမ်တော်၊ ဗိမ္မာန်တော်၊ ရှိနေပါသည် (၄ယ် ၁၃)၊ အသင်းတော်ကို ခရစ်တော်၏ကိုယ်ခန္ဓာအဖြစ် ပုံဖော်ပြသည့် ဓမ္မဟောင်းကာလ၏ ကြီးမြတ်သော ရုပ်ပုံကားချပ်ဖြစ်ပါသည် (ယော ၂း၁၈-၂၁)။

ခရစ်တော်ဆောင်ရွက်ပေးသောအလုပ်များတွင် ဒါဝိတ်ထံပေးထားသောပဋိညာဉ်ကတိများ ပြည့်စုံကြသည်ကို ကျွန်တော်တို့ တွေ့ကြရပါသည်။ ခရစ်တော်သည် သူ၏နိုင်ငံတော်ကို တကမ္ဘာလုံးနိုင်ငံတော်ကြီး တည်ထောင်စိုး မိုးခြင်းဖြင့် မတည်ဆောက်ပါ၊ မဝင်ရောက်ပါ၊ ထို့အတူ ဂျူးနိုင်ငံတည်ထောင်ခြင်းဖြင့်လည်း မတည်ဆောက်ပါ၊ မဝင်ရောက်ပါ၊ သို့သော် ဒုက္ခဝေဒနာများခံစားခြင်း၊ အရှက်တကွဲအဖြစ်ခံခြင်း နည်းလမ်းတို့ဖြင့်သာ တည်ဆောက်တော်မူပါသည် (၂ရာ ၇း၁၄၊ ဆာလံ ၈၉း၃၀)။ အနိုင်တိုက်ခိုက် ဖို့လိုအပ်သည်မှာ၊ စစ်တပ်များ၊ လက်နက်များ၊ အစိုးရများ မဟုတ်ပါ၊ အပြစ်ကိုသာဖြစ်ပါသည်။

ထို့ကြောင့် လက်ဝါးကပ်တိုင်ပေါ်ရှိစဉ်တွင် ခရစ်တော်၏ခေါင်းအထက်၌ ချိတ်ထားသော ဘွဲ့စကားလုံးများ က ဒါဝိတ်ထံ ပေးထားခဲ့သောကတိများ၏ ပြည့်စုံခြင်းကို ပြောပြနေကြပါသည်။ ထိုဘွဲ့စကားလုံးများကို ရေးထိုးကြသူများက လှောင်ပြောင်ရန် ရည်ရွယ်ခဲ့ကြသော်လည်း ကတိတော်များကို ပြည့်စုံစေသော စကားလုံးများ ဖြစ်နေကြပါသည်။ သူ၏ ဝေဒနာခံစားနေရခြင်းအတွင်း၌ ခရစ်တော်သည် ဂျူးတို့၏ဘုရင်ဖြစ်ပါသည်၊ ဆိုလိုသည်မှာ အာဗြဟံ၏ တကယ့်သားသမီးများဟု ဆိုလိုခြင်းဖြစ်သည်။ ခရစ်တော်သည် သူတို့ကို သူတို့၏ တကယ့်ဝိညာဉ်ရေး ရန်သူတို့ထံမှနေ၍ ကယ်လွှတ်သူဖြစ်ပါသည်။ သူတို့အတွက် နေရာတနေရာကို ပါရာဒိုက်(စ်)၌ ရအောင် ပြုလုပ်ပေးသူဖြစ်သည်။ ၎င်းကို သူ၏ကောင်းကင်နိုင်ငံတော်ဟုခေါ်ပါသည်။

## ပဋိညာဉ်သစ်အကြောင်း(The New Covenant)

ဟေဗြဲဩဝါဒစာ ၈း၆-၁၃ တွင် ဓမ္မသစ်ကို ပဋိညာဉ်သစ်ဟုခေါ်ပါသည်။ ဤဟေဗြဲ (၈) က ပဋိညာဉ်ဟောင်းကို ပဋိညာဉ်သစ်က အစားထိုးနေရာယူသည်ဟု ပြောနေပါသည်။

ဟေဗြဲ ၈း၆-၁၃ ကိုကြည့်လျှက် လူအများက ပဋိညာဉ်ဟောင်းနှင့်ပဋိညာဉ်သစ်တွင် အတော်ကလေး မတူညီခြင်းများ ရှိကြသည်၊ ၎င်းတို့သည် သီးခြားပဋိညာဉ်များဖြစ်ကြသည်ဟု ကောက်ချက်ချကြပါသည်။ နှစ်ခြင်းဂိုဏ်းများက ထိုသို့ကောက်ချက်ဆွဲလျှက်၊ ယုံကြည်နိုင်သောသူများသာဗတ္တိဇံခံရမည်ဟု ပြောတတ်ကြလေသည်။ နှစ်ခြင်းများက အရေဖျားလှီးခြင်းသည် ပဋိညာဉ် ဟောင်း၏တံဆိပ်ခတ်နှိပ်ခြင်းဖြစ်ပြီး၊ ပဋိညာဉ်သစ်၏ ဗတ္တိဇံမင်္ဂလာနှင့် မတူပါဟုပြောကြပါသည်။ ပရီမီလေးနီးယမ်းဝါဒီများ(သခင်ယေရှု ဒုတိယအကြိမ်ကြွလာပြီးမှ မြေပေါ်တွင် နှစ်တထောင်နိုင်ငံတော်ကို တည်ထောင်မည်ဟု ယုံကြည်ကြသူများ)ကလည်း ထိုသို့ ကောက်ချက်ဆွဲလျှက်၊ ထို့ကြောင့် အစ္စရေးတို့အတွက် အထူးခေတ်တခေတ်သည် မြေကြီးပေါ်တွင် ရှိဦးမည်(အစ္စရေးတို့အတွက် ပဋိညာဉ်တခုရှိသည်၊ ပဋိညာဉ်သစ်သည် ယုံကြည်သူတို့အတွက်ဖြစ်သည်)ဟု ပြောလာကြပြန်သည်။

သို့သော် ကျွန်တော်တို့ကတော့ ပဋိညာဉ်သစ်က အဟောင်းကို အစားထိုးလိုက်ပြီ၊ မည်သို့အစားထိုးသနည်း ဆိုသော် တခုတည်းသော ဘုရားသခင်၏ထာဝရပဋိညာဉ်ကို ပို၍ပြည့်စုံသောဖွင့်ပြချက်အနေနှင့်၊ ပို၍သစ်လွင်သော ပုံစံဖြင့် အစားထိုးခြင်းသာ ဖြစ်သည်ဟု ယုံကြည်ကြပါသည်။ ခြားနားချက်မှာ ကိုင်တွယ်ပုံကိုင်တွယ်နည်း၌သာ ဖြစ်သည်။ ဟေဗြဲ (၈)က ထိုအချက်ကို ရှင်းစေပါသည်။

ပထမ၊ ငယ်(၁၀)က ပုံမှန်ပဋိညာဉ်ဖော်မြူလာကိုဖော်ပြသည် - ငါသည် သူတို့ဘုရားဖြစ်မည်၊ သူတို့သည် ငါ့အတွက် ငါ့ လူများ ဖြစ်ကြမည် - ဤစကားလုံးများကိုပြန်ရေးပြရသည်မှာ ပဋိညာဉ်သစ်သည် အဟောင်းနှင့်ကွာခြားမှု အထူးတလည်မရှိကြောင်း သဘောပေါက်ရန်ဖြစ်သည်။ ပတ်သက်ဆက်နွယ်မှုများသည် ပဋိညာဉ်အဟောင်းရော အသစ်မှာပါ အတူတူပင်ဖြစ်သည်။

ဒုတိယ၊ ငယ်(၁၀)တွင် ပါသော "ငါ၏ဥပဒေသများ"ဆိုသည့်စကားစုက အထက်ကဖော်ပြသည်ကို ပိုခိုင်မာစေပါသည်။ ပဋိညာဉ်သစ်တွင် ဥပဒေသ(ပညတ်)များကို ဖယ်ရှားမပစ်ပါ၊ သို့သော် ခြားနားသောကျောက်ပြားပေါ်၌ ရေးပါသည်၊ အသွေးအသား၏နှလုံးသားပြင်ပေါ်တွင်ဖြစ်သည်(၂ကော ၃း၃)။ ပညတ်ဥပဒေသများနှင့်ပဋိညာဉ်သည် ဆက်လက်၍ အတူတကွသွားကြပါသည်။ အမှန်ပြောရလျှင်၊ တရားဟောရာကျမ်း ၄း၁၃ နှင့် ဟေဗြဲဩဝါဒစာ ၈း၁၀ တို့က ပညတ်တော်ပေးခြင်းကို ကွဲပြားစွာ ရေးသားကြသော်လည်း၊ ၎င်းသည် ပဋိညာဉ်ကို ကြေညာခြင်း (သို့) ပဋိညာဉ်ပြုခြင်းသာ ဖြစ်ပါသည်။

တတိယ၊ ဟေဗြဲ ၈း၁၁ အရ ပဋိညာဉ်အသစ်နှင့်အဟောင်းတွင် အဓိကအကျဆုံးမှာ ဘုရားသခင်ကို သိခြင်းဖြစ်ပါသည်။ မည်သို့သိသနည်းဆိုသည့်နည်းလမ်းတော့ အနည်းငယ်ကွဲသော်လည်း ဘုရားသခင်ကိုသိခြင်းသည်ပဋိညာဉ်အသစ်နှင့်အဟောင်း နှစ်ခုစလုံးတွင် အဓိကအကျဆုံးဖြစ်ပါသည်။ ဤကျမ်းပိုဒ်က ပဋိညာဉ်အသစ်ကို ပြည့်စုံခြင်းအချိန်၊ အကောင်အထည်ပေါ်သောအချိန်ဟု ပြောပါသည်။ ထို့ကြောင့် ပဋိညာဉ်သစ်ကာလသည် ဘုရားသခင့်လူများက ဘုရား

သခင်ကို တိုက်ရိုက်သိနိုင်ကြချိန်ဖြစ်သည်၊ လေဝိအနွယ်များ၊ ယဇ်ပုရောဟိတ်မင်းများ၏ ကြားခံပေးမှုများ မလိုအပ်တော့ချိန် ဖြစ်သည် (မာလခိ ၂း၅-၇)။

ထိုသို့ဆိုသော် ပဋိညာဉ်သစ်သည် အလုံးစုံခြားနားသောအရာမဟုတ်တော့ပါ၊ သခင်ခရစ်တော်ပြန်လာသောအခါ ယခုရှိနေသည့် ကောင်းကင်နှင့်မြေကြီး အသစ်ဖြစ်သွားမည်ကဲ့သို့သော အသစ်ဖြစ်ခြင်းသာလျှင်ဖြစ်ပါတော့သည်။ ယခုရှိနေသော ကောင်းကင်နှင့်မြေကြီးကို လုံးဝကိစ္စတုံးပစ်လိုက်ခြင်းမဟုတ်၊ အသစ်ပြန်လုပ်ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် ပဋိညာဉ်တရားဟောင်း ရွေ့လွင့်သွားသည်ဆိုခြင်းမှာ၊ လုံးလုံးလျားလျားခြားနားသော ပဋိညာဉ်သစ်ကို ရောက်လာစေခြင်းမဟုတ်ပါ၊ ဘုရားသခင်သည် သူ့လူများ၏ဘုရားသခင်ဖြစ်သည်၊ သူတို့ကို သူ့ကိုယ်ပိုင်အဖြစ် ယူဆောင်တော်မူသည်ဆိုသော တခုတည်းသောထိုပဋိညာဉ်၏ ပို၍ကောင်းသော ဖွင့်ပြချက်သာ ဖြစ်ပါတော့သည်။ ပဋိညာဉ်သစ်ဆိုသည်မှာ ကတိပေးထားသောအရာများ ပြည့်စုံလာခြင်းဖြင့် နောက်ဆုံးသော၊ အပြည့်စုံဆုံးသော ပဋိညာဉ်၏ ဖွင့်ပြချက်ဖြစ်သည်။ ပဋိညာဉ်ဟောင်းကာလ၏ ပုံဆောင်ချက်များ၊ နိမိတ်ပုံများမှဖေါ်ပြနေခြင်းထက် ပို၍ပြည့်စုံသော ပဋိညာဉ်ဖြစ်သည်။ ထိုပဋိညာဉ်တရားသစ်တွင် ပညတ်တော်ဆယ်ပါး ဆက်လက်ပါဝင်ပါသည်၊ သို့သော် ကျွန်ခံဖို့မဟုတ်၊ ကျွန်တော်တို့ကိုကယ်တင်ခြင်းပေးသည့် ကြီးမြတ်သောဘုရားသခင်ကို မည်ကဲ့သို့ ပိုကောင်းအောင် ဘုန်းတော်ထင်ရှားစေမည်၊ ကျေးဇူးတင်သောအသက်ရှင်မှုနှင့် အသက်ရှင်ကြမည်ဆိုသည်တို့ကို ကူညီ ပြောပြပေးသူအနေနှင့်သာဖြစ်သည်။

ထိုပဋိညာဉ်သစ်သည် ဟေဗြဲ ၈း၆ ကပြောပြသလို၊ ပို၍ကောင်းပါသည်၊ ပို၍ခန်းနားပါသည်၊ အဘယ်ကြောင့်ဆိုသော် ခရစ်တော်ကို ပုံဆောင်သောအရာများအစား ၎င်းက တကယ့်ခရစ်တော်ကို ကျွန်တော်တို့ထံ ယူဆောင်လာပေး၍ ဖြစ်ပါသည်။ အဆုံးသတ် အားလုံးပြည့်စုံချိန်ရောက်မှသာလျှင် ဤပဋိညာဉ်သည် ပို၍ခန်းနားလာ မည်ဖြစ်ပါသည်။

**ပဋိညာဉ်အသစ်နှင့်အဟောင်းကိုနှိုင်းယှဉ်ခြင်း**(The Old and New Covenant Compared)

ဟေဗြဲဩဝါဒစာ ၈း၆-၁၃ မှနေ၍ ပဋိညာဉ်အဟောင်းနှင့်အသစ်တို့သည် လုံးဝခြားနားသော ပဋိညာဉ်များ မဟုတ်ကြောင်းကို ကျွန်တော်တို့ သက်သေပြခဲ့ပြီဖြစ်သည်။ အရေးကြီးသောအချက်များတွင် အတူတူသာ ဖြစ်ကြပါသည်။

၎င်းတို့အကြားခြားနားမှုကလေးမှာ "လုပ်ကိုင်ဆောင်ရွက်ပုံ"အသေးစိတ်ကလေးမျှသာ ဖြစ်ပါသည်။ ထိုလုပ်ကိုင်ဆောင်ရွက်ပုံ အသေးစိတ်များ၏ ခြားနားမှုအရသာ ပဋိညာဉ်တခုကို အဟောင်းဟုခေါ်၍ နောက်တခုကို အသစ်ဟုခေါ်ခြင်းဖြစ်ပါသည်။ အဟောင်းသည် ယနေ့ချိန်တွင် ကုန်ဆုံးခဲ့ပြီဖြစ်ပါသည်။ ပဋိညာဉ်သစ်ကို လုပ်ကိုင် ဆောင်ရွက်ဖို့ ဦးဆောင်သူ သမ္မတအသစ်ကို ခန့်အပ်ပြီဖြစ်သည်။ ထို့ကြောင့် အစိုးရအသစ်ဖြစ်ပြီဟု အကန့်အသတ်နှင့် ဆို၍ရပါမည်။ အဘယ်ကြောင့်ဆိုသော် အစိုးရ၏ပုံစံ၊ အခြေခံဥပဒေသများတော့ ပြောင်းလဲခြင်းမရှိသောကြောင့် ဖြစ်သည်။

ထိုသို့ဆိုလျှင် ပဋိညာဉ်အဟောင်းနှင့်အသစ် ဘာကွာသနည်း? ဟေဗြဲဩဝါဒစာ(၈)အရ၊ နည်းလမ်း(၃)မျိုး ဖြင့် ကွာခြားပါသည်။

ပထမ၊ ကြားဝင်ဖြန်ဖြေပေးသူ ပြောင်းသွားသည် (ငယ် ၆)။ မောရှေ၏နေရာတွင် ခရစ်တော်ကအစားထိုးသည်။ ၎င်းသည် အရမ်းကြီးပြောင်းလဲမှုမဟုတ်၊ အဘယ်ကြောင့်ဆိုသော် မောရှေက ခရစ်တော်ကို ပုံဆောင်ခဲ့သောကြောင့်ဖြစ်သည်။ ဟေဗြဲ ၃း၅ က မောရှေကို "နောက်မှသာပြောဆိုရမည် အကြောင်းအရာတို့၏ သက်သေခံ"ဟု ခေါ်ပါသည်။ ထို့အပြင် မောရှေကိုယ်တိုင်က ခရစ်တော်ကို တရားဟောရာကျမ်း ၁၈း၁၅ တွင် "ငါနှင့်တူသော ပရောဖက်"ဟု ခေါ်ထားပါသည်။ ထို့ကြောင့် ဤခြားနားချက်များသည် စီမံခန့်ခွဲရေးရှုထောင့်အရသာ ခြားနားခြင်း ဖြစ်သည်။

ဒုတိယ၊ ပညတ်တော်ကိုရေးသားသောပုံစံလည်း ပြောင်းသွားပါသည် (ဟေဗြဲ ၈း၁၀)။ ကျွန်တော်တို့ပြောခဲ့သလို၊ ပညတ်တော်များကို လွှင့်မပစ်ပါ၊ အရင်ကလို ကျောက်ပြားပေါ်တွင် မရေးသားတော့ဘဲ၊ အသွေးအသားဖြစ်သည့် နှလုံးသားပေါ်တွင် ပြန်လည်ရေးသားခြင်းဖြစ်ပါသည်။ ၎င်းကိုလည်း စီမံခန့်ခွဲရေးရှုထောင့်အရသာ ပြောင်းသွားခြင်းဟု ပြောရပါမည်။ သို့သော် ဓမ္မသစ်ယုံကြည်သူများအတွက်မူ အလွန်အရေးပါအရာရောက်ပါသည်။ တစုံတရာကို ပြန်လည်ရေးသားသည်ဆိုခြင်းမှာ အရင်ရေးသည်နှင့် လုံးဝခြားနားသောအရာကို ရေးသည်ဟု ဆိုလိုခြင်း မဟုတ်ပါ၊ ယခင်ကရှိပြီးသောအရာကိုသာ ရည်ညွှန်းပါသည်။

ဤဒုတိယအချက်သည် အရေးကြီးပါသည်၊ အဘယ်ကြောင့်ဆိုသော် ပညတ်တော်များပေးအပ်ခြင်းကို တရား ၄း၁၃ နှင့် ဟေဗြဲ ၈း၁၀ နှစ်နေရာလုံး၌ ပဋိညာဉ်ပေးခြင်းဟုခေါ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် တစုံတဦးက ပညတ်တော်များသည် အချိန်တိုင်း တူညီကြသည်၊ သို့သော် ပဋိညာဉ်များသည် မတူကြပါဟု ပြော၍မရပါ။ ၎င်းတို့ကို တရားဟောရာကျမ်းနှင့် ဟေဗြဲဩဝါဒစာတို့တွင် တူညီသည်ဟု ပြောပြနေကြပါသည်။

တတိယ၊ ပဋိညာဉ်သစ်က ပို၍ပြည့်စုံသော၊ ပို၍ကြွယ်ဝသော ဖွင့်ပြတော်မူချက်ကို ယူဆောင်လာပါသည်။ ၄င်းကို ဟေဗြဲ ၈း၁၁ ကပြောပြနေပါသည်။ ပို၍ကြွယ်ဝသောဖွင့်ပြချက်ဆိုသည်မှာ ဘုရားသခင့်လူများက ဘုရားသခင်ကို တိုက်ရိုက်သိနိုင်ကြခြင်း ဖြစ်သည်။ ယွင်ကကဲ့သို့ လူသားကြားဝင်ဖြန်ဖြေပေးသူများ (ဥပမာ - ယဇ်ပုရောဟိတ်များ) မလိုအပ်တော့ခြင်းဖြစ်သည်။ ပဋိညာဉ် သစ်ခေတ်တွင် ဓမ္မဟောင်းချိန်က ဆရာများဖြစ်ကြသည်၊ ယဇ်ပုရောဟိတ်များ၊ လေဝိအနွယ်များ မလိုအပ်ကြတော့ပါ။ (မာလခိ ၂း၆၊၇ ကိုကြည့်လျှင် ၄င်းတို့သည် ဓမ္မဟောင်းကာလမှ ဆရာသမားများဖြစ်သည်ကိုတွေ့ရပါမည်)

ဤအချက်သည်လည်း စီမံခန့်ခွဲမှုရှုထောင့်အရသာဖြစ်ပါသည်။ ပဋိညာဉ်သစ်က လုံးဝခြားနားသော ဖွင့်ပြချက်ဆိုသည်မျိုးကို ယူဆောင်မလာခဲ့ပါ။ သို့သော် ပို၍ကောင်းသောဖွင့်ပြချက်ကိုသာ ယူဆောင်လာခဲ့ပါသည်(ဟေဗြဲ ၈း၆)၊ ဆိုလိုသည်မှာပဋိညာဉ် ဟောင်းကာလတွင် ပုရောဖက်ပြုခဲ့သည်များကို ပြည့်စုံလာစေသော၊ တကယ်ဖြစ်ပြီဟု ပြောသော ပို၍ကောင်းသည့်ဖွင့်ပြချက်ကို ပြောနေပါသည်။

ထို့ကြောင့် ဘုရားသခင့်ထံတွင် ထာဝရပဋိညာဉ်သည် တခုတည်းသာရှိပါသည်။

### ပဋိညာဉ်၏ပြီးပြည့်စုံခြင်းအကြောင်း(The Consummation of the Covenant)

ပဋိညာဉ်ဆိုသည်မှာ သဘောတူညီချက်တခု မဟုတ်ပါ၊ စာချုပ်တရပ်နှစ်ဦးသဘောတူ ချုပ်ဆိုခြင်းမဟုတ်ပါ၊ ထိုသို့ဖြင့် ဘုရားသခင်က သူ့လူများကို ကယ်တင်ခြင်းမဟုတ်ပါဟု ကျွန်တော်တို့ပြောနေရခြင်း၏ အကြောင်းတရားများထဲမှတခုမှာ ပဋိညာဉ်၏ပြီးပြည့်စုံခြင်းနှင့်ပတ်သက်နေပါသည်။ ပဋိညာဉ်၏ပြီးပြည့်စုံခြင်းဆိုသည်မှာ ကျွန်တော်တို့ သခင်ယေရှု၏ ထာဝရဖြစ်သော၊ ကောင်းကင်နှင့်ဆိုင်သောနိုင်ငံတော်တွင် ၄င်း၏အဆုံးသတ်အကောင်အထည်ပေါ်ခြင်းနှင့် ဂုဏ်ကျက်သရေနှင့်ပြည့်ဝခြင်းကို ဆိုလိုပါသည်။

အကယ်၍ ပဋိညာဉ်သည် ကယ်တင်ခြင်းရရန်အတွက် သဘောတူညီချက်တရပ်၊ နှစ်ဦးသဘောတူစာချုပ် တရပ်သာဖြစ်ခဲ့ပါလျှင်၊ ၄င်းပဋိညာဉ်ပြီးပြည့်စုံချိန်ရောက်သောအခါ၊ ကျွန်တော်တို့ကယ်တင်ခံရခြင်း၏ပြည့်စုံခြင်းကို ရရှိကြသောအခါ၊ ထိုပဋိညာဉ်ကို ဘေးဖယ်ထားလိုက်တော့မည်သာဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် သဘောတူညီချက်စာချုပ်တို့မည်သည် အကောင်အထည်ပေါ်သောအခါ၊ စာချုပ်လဲ ပြီးမြောက်ပြီး အသုံးမဝင်တော့သကဲ့သို့ဖြစ်ပါမည်။

သို့သော် ဘုရားသခင်၏ပဋိညာဉ်ကို ထိုသို့လုပ်၍မရပါ။ အဘယ့်ကြောင့်ဆိုသော် ပဋိညာဉ်သည် ထာဝရ ဖြစ်ပါသည်။ အချိန်အတိုင်းအတာတခုတွင်သာ လိုအပ်သောသဘောတူညီချက် စာချုပ်လိုမျိုးမဟုတ်ပါ။

ထို့ကြောင့် ပဋိညာဉ်ဆိုသည်မှာ ဘုရားသခင်နှင့်သူ၏လူတို့အကြား သခင်ခရစ်တော်၌ရှိနေသော တုတ်နှောင်/နှောင်ဖွဲ့မှု၊ မိတ်သဟာယဖွဲ့မှုဖြစ်သည်ဟု ကျွန်တော်တို့က ယုံကြည်ရခြင်းဖြစ်သည်။ ထိုမိသဟာယဆက်နွယ်မှုကို ကျမ်းစာက ပဋိညာဉ်ဖော်မြူလာဖြင့်ဖော်ပြလေ့ရှိပါသည်၊ “ငါသည် သင်တို့၏ဘုရားသခင်ဖြစ်မည်၊ သင်တို့ သည် ငါ၏လူများဖြစ်ကြမည်။”

အကယ်၍ ထိုအချက်သည် ပဋိညာဉ်၏အနှစ်သာရဖြစ်သည်ဆိုလျှင် - ဘုရားသခင်သည် ငါတို့ဘုရား၊ ငါတို့သည် သူ၏လူများ - ကောင်းကင်ဘုံသို့ အားလုံးရောက်ကြပြီးလျှင်လည်း၊ ထိုပဋိညာဉ်ကို နောက်တွင်ထားခဲ့မည် မဟုတ်ပါ၊ စွန့်ပစ်လိုက်မည်မဟုတ်ပါ၊ ထိုမှဆန့်ကျင်လျှက် ပြည့်စုံစွာ ပို၍အကောင်အထည်ပေါ်လာ မည်သာဖြစ်ပါသည်။ ကောင်းကင်ဘုံဆိုသည်မှာ တကယ်တမ်းပြောရလျှင် ထိုသို့သောနေရာဖြစ်ပါသည် - ငါတို့သည် ဘုရားသခင်နှင့်ထာဝရအတူရှိမည်၊ သူ့ကို ဂုဏ်တော်ချီးမွမ်းမည်၊ သူနှင့်အတူ ထာဝရပျော်ရွှင်စွာနေထိုင်စံစားမည်ဖြစ်ပါသည်။

၄င်းကို ဗျာဒိတ်ကျမ်း ၂၁း၃ က ကောင်းကင်သစ်မြေကြီးသစ်၏ဂုဏ်ကျက်သရေအဖြစ် တိကျစွာဖော်ပြထားပါသည်။ အားလုံးသည် အသစ်ဖြစ်ကြသောအခါ မျက်ရည်များသည် ရှိတော့မည်မဟုတ်ပါ။ သေခြင်းလည်း မရှိတော့ပါ၊ ငိုကြွေးဟော်ဟစ်ရခြင်း၊ ဝမ်းနည်းရခြင်း၊ နာကျင်ခြင်းဝေဒနာများလည်း ရှိကြတော့မည်မဟုတ်ပါ။

သို့သော် ထို့ထက်ပို၍ အံ့သြစရာကောင်းသည်ကို ကောင်းကင်မှအသံတော်က ကြွေးကြော်တင်ပြောပြနေပါသည်၊ “ကြည့်ပါ၊ ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်။ သူတို့သည် ကိုယ်တော်၏လူဖြစ်ကြလိမ့်မည်။ ဘုရားသခင်သည် ကိုယ်တော်တိုင် သူတို့နှင့်အတူရှိနေ၍ သူတို့၏ဘုရားသခင်ဖြစ်တော်မူမည်။”

သတိပြုရမည်မှာ ထိုကျမ်းပိုဒ်ထဲတွင် ပဋိညာဉ်ဖော်မြူလာပါနေသည်ကိုဖြစ်သည်၊ “ငါသည် သင်တို့ဘုရားဖြစ်မည်၊ သင်တို့သည် ငါ့လူများဖြစ်ကြမည်။” ထိုထက်ပို၍အံ့သြစရာကောင်းခြင်း (သို့) ပို၍နှစ်သက်စရာကောင်း ခြင်းသည် မရှိနိုင်တော့ပါ။

နောက်ထပ်သတိပြုရမည်မှာ ထိုကျမ်းပိုဒ်က ဘုရားသခင်၏တဲတော်ကို ထည့်ပြောထားခြင်းဖြစ်သည်။ ဓမ္မဟောင်းကာလတွင် ထိုနေရာသည် ဘုရားသခင်၏ ပဋိညာဉ်နေရာဖြစ်သည်၊ သူ့လူများနှင့် အတူတူနေသောနေရာ ဖြစ်သည်၊ သူတို့၏ဘုရားသခင် အဖြစ် မိမိကိုယ်ကို ဖော်ပြသောနေရာဖြစ်သည် (ထွက် ၂၉း၄၂ - ၄၆)။

ဓမ္မဟောင်းကာလသည် ပို၍ကောင်းသောအရာများကို ကြိုတင်နိမိတ်ပုံသင်္ကေတများဖြင့် ဖော်ပြသောကာလ ဖြစ်ပါသည်။ ၎င်းက သခင်ယေရှုခရစ်တော်ကိုယ်တိုင်ကို ပုံဖော်ပါသည်။ သူ့အားဖြင့်၎င်း၊ သူ့ထံ၌၎င်း ဘုရားသခင်သည် ကျွန်တော်တို့နှင့်အတူ နေတော်မူပါသည်၊ ကျွန်တော်တို့၏ဘုရားဖြစ်ပါသည်၊ သူ့အားဖြင့် ဘုရားသခင်သည် မိမိ၏ဂုဏ်ကျက်သရေရှိခြင်းအားလုံးကို ကျွန်တော်တို့ထံ ဖွင့်ပြနေတော်မူပါသည်။ ခရစ်တော်၌ သူသည် ကျွန်တော်တို့နှင့် တွေ့ဆုံတော်မူသည်၊ ကျွန်တော်တို့နှင့် စကားပြောတော်မူသည်။ ခရစ်တော်အားဖြင့် သူသည် ကျွန်တော်တို့ထံတွင် နေတော်မူပါသည်။ ၎င်းသည် ဘုရားသခင့်ပဋိညာဉ်တော်၏ ထာဝရကောင်းချီး ခံစားရမှုဖြစ်ပါသည်။

### ပဋိညာဉ်များကိုပေါင်းရုံးဖော်ပြခြင်း(The Covenants Summarized)

ကျမ်းစာကဖော်ပြသော ပဋိညာဉ်အမျိုးမျိုးသည် သီးသန့်ပဋိညာဉ်များမဟုတ်ကြခြင်းကို ကျမ်းစာအားဖြင့် ကျွန်တော်တို့ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ၎င်းတို့သည် ဘုရားသခင်၏ထာဝရပဋိညာဉ်ကို ပုံစံအမျိုးမျိုးဖြင့် ဖော်ပြခြင်းများသာ ဖြစ်ကြပါသည်။ ယခုတွင် ကျွန်တော်တို့သည် ရှေ့ကရေးခဲ့သည်များကို ပေါင်းရုံးဖော်ပြပါမည်။

ပဋိညာဉ်အကြောင်း ပထမဆုံးဖွင့်ပြချက်ကို ပါရာဒိုက်စ်(ဧဒင်ဥယာဉ်)တွင် အာဒံ့ထံ ပေးခဲ့ပါသည်။ ထိုပဋိညာဉ်က ပဋိညာဉ်၏ မရှိမဖြစ် အကြောင်းအရာများကို ဖွင့်ပြသည်ဖြစ်ရာ၊ ၎င်းကို "အသက်ရှင်ခြင်းပဋိညာဉ်" (covenant of life)ဟုခေါ်လျှင် ရပါမည်။ ၎င်းက ပဋိညာဉ်ဆိုသည်မှာ အဘယ်နည်း?ဆိုသည်ကို ပြောပြပါသည်၊ ဘုရားသခင်သည် ပဋိညာဉ်၏ အစိုးရတော်မူသော အရှင်ဖြစ်သည်ဟုလည်း ဖွင့်ပြပါသည်။ ထို့အပြင် ပဋိညာဉ်တွင် လူသား မည်သည့် နေရာမှပါဝင်သနည်းဆိုသည်ကိုလည်း အသေးစိတ် ဖော်ပြပါသည် (ကမ္ဘာ ၁၊ ၂၊ ဟောရှေ ၆း၇)။

ပဋိညာဉ်အကြောင်း ဒုတိယအကြိမ် ကြီးမားစွာ ဖွင့်ပြချက်ကို အာဒံ အပြစ်ထဲကျဆုံးပြီးတွင် ထပ်ပေးပါသည်။ ၎င်းကို "ကတိတော်နှင့်ဆိုင်သောပဋိညာဉ်" (covenant of promise)ဟုခေါ်နိုင်ပါမည်။ ထိုပဋိညာဉ်က ဘုရားသခင်သည် သစ္စာရှိသူ၊ ပဋိညာဉ်ကို စောင့်ထိန်းသူ၊ ပဋိညာဉ်ကို မိမိလူတို့ထံ အစိုးရတော်မူသောတန်ခိုး၊ ကယ်လွှတ်ပေးသော ကျေးဇူးတော်တို့နှင့် ဆက်၍တည်ရှိစေသူဟု ဖော်ပြပါသည် (ကမ္ဘာ ၃၊ အထူးသဖြင့် အငယ် ၁၅)။ ထိုပဋိညာဉ်တွင် ခရစ်တော်ကို ကတိပေးထားသောမျိုးစေ့ (အမျိုးအနွယ် = promised Seed)အနေနှင့်၎င်း၊ ကြီးသောယဇ်ကို ပူဇော်မည့်သူအနေနှင့်၎င်း ဖွင့်ပြပါသည် (ငယ် ၁၅၊ ၂၂)။

တတိယအရေးကြီးသောပဋိညာဉ်ဖွင့်ပြချက်ကို နောဧထံပေးခဲ့ပါသည်။ ထိုပဋိညာဉ်ကို "ဖန်ဆင်းခြင်းပဋိညာဉ်" (covenant of creation)ဟု အကောင်းဆုံးမှတ်သားကြပါသည်။ ၎င်းအားဖြင့် ဘုရားသခင်က သူ၏ပဋိညာဉ်သည် စကြာဝဠာတလောကလုံးနှင့် သက်ဆိုင်သည်ဟု ပြောပြပါသည်၊ လူအားလုံးသာပါသည်မဟုတ်၊ ဖန်ဆင်းခြင်းအားလုံးလဲ ပါဝင်ပါသည် (ကမ္ဘာ ၉း၁-၁၇)။ ၎င်းပဋိညာဉ်တွင် ခရစ်တော်ကို ဖန်ဆင်းခြင်းတခုလုံး၏ ရင်ကြားစေ့ပေးသူနှင့် အရှင်သခင်အဖြစ် ဖော်ပြပါသည် (ကမ္ဘာ ၉း ၁၅၊ ၁၆၊ ကော ၁း၂၀)။

စတုတ္ထပဋိညာဉ်ဖွင့်ပြချက်ကို အာဗြဟံ့ထံ ပေးခဲ့ပါသည်။ ထိုပဋိညာဉ်ကို "မိသားစုပဋိညာဉ်"(covenant of Family)ဟုခေါ်လျှင် အလွန်သင့်တော်ပါမည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းက ဘုရားသခင်၏ပဋိညာဉ်သည် အလွန်မိသားစုဆန်သောပဋိညာဉ်ဖြစ်သည်ဟု ယခင်ဖွင့်ပြချက်များထက် ပို၍ရှင်းလင်းစွာဖွင့်ပြနေ၍ဖြစ်ပါသည် (ကမ္ဘာ ၁၅၊ ၁၇)။ ခမည်းတော်ဘုရားသခင်သည် အာဗြဟံ့ထံ သားတော်အားဖြင့် သူသည် ယုံကြည်သူမိဘတို့နှင့် သူတို့သားသမီးများ၏ ဘုရားသခင်ဖြစ်တော်မူသည်ဟု ဖွင့်ပြပါသည်။

ပဉ္စမပဋိညာဉ်ဖွင့်ပြချက်ကို အစ္စရေးတို့ထံ ပေးခဲ့ပါသည်။ ထိုဖွင့်ပြချက်၏အဓိကအကြောင်းမှာ ပညတ်တော်များအား ပေးခြင်းဖြစ်သဖြင့် ထိုပဋိညာဉ်ကို "ပညတ်တော်ပဋိညာဉ်"(covenant of law)ဟု ခေါ်သင့်လှပါသည်။ ၎င်းတွင် ဘုရားသခင်က ပညတ်တော်နှင့်ပဋိညာဉ်သည် တခုနှင့်တခု ဆန့်ကျင်ဖက်မဟုတ်၊ အတူတကွ ဖြစ်ကြသည်ဟု ဖော်ပြပါသည် (ထွက် ၁၉၊ ၂၀၊ ဂလာ ၃၊ ၄)။ ဘုရားသခင်က ထိုပဋိညာဉ်အားဖြင့် ပညတ်တော်များသည် ပဋိညာဉ်လူများ ဖြစ်ကြသည့် ကျွန်တော်တို့အသက်တာများ၏ အဓိပ္ပါယ်ကိုဖွင့်ပြကာ၊ နယ်နိမိတ်သတ်မှတ်ပေးသည်ဟု အစ္စရေးတို့ကို ပြောပြပါသည်။

ဆဋ္ဌမမြောက်၊ ဓမ္မဟောင်းကာလ၏ နောက်ဆုံးသောပဋိညာဉ်ဖွင့်ပြချက်ကို ဒါဝိတ်ထံပေးခဲ့ပါသည်။ ၎င်းကို "နိုင်ငံတော်ပဋိညာဉ်"(covenant of the kingdom)ဟု အကောင်းဆုံးမှတ်သားနိုင်ပါမည်။ ၎င်းအားဖြင့် ဘုရားသခင်က သူ

ပဋိညာဉ်၏ စနစ်တကျရှိမှု(orderly structure)ကို အထူးသဖြင့် ဖော်ပြပါသည် (၂ရာ ၇၊ ဆာ ၈၉)။ ထို့အပြင် ခရစ်တော်၏ထူးခြားသောနေရာမှာ ပဋိညာဉ် ၏ အစိုးရတော်မူသောဦးခေါင်း၊ အရှင်သခင်ဟူ၍ဖော်ပြပါသည်။

ဓမ္မသစ်ကာလကို ကျမ်းစာက "ပဋိညာဉ်သစ်"(the new covenant)ဟုခေါ်ပါသည်။ လုံးလုံးလျားလျား အသစ်ဖြစ်၍ မဟုတ်ပါ၊ သို့သော် ပဋိညာဉ်အကြောင်းကို အသစ်ဖွင့်ပြချက်ဖြင့် ဖွင့်ပြနေ၍ဖြစ်ပါသည်။ ယခင်ကကဲ့သို့ နိမိတ်ပုံများ၊ ပုံဆောင်ချက်များဖြင့် မဟုတ်တော့ပါ၊ ၎င်းတို့က ညွှန်ပြနေခဲ့ကြသော တကယ့်အရှိတရားများဖြင့် ဖြစ်ပါသည်(ဟေဗြဲ ၈)။ ဤနေရာတွင်၊ နောက်ဆုံး၌၊ ခရစ်တော်သည် သူ၏ကောင်းချီးမင်္ဂလာများနှင့်အတူ လာခဲ့ကာ၊ နိမိတ်ပုံများ၊ ပုံဆောင်ချက်များအားလုံးကို ပြည့်စုံစေပါသည်။

ယခုအခါတွင် ကျွန်တော်တို့သည် ထိုပဋိညာဉ်၏ နောက်ဆုံးနိဂုံးချုပ်ပြည့်စုံလာမည့်အချိန်(consummationof the covenant)ကို စောင့်နေကြပါသည်။ ထိုအချိန်တွင် ပဋိညာဉ်သည် မိမိ၏ပြည့်စုံခြင်းအလုံးစုံကို ဖြစ်လာစေပါမည်။ ထိုအခါ၊ ဘုရားသခင်၏တဲတော်သည် လူတို့ကြားထဲ ရောက်လာပါမည်။ သူသည် သူတို့နှင့်အတူ နေတော်မူပါမည်၊ သူတို့ဘုရားအဖြစ် ရှိနေတော့မည်ဖြစ်သည်၊ သူတို့သည်လည်း သူ့လူများဖြစ်ကြမည်ဖြစ်သည် (ဗျာ ၂၁း၃)။

## ကယ်တင်ခြင်း၏အစီအစဉ်(The Order of Salvation)

သီဩလောဂျီ၌ "ကယ်တင်ခြင်း၏အစီအစဉ်"ဟု ပြောကြသည့်အခါ၊ ဘုရားသခင်က သူ၏လူများကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပေးတော်မူသော ကယ်တင်ခြင်း၏ ခြားနားသောအစိတ်အပိုင်းများအကြောင်းကို ပြောနေကြခြင်းဖြစ်ပါသည်။နောက် တမျိုးနှင့်ပြောရမည်ဆိုလျှင်၊ ကျွန်တော်တို့ထဲ၌ ဘုရားသခင့်ဝိညာဉ်တော်၏ လုပ်ပေးခြင်းကို ဖော်ပြခြင်းဖြစ်သည်။

ထိုသို့စနစ်ကျစွာဖော်ပြခြင်းနှင့် အကိုက်ညီဆုံးကျမ်းပိုဒ်ကို ရောမသြဝါဒစာ ၈း၂၈ တွင်တွေ့ရပါသည်။ သို့သော် ၎င်းသည်ပင် သီဩလော်ဂျီအရ အင်မတန်တိကျစွာဖော်ပြသောအစီအစဉ်နှင့် အကိုက်ကြီးတော့ မဟုတ်သေးပါ။ ဥပမာ၊ ရောမသြဝါဒစာက ကြိုတင်ခွဲခန့်မှတ်သားခြင်းကို ပြောပါသည်၊ ၎င်းသည် ကျွန်တော်တို့အထဲတွင် လုပ်သော ဘုရားသခင်၏အလုပ်မဟုတ်ပါ၊ သို့သော် ဘုရားသခင်က ကျွန်တော်တို့အတွက် ကမ္ဘာမတည်ခင်က လုပ်ပေးသောအရာသာဖြစ်ပါသည်။

ထုံးစံအားဖြင့် ကယ်တင်ခြင်း၏အစီအစဉ်ကို ဝဲစ်မင်စတာ မေးခွန်းရှည်များဖြင့်သင်ပေးခြင်း ဝန်ခံချက်အတိုင်း ဖော်ပြလေ့ ရှိကြပါသည်။ ၎င်းတို့မှာ ခရစ်တော်နှင့်ညီညွတ်ခြင်း၊ အကျိုးအာနိသင်ရှိသောခေါ်ခြင်း၊ ဖြောင့်မတ်စေခြင်း၊ မွေးစားခြင်း၊ သန့်ရှင်းစေခြင်း၊ ဘုန်းတော်ဝင်စားစေခြင်း စသည်တို့ဖြစ်ကြပါသည်။ အချို့က ခြားနားသောအစီအစဉ်ကို တင်ပြရန် ကြိုးစားတတ်ကြပါသေးသည်။ ဥပမာ၊ ပြန်လည်မွေးဖွားခြင်း(regeneration)နှင့် ယုံကြည်ခြင်းတို့ကို ထည့်သွင်းကြသည်။ မည်သို့ပင်ဖြစ်စေ၊ ထိုသို့ စီစဉ်တကျတင်ပြရခြင်းသည်၊ ကျွန်တော်တို့ရရှိသော ကယ်တင်ခြင်း၏ ခြားနားသောအစိတ်အပိုင်းများ ဆက်စပ်ဆက်နွယ်နေကြခြင်းကို နားလည်ရန် ကြိုးစားကြခြင်းများသာ ဖြစ်ကြပါသည်။ ၎င်းတို့အားလုံးကို ကျမ်းစာထဲတွင် ဖော်ပြထားကြပါသည်။

ထိုကဲ့သို့ စီစဉ်တကျဖော်ပြခြင်းကို ပြောကြသည့်အခါ၊ ကြိုတင်နားလည်ထားရမည့်အချက်များရှိပါသည်။

၎င်းစီစဉ်တကျဖော်ပြထားခြင်းများသည် ကျမ်းစာ၏အမြင်(concepts)များကို နားလည်ရန်ကြိုးစားခြင်းသာ ဖြစ်သည်၊ စက်ကရိယာလှုပ်ရှားသလိုမျိုးဖြင့် ဘယ်တော့မှမယူဆရ၊ ဖော်ပြထားသော အစီအစဉ်တွင်ပါဝင်သည့် ပထမဆုံးအရာကို စရသည်၊ နောက်မှ နောက်တခု၊ ထို့နောက် နောက်တခု ထိုသို့ရသည်ဟု မယူဆပါနှင့်။ တကယ်လက်တွေ့ဘဝတွင် ထိုအစီအစဉ်၌ ပါဝင်သည်များကို တကြိမ်တခါတည်းတွင် လက်ခံရရှိကြခြင်းဖြစ်သည်။ ထို့အပြင် တချို့သောအရာများသည် တခါတည်းဖြစ်သွားသော အရာများ မဟုတ်ကြပြန်ပါ။ ဥပမာ၊ သန့်ရှင်းစေခြင်းသည် လူတဦး ကယ်တင်ခြင်းရချိန်တွင် စတင်ဖြစ်ပွားသည်၊ သို့သော် တခါတည်း မဟုတ်၊ ဆက်၍ဆက်၍ ဖြစ်ပွားနေသည်မှာ ထိုသူ သေဆုံးချိန်ထိ ဖြစ်ပါသည်။ ထို့ကြောင့် ကယ်တင်ခြင်း၏အစိတ်အပိုင်းများအားလုံးသည် တချိန်တည်း တခါတည်း ဖြစ်ပွားကြသည် မဟုတ်ပါ။ ဘဝတလျှောက်လုံး ဖြစ်ပွားနေကြခြင်းသာဖြစ်ပါသည်။ ကျွန်တော်တို့ ခရစ်တော်နှင့်အတူကောင်းကင်ဘုံရောက်ချိန်မှသာ ပြီးပြည့်စုံလာမည်ဖြစ်ပါသည်။ ထိုအမှန်တရားများကို အချို့သောသူများက ငြင်းပယ်ကြပါသည်။ ၎င်းတို့ကို ပါဖက်ရှင်းဝါဒီများ(perfectionism = ပြီးပြည့်စုံခြင်းဝါဒ)ဟု ခေါ်ပါသည်။ ၎င်းတို့က ကယ်တင်ခြင်း၏ အစိတ်အပိုင်းများအားလုံးသည် တကြိမ်တည်းသာဖြစ်ရမည်ဟု ယူဆကြခြင်းဖြစ်သည်။

ရီဖေါမ်ယုံကြည်ချက်ကပြောသော ကယ်တင်ခြင်းအစီအစဉ်တွင် အထူးပြုရမည့်အချက်များ၊ ပြောင်း၍မရနိုင်သည့်အချက်များ ရှိနေပါသည်။ ဥပမာ - ပြန်လည်မွေးဖွားခြင်း(regeneration)နှင့် အာနိသင်ရှိသောခေါ်ခြင်း (effectual

calling)သည် ယုံကြည်ခြင်းမတိုင်ခင် ရောက်လာကြပါသည်။ ထို့အပြင် ပရိုတက်စတင့်တို့၏ ကြီးမြတ်သောအမှန်တရား ဖြစ်သည့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဆိုသည်ကို ဆက်၍ထိန်းသိမ်းရန် ယုံကြည်ခြင်းသည် ဖြောင့်မတ်ခြင်း မတိုင်ခင် ရရှိပါသည်ဟု ပြောရပါမည်။ နောက်ဆုံးအနေနှင့် သန့်ရှင်းစေခြင်း မတိုင်ခင် ဖြောင့်မတ်စေခြင်းသည် အရင် ရောက်ပါသည်။

ထို့ကြောင့် မည်သို့သော ကယ်တင်ခြင်းအစီအစဉ်ကို တင်ပြသည်ဖြစ်စေ၊ အားလုံးက သင်ကိုသင်ပေးရမည့် အချက်မှာ ကယ်တင်ခြင်းသည် လုံးလုံးလျှားလျှား ဘုရားသခင်ကလုပ်ပေးသောအရာသာဖြစ်သည်၊ ဘုရားသခင်က သန့်ရှင်းသောဝိညာဉ်တော်၏ အစိုးရတော်မူသောလုပ်ကိုင်ခြင်းအားဖြင့် ကယ်တင်ခြင်းကို ကျွန်တော်တို့ထံ ရောက်စေသည် ဆိုသည့်အချက်ကို သင်ပေးရမည် ဖြစ်ပါသည်။ အားလုံးသည် ကျေးဇူးတော်သက်သက်ကြောင့် ဖြစ်သည်၊ ထို့ကြောင့် ဘုရားသခင်ထံမှသာလာပါသည် (ယောန ၂း၉)။

**ခုခံတားဆီး၍မရသောကျေးဇူးတော်အကြောင်း**(Irresistible Grace)

ကယ်တင်ခြင်း၏အစီအစဉ်ကို လေ့လာကြသော်အခါ၊ ကျေးဇူးတော်သည် အစီအစဉ်တခုလုံးတွင် ရွှေချည်မျှင် တခုလို ရက်ဖေါက်သီထားသည်ကို တွေ့ရပါသည်။ ထိုအစီအစဉ်၏ခြေလှမ်းတခုစီတိုင်းကို ထုတ်လုပ်ပေးသော၊ အာမခံ ချက်ရှိစေသော ကျေးဇူးတော်သည် ခုခံတားဆီး၍မရသော ကျေးဇူးတော်ဖြစ်ပါသည်။

ထိုအချက်ကို အထူးပြုရပါမည်။ ကယ်တင်ခြင်း၏အစပိုင်းသည် ကျေးဇူးတော်အားဖြင့်ဖြစ်သည်၊ သို့သော် ကယ်တင်ခြင်း၏နောက်ပိုင်းသည် လုပ်ဆောင်ခြင်းများဖြစ်သည်ဟု မတွေးမိရန်အရေးကြီးပါသည်။ ပြန်မွေးဖွားစေခြင်းသည် ဘုရားသခင်၏အလုပ် မဟုတ်ပါ၊ သန့်ရှင်းခြင်း၌တည်နေခြင်းသည် ကျွန်တော်တို့၏လုပ်ဆောင်ချက်ကြောင့် ဖြစ်ပါသည် ဆိုသည်မျိုး မတွေးမိဖို့အရေးကြီးပါသည်။

ထို့အပြင် ကယ်တင်ခြင်းအစီအစဉ်၏အစပိုင်းသည် ကျေးဇူးတော်သက်သက်ဖြစ်သည်၊ သို့သော် နောက်ပိုင်းမှာမူ ကျေးဇူးတော်နှင့်လုပ်ဆောင်ခြင်းတို့ အတူတကွ အကောင်အထည်ဖေါ်ခြင်းဖြစ်သည်ဟုလည်း မတွေးမိဖို့အရေးကြီးပါသည်။ ကျွန်တော်တို့သည် ယုံကြည်ခြင်း၊ ပြောင်းလဲခြင်း၊ သန့်ရှင်းခြင်းတို့၌ ရှင်သန်လှုပ်ရှားလာကြသည် မှန်သော်လည်း၊ ၄င်းတို့သည် ကျွန်တော်တို့အပေါ် မူမတည်ကြပါ၊ (သို့) ဘုရားသခင့်ရှေ့၌ထိုက်တန်ခြင်းတခုကိုမျှ မယူဆောင်ပေးနိုင်ကြပါ။ ၄င်းတို့သည်လည်း ဘုရားသခင်ထံမှ သာလာကြခြင်းဖြစ်သလို၊ ကျေးဇူးတော်အားဖြင့်သာ ရရှိကြခြင်းဖြစ်ပါသည် (ရောမ ၉း၁၆)။ ဘုရားသခင်ကျေနပ်သောအရာကို လုပ်ကိုင်ချင်လာရန်၊ လုပ်ကိုင်ရန် ကျွန်တော်တို့ စိတ်ထဲတွင် ပြုလုပ်ပေးသူမှာ ဘုရားသခင်ဖြစ်သည် (ဖိလိ ၂း၁၃)။

ထို့အပြင် ကယ်တင်ခြင်းအစီအစဉ်၏အချို့သောအစိတ်အပိုင်းတို့ကို လုပ်ပေးသောကျေးဇူးတော်ကိုသာ ခုခံ၍မရဖြစ်သည်ဟု မတွေးကြဖို့လိုပါသည်။ ပြောင်းလဲလာခြင်းနှင့်သန့်ရှင်းခြင်းတို့တွင် ကျွန်တော်တို့ကလုပ်ကိုင်ဆောင်ရွက်ကြသည်ဟု ပြောနေကြသော်လည်း၊ ထိုသို့ပြောင်းလဲစေသော၊ သန့်ရှင်ခြင်း၌အသက်ရှင်စေသော ဝိညာဉ်တော်၏ အလုပ်နှင့်ကျေးဇူးတော်ကိုတော့ ခုခံတားဆီး၍ရပါသည်ဟု မထင်မိဖို့ အရေးကြီးပါသည်။ ကယ်တင်ခြင်းအစအဆုံးသည် ခုခံတားဆီး၍မရသော ကျေးဇူးတော်အားဖြင့်သာ ရောက်လာပါသည်။

ကျေးဇူးတော်၏သဘောသဘာဝကိုယ်၌က ခုခံတားဆီး၍မရသောအရာဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်၏ ကျေးဇူးတော်ဖြစ်သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်သည် အနန္တတန်ခိုးတော်ရှင်ဖြစ်ရာ သူ၏ကျေးဇူးတော်သည်လည်း အနန္တတန်ခိုးရှိပါသည်။ စောင့်မတော်မူခြင်းအလုပ်တွင်သာမက၊ ကယ်တင်ခြင်းတွင်လည်း “လက်တော်ကို အဘယ်သူမျှ မဆီးတားနိုင်။ အဘယ် သို့ပြုသနည်းဟု ကိုယ်တော်ကို ဆိုနိုင်သောသူမရှိ” (ဒံ ၄း၃၅)။

ယနေ့ချိန်တွင် လူအများက ဤအရေးကြီးလှသောအမှန်တရားကို မရှိသလိုလုပ်နေကြသည်၊ ဘေးဖယ်ထားကြပါသည်။ အချို့က လူတိုင်းအတွက် ကျေးဇူးတော်တမျိုးကို ဘုရားသခင်က ထားသည်၊ ၄င်းကျေးဇူးတော်ကို တားဆီးခုခံ၍ရသည်ဟု သင်နေကြသည်၊ ၄င်းကို(common grace)ဟုခေါ်ပါသည်။ အချို့ကတော့ ဘုရားသခင်သည် ဧဝံဂေလိတရားဟောသည့်အခါ၊ ကြားသူတိုင်းကို ကျေးဇူးတော်အပြည့်နှင့်ကယ်တင်ခြင်းအား ကမ်းလှမ်းနေပါသည်၊ သို့သော် အများစုကြီးက ၄င်းကို ငြင်းပယ်ကြသည်၊ ခုခံတားဆီး ကြသည်ဟု မှားယွင်းစွာသင်နေကြသည်၊ ထိုသို့သင်ခြင်းကို (well-meant offer)ဟုခေါ်ပါသည်။ တန်ဖိုးကြီးလှသည့် ခုခံတားဆီး၍မရသော ကျေးဇူးတော်သြဝါဒကို ခုခံကာကွယ်သည့်အနေနှင့် ထိုအမှားများကို လုံးဝမသင်ဘဲနေကြပါမည်။

ခုခံတားဆီး၍မရသောကျေးဇူးတော်သြဝါဒက လူတဦးကို ဘုရားသခင်က ကာယကံရှင်ငြင်းဆန် တွန်းထိုးနေသည့်ကြားမှ ထိုသူ့ကို သူ၏အလိုဆန္ဒနှင့်ဆန့်ကျင်ကာ မရမက ကောင်းကင်သို့ရောက်အောင်ခေါ်ဆောင်သည်ဟု မသင်

ပါ။ ခုခံတားဆီး၍မရသောကျေးဇူးတော်အားဖြင့် ဘုရားသခင်သည် ကျွန်တော်တို့၏နှလုံးသားနှင့်စိတ်ကို ပြောင်းသွားစေပါသည်၊ ထိုသို့ဖြင့် ကျွန်တော်တို့သည် သူ့ကို ချစ်လာပါသည်၊ ရှာဖွေပါသည်၊ နာခံပါသည်၊ အဆုံးအထိ ထိုအဖြစ်တွင် ဆက်လက်တည်ရှိနေရန် စောင့်ရှောက် ခြင်းခံရပါသည်။ ဤခုခံတားဆီး၍မရသော ကျေးဇူးတော်ကသာ ကျွန်တော်တို့၏ အပြစ်ထဲ လုံးလုံးလျှားလျှား ပျက်ဆီးနေခြင်းသဘာဝကို အောင်မြင်ကျော်လွှားနိုင်ပါသည်။ ထိုသို့သောကျေးဇူးတော်ကသာ ကျွန်တော်တို့ကို "ထိုအမွေတော်သည်ကား၊ နောက်ဆုံးသောကာလ၌ ထင်ရှားစေခြင်းငှါ ပြင်ဆင်သော ကယ်တင်ခြင်းသို့ ရောက်စေမည်အကြောင်း၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် စောင့်ရှောက်တော်မူသောသင်တို့အဘို့ ကောင်းကင်ဘုံ၌ သိုထားလျက်ရှိသော အမွေတည်း။-"ဟု အာမခံချက်ပေးနိုင်ပါသည်(၁ပေ၁း၄၅)။ ထို့ကြောင့် ခုခံ၍မရသောကျေးဇူးတော်ကသာ ကျွန်တော်တို့ကို ကောင်းသောမျှော်လင့်ခြင်း ပေးနိုင်ပါသည်၊ မည်သည့်အရာကမှ ကျွန်တော်တို့ကို ဘုရားသခင်၏ချစ်ခြင်းမှနေ၍ မကွဲစေနိုင်ပါဟု သိသောနှစ်သိမ့်မှုကို ပေးနိုင်ပါသည်။ ခုခံတားဆီး၍မရသော ကျေးဇူးတော်သည် သေချာမှုကို ပေးသောကျေးဇူးတော်ပင်ဖြစ်ပါသည်။

## ပြန်လည်မွေးဖွားခြင်း(Regeneration)

ကျွန်တော်တို့ တကယ်ရလာသည့် "ကယ်တင်ခြင်း၏အစီအစဉ်ကို" ပြန်လည်မွေးဖွားခြင်းခေါင်းစဉ်ဖြင့် စတင်လေ့လာကြပါမည်။ ပြန်လည်မွေးဖွားခြင်းအားဖြင့် ခရစ်ယာန်အဖြစ် ကျွန်တော်တို့အသက်တာသစ်ကို စတင်ကြပါသည်၊ ၎င်းသည် ကယ်တင် ခြင်း၏အစီအစဉ်တွင် ပထမဆုံးဖြစ်သည်။

ကျေးဇူးတော်၏ဤပထမဆုံးအလုပ်ကို ပြန်လည်မွေးဖွားခြင်း(ယော၃း၃)ဟုဖေါ်ပြလျှက်၊ ကျမ်းစာက ၎င်းပြန်လည်မွေးဖွားခြင်းသည် ဘုရားသခင်က လုပ်ပေးသောအရာသာဖြစ်သည့်အကြောင်း အသေအချာအထူးပြုပြောပြ နေပါသည်။ ဘုရားသခင်က ကျွန်တော်တို့၏ကူညီခြင်းမပါဘဲ လုပ်ဆောင်ပေးတော်မူသည်၊ တကယ်ပြောရလျှင် ကျွန်တော်တို့က သိပင်မသိလိုက်ဘဲ လုပ်ပေးခြင်းဖြစ်ပါသည်။ မွေးဖွားစကလေးငယ်၊ ဤလောကကြီးထဲ မွေးဖွားသောအခါ၊ သူက ဘာမှမလုပ်ရဘဲ မွေးဖွားလာခဲ့သလို၊ ဘုရားသခင်၏နိုင်ငံတော်ထဲ ကျွန်တော်တို့မွေးဖွားခြင်းကိုလည်း ကျွန်တော်တို့ ဘာမှမလုပ်ရဘဲ မွေးဖွားလာခြင်းဖြစ်ပါသည်။

ကျမ်းစာက ထိုကိစ္စကို သွယ်ဝိုက်မနေဘဲ တိုက်ရိုက်ပြောနေပါသည်၊ "ထိုသားတို့မူကား၊ လူမျိုးနှင့်စပ်ဆိုင်၍ ဘွားသောသားမဟုတ်။ မေထုန်သံဝါသအားဖြင့်ဘွားသော သားမဟုတ်။ လူအလိုအလျောက် ဘွားသောသားမဟုတ်။ ဘုရားသခင်ဘွားတော်မူသော သားဖြစ်သတည်း" (ယော ၁း၁၃)။ လူ့အသွေးအသားကြောင့် မွေးလာကြခြင်းမဟုတ်၊ လူ့အလိုဆန္ဒဖြင့် မွေးလာကြခြင်း မဟုတ်။ လူသားဖက်မှ လုံးဝမပါဘဲ ဘုရားသခင်လုပ်ပေးသောအရာဖြစ်ပါသည်။

ထိုပြန်လည်မွေးဖွားခြင်းဆိုသည့် ကျေးဇူးတော်၏ ပထမဆုံးလုပ်ဆောင်ပေးမှုမပါလျှင်၊ မည်သူမျှ ဘုရားသခင်၏နိုင်ငံတော်ကို မြင်ပင်မြင်ရမည်မဟုတ်ပါ (ယော ၃း၃)။ သခင်ယေရှုက "မြင်ရလိမ့်မည်မဟုတ်"ဟု ပြောမထားပါ၊ "မြင်နိုင်မည်မဟုတ်"ဟု ပြောထားပါသည်။ ထို့ကြောင့် ပြန်လည်မွေးဖွားခြင်းကို မရသေးသောအပြစ်သားတယောက်အတွက် ဘုရားသခင်၏နိုင်ငံတော်နှင့်ပတ်သက်၍ ဘာကိုဘာမျှမသိပါ။ ဘာနှင့်တူသနည်းဆိုသော်၊ ရေထဲမှငါး၊ ကုန်းပေါ်တက်နေခြင်းနှင့် တူနေပါမည်။

ကျမ်းစာက ထိုကျေးဇူးတော်၏ပထမဆုံးလုပ်ဆောင်ပေးမှုကို ပြန်လည်မွေးဖွားခြင်းဟုပြောသလို၊ နှလုံးသားသစ်ကိုပေးခြင်းဟုလည်း ဖေါ်ပြပါသည်(ယေဇ ၃၆း၂၅)။ ထို့အပြင် "နှလုံးသားအရေဖျားလှီးခြင်း"ဟုလည်း ဖေါ်ပြပါသည် (ကော ၂း၁၁-၁၃)။ အပြစ်များကိုဆေးကျောပေးခြင်း"ဗတ္တိဇံ"ဟုလည်းခေါ်ပါသည် (တိတု ၃း၅)။ "ဝိညာဉ်ရေးအရ ပြန်လည်ထမြောက်ခြင်း" ပြန်၍အသက်ရှင်စေခြင်း၊ (သို့) ဝိညာဉ်ရေးအရ သေနေရာမှ ပြန်ထမြောက်စေခြင်း ဟုလည်းခေါ်ပါသည် (ဧဖက် ၂း၁)။ ခရစ်တော်၌အသစ်ပြန်လည် ဖန်ဆင်းခြင်း (ဧဖက် ၂း၁၀)၊ အမှောင်နိုင်ငံမှ ဘုရားသခင်၏ ချစ်လှစွာသောသားတော်၏နိုင်ငံသို့ ပြောင်းလဲခြင်းဟုလည်းခေါ်ပါသည် (ကော ၁း၁၃)။

ထိုဖေါ်ပြချက်များအားလုံးက ပြန်လည်မွေးဖွားခြင်းသည် အနန္တတန်ခိုးတော်ရှင်၏ အစိုးရတော်မူသော အလုပ်၊ အံ့သြစရာကောင်းသောအလုပ်ဟု ပြောပြနေကြပါသည်။ ၎င်းကို ကျမ်းစာက ခရစ်တော်၏အသက်ကို ပျောက်ဆုံးနေသော အပြစ်သားထံသို့ ပေးအပ်ခြင်းဟု အလှပဆုံးပြောပြပါသည် (ဂလာ ၂း၂၀၊ ကော ၁း၂၇)။ ပြန်လည်မွေးဖွားခြင်းတွင် ကျွန်တော်တို့ထံပေးတော်မူသော အသက်သည် သခင်ခရစ်တော်ကိုယ်တိုင်၏ ပြန်လည်ထမြောက်သော၊ အသစ်သောအသက်ဖြစ်ပါသည်။ နောက်တခါ ပြန်မသေနိုင်တော့သောအသက်ဖြစ်သည် (ယော ၁၁း၂၅-၂၆)။

၎င်းသည် အသက်သစ်ဖြစ်သည်။ ထိုအသက်သစ်ကိုရသူသည်၊ မရခင်ကကဲ့သို့ အသက်မရှင်နိုင်တော့ပါ၊ ထိုစဉ်ကကဲ့သို့ ပြုမူပြောဆိုနေထိုင်ခြင်းကို ဘယ်လိုမှ မပြုနိုင်တော့ပါ။ သူသည် ဝိညာဉ်ရေးအရ သေနေသူမဟုတ်တော့ဘဲ၊

အသက်ရှင်နေပြီဖြစ်သည်။ သေနေသူသာ ထိုနေရာတွင် ဆက်နေပါမည်၊ ပို၍ပုတ်ဆွေးလာပါမည်၊ သို့သော် အသက်ရှင်သူသည် အသက်ရှူလျှက်၊ လှုပ်ရှားသွားလာလျှက်၊ စကားပြောဆိုမည်ဖြစ်သည်။ ထို့ကြောင့် ပြန်လည်မွေးဖွားခြင်းကို ရကြပြီးသော ကျွန်တော်တို့သည်၊ အပြစ်နှင့်ဇာတိအသက်တာဟောင်း ဆက်လက်ရှိနေဆဲဖြစ်သော်လည်း၊ မိမိတို့ကိုယ်ကို သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ထံတော်သို့ အသက်ရှင်ကြသူများဖြစ်ကြောင်း သိမှတ်ကြရပါမည်။ သေခြင်းမှ ပြန်ရှင်ကြပြီးသောသူများဖြစ် ဘုရားသခင်၏စကားကိုနာခံအသက် ရှင်ကြပါမည် (ရောမ ၆း၁၁-၁၃)။

## ခေါ်တော်မူခြင်းအကြောင်း(Calling)

အကယ်၍ ပြန်လည်မွေးဖွားခြင်းကို သစ်စေ့တစေ့အားစိုက်ပျိုးခြင်းနှင့်နှိုင်းယှဉ်လျှင်၊ သခင်ယေရှုခရစ်တော်၏ ပြန်လည်ထမြောက်ခြင်းအသက်သစ်၏ မျိုးစေ့ကို ကျွန်တော်တို့နှလုံးသားများထဲ၌စိုက်ပျိုးခြင်းဟု နှိုင်းယှဉ်ပါလျှင်၊ ခေါ်တော်မူခြင်းကို ထိုမျိုးစေ့ပေါ်သို့ ကျရောက်သော မိုးရေ၊ နေရောင်ချည်တို့နှင့် ခိုင်းနှိုင်းနိုင်ပါမည်။ ထိုမိုးရေနှင့် နေရောင်ချည်တို့က မျိုးစေ့ကို ပေါက်ဖွားကြီးပြင်းလာစေ၍ အသီးကိုသီးလာစေပါသည်။

ခေါ်တော်မူခြင်းကို တခါတရံ "အကျိုးအာနိသင်ရှိသောခေါ်ခြင်း"ဟုလည်း ရည်ညွှန်းတတ်ပါသည်။ ဆိုလိုသည်မှာ ခေါ်တော်မူခြင်းသည် ဘုရားသခင်၏ တန်ခိုးကြီးသော လုပ်ဆောင်ပေးမှုဖြစ်သဖြင့်၊ ဘုရားသခင်ဆန္ဒရှိသောရလဒ်ကို အမှန်ထွက်ပေါ်လာစေသည်၊ ၎င်းရလဒ်မှာ ကယ်တင်ခံရခြင်းပင်ဖြစ်သည်။ အကျိုးအာနိသင်ရှိသော ခေါ်ခြင်းသည် တကယ်တမ်းတွင် "ခုခံတားဆီး၍မရသောကျေးဇူးတော်"၏ အစိတ်အပိုင်းတခုဖြစ်ပါသည်။

ခေါ်တော်မူခြင်းကို ကယ်တင်ခြင်း၏အစီအစဉ်တွင် ထည့်သွင်း၍ပြောဆိုကြသည့်အခါ၊ ဧဝံဂေလိတရားဟောခြင်းကို ပြောနေသည်မဟုတ်ပါ။ ထိုဟောပြောခြင်းဖြင့် ခေါ်တော်မူခြင်းသည် ရောက်ရှိလာပါသည်၊ ထို့အပြင် ထိုတရားဟောခြင်းကို ကယ်တင်သောတန်ခိုးမပါဘဲ လူအများစုကြီးက ကြားနေကြပါသည်။ မဿဲ ၂၂း၁၄ တွင် ခေါ်တော်မူခြင်းကို သခင်ယေရှုက ထိုအဓိပ္ပါယ်ဖြင့် ပြောခဲ့ခြင်းဖြစ်သည်၊ "ထိုသို့ခေါ်တော်မူသောသူအများရှိသော်လည်း၊ ရွေးကောက်တော်မူသောသူနည်းသည်။" ကျွန်တော်တို့ပြောနေသော ခေါ်တော်မူခြင်းသည် ဝိညာဉ်တော်မှ ဘုရားသခင် ရွေးကောက်ထားသောသူတို့၏ နှလုံးသားများထဲ လုပ်ဆောင်ပေးသောအလုပ်ကို ပြောနေကြခြင်းဖြစ်ပါသည်။ ထိုလုပ်ဆောင်ပေးမှုအားဖြင့် ဧဝံဂေလိဟောခြင်းက သူတို့ကို ကယ်တင်ခံရခြင်းထဲသို့ ခေါ်ဆောင်သွားသည်၊ ထို့နောက် ကယ်တင်ခံရခြင်း အခြေအနေတွင် သူတို့ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပေးပါသည်။

ထိုအချက်ကို အလေးအနက်ထားရန် လိုအပ်ပါသည်။ အကျိုးအာနိသင်ရှိသောခေါ်ခြင်းက ကျွန်တော်တို့ထံ ကယ်တင်ခြင်းကို စတင်စေယုံသာမကပါ၊ ကျွန်တော်တို့ကယ်တင်ခြင်း၏အလုံးစုံကို ရောက်လာစေခြင်းဖြစ်ပါသည်။ ခေါ်တော်မူခြင်းက ကျွန်တော်တို့ကို တန်ခိုးစွမ်းအားရှိစွာနှင့် ခုခံ၍မရနိုင်လောက်အောင် နောင်တရခြင်းသို့ ခေါ်ဆောင်ပါသည် (မဿဲ ၉း၁၃)၊ ယုံကြည်စေသည် (ရောမ ၁၀း၁၇)၊ သန့်ရှင်းစေသည် (၁သက် ၄း၇)၊ ခရစ်တော်နှင့် မိတ်သဟာယဖွဲ့စေသည် (၁ကော ၁း၉)၊ လွတ်လပ်ခြင်းကိုပေးသည် (ဂလာတိ ၅း၁၃)၊ သေချာမှုကိုပေးသည် (ဧဖက် ၄း၄)၊ ထို့နောက် နောက်ဆုံးအနေဖြင့် ခရစ်တော်နှင့်အတူဘုန်းကျက်သရေ ရှိစေသည် (၁ပေ ၅း၁၀၊ ဗျာ ၁၉း ၉)။ ထို့ကြောင့် ခေါ်တော်မူခြင်းသည် ကျွန်တော်တို့ထံ ဘဝတလျှောက်လုံး ရောက်လာနေဖို့လိုပါသည်။ ခေါ်တော်မူခြင်းသည် သန့်ရှင်းခြင်းနှင့်သေချာခြင်းသို့ ခေါ်ခြင်းအနေနှင့်သာမကပါ၊ နောင်တရဖို့၊ ယုံကြည်ဖို့ ခေါ်ခြင်းအနေနှင့်လည်း ရောက်လာနေဖို့ လိုအပ်ပါသည်။ ကျွန်တော်တို့ အပြစ်များကိုပြုနေကြသ၍၊ ယုံကြည်ခြင်း၌ အားနည်းနေကြသ၍၊ နောင်တရဖို့ ယုံကြည်ဖို့ ကျွန်တော်တို့ကို ခေါ်နေမှုဖြစ်ပါမည်။

ဤသို့ ကျွန်တော်တို့ပြောကြသောအခါ၊ လူများစုကြီး၏ခံယူချက်ကို ဆန့်ကျင်ကာ ပြောနေခြင်းဖြစ်ပါသည်။ ယနေ့ခေတ်တွင် လူအများက ခေါ်တော်မူခြင်းသည် ကယ်တင်ခြင်းမရသေးသူများအတွက်သာဖြစ်ပါသည်ဟု ထင်နေကြပါသည်။ ထို့ကြောင့် အချိန်အတော်များများတွင် သင်းအုပ်များက ခေါ်တော်မူခြင်းကို မကျင့်သုံးကြတော့ပါ၊ ပြောကိုမပြောကြတော့ပါ၊ ကယ်တင်ခြင်း ရပြီးကြသူများအတွက် မလိုအပ်ဟု ယူဆကြပါသည်။ တကယ်တမ်းတွင် သူတို့သည်လည်း အခြားသူများကဲ့သို့ ခေါ်တော်မူခြင်းကို ကြီးစွာ လိုအပ်ကြဆဲဖြစ်ပါသည်။

အထူးသဖြင့် ကျွန်တော်တို့က အထူးပြုချင်သည်မှာ ခရစ်တော်ကသာခေါ်နေခြင်းဖြစ်သည်(ယော ၃း၃၊ ၁၆၊ ၂၇)ဆိုသည့် အချက်ကိုဖြစ်သည်။ သူသည် အနန္တတန်ခိုးရှင်ဘုရားသခင်၏အသံတော်နှင့်ခေါ်နေခြင်းဖြစ်သည် (ရောမ ၄း၁၇)။ ဝိညာဉ်တော်၏ လုပ်ဆောင်ပေးမှုနှင့် ထိုခေါ်တော်မူခြင်းသည် အချို့သောသူတို့၏ နှလုံးသားများတွင် သက်ရောက်မှုရှိလာပါသည်၊ ထို့ကြောင့် သူတို့ သည် ခရစ်တော်၏ခေါ်သံကို ကြားလာကြသည်၊ သူ၏အသံကို သိလာကြသည်၊ သိုးထိန်းထံသို့ သိုးများလာကြသလို လာကြပါတော့သည်။ အံ့သြစရာကောင်းလှသည်မဟုတ်ပါလား?

ယော ၁၀း၃ က "သူသည် သူ့သိုးတို့ကို အမည်နှင့်ခေါ်သည်"ဟုပြောပါသည်။ ထို့ကြောင့် ဤခေါ်ခြင်းသည် တိကျမှုမရှိသော သာမန်အကြမ်းဖျင်းခေါ်ဆိုမှုမဟုတ်ပါ၊ အလွန်တိကျသောခေါ်ခြင်းဖြစ်သည်။ ထိုအချက်က ခရစ်တော်သည် သူ့သိုးများကို သိနှင့်ပြီးဖြစ်သည်ဟု အတူးပြုဖော်ပြနေပါသည်။ သူတို့ကို ခမည်းတော်က သူ့ထံ ကမ္ဘာမတည်မရှိမီကထဲက ပေးထားခြင်းဖြစ်သည် (ဧဖက် ၁း၄-၆)။

ခရစ်တော်က သူ့သိုးများကို အမည်ဖြင့်ခေါ်သောအခါ၊ သူတို့၏သဘာဝအမည်များကို(မောင်ဖြူ မောင်နီဟု) ကြားကြခြင်းတော့မဟုတ်ပါ။ သူတို့၏ ဝိညာဉ်ရေးရာအမည်များကို ကြားကြခြင်းဖြစ်ပါသည်။ ထိုနာမည်များကို ကျေးဇူးတော်အားဖြင့်လုပ်ကိုင်ပေးသော ဘုရားသခင်၏ ပထမဆုံးလုပ်ဆောင်ပေးခြင်းမှ စတင်ရရှိကြသည်။ သူတို့၏နှလုံးသားများထဲတွင် လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ထိုနာမည်များမှာ - ရေငတ်သောသူ (ဗျာ ၂၂း၁၇)၊ ဝတ်မွတ်သောသူ (ဟေရှာ ၅၅း၁)၊ ပင်ပန်းဆင်းရဲနေသူများ (မဿဲ ၁၁း၂၈) စသဖြင့်ဖြစ်ပါသည်။

အမှန်ပင်၊ ဤခေါ်ခြင်းသည် အပြစ်သားများကို မိမိတို့အပြစ်နှင့်ကျူးလွန်ခြင်းများကြောင့် ဝတ်မွတ်ခြင်း၊ ရေငတ်ခြင်း၊ ပင်ပန်းဆင်းရခြင်းတို့ကို ဖြစ်စေသည့်ခေါ်ခြင်းပင်ဖြစ်ပါသည်၊ ထို့ကြောင့် နောက်ဆုံးတွင် သူတို့သည် လိုချင်စွာနှင့် လာကြပါတော့သည်။ ထို့ကြောင့် ၎င်းကို အကျိုးအာနိသင်ရှိသောခေါ်ခြင်းဟု ရည်ညွှန်းရခြင်းလည်း ဖြစ်သည်။ ခေါ်တော်မူခြင်းထဲမှ ခရစ်တော်၏စကားသည် ဖန်ဆင်းသောစကားဖြစ်သည်၊ ခေါ်လိုက်သည်များကို တကယ့်ဖြစ်တည်ခြင်းသို့ ဖြစ်လာစေသော စကားဖြစ်ကြပါသည်။

ထိုသို့ဖြစ်သဖြင့် ခရစ်တော်၏ ခေါ်နေခြင်းအသံကို ကြားခြင်း၊ သူက ကျွန်တော်တို့ကို သူ့ထံသို့ခေါ်နေသည်ဟု သိခြင်းတို့သည် မည်မျှကောင်းချီးဖြစ်လိုက်ပါသည်၊ မည်မျှ ဝမ်းမြောက်စရာကောင်းပါသနည်း!

## ခေါ်တော်မူခြင်းနှင့်တရားဟောခြင်းအကြောင်း(Calling and Preaching)

အကျိုးအာနိသင်ရှိသောခေါ်ခြင်းကို တခါတရံ "အတွင်း၌ဖြစ်သောခေါ်ခြင်း"(internal calling)ဟု ရည်ညွှန်းလေ့ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုခေါ်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်က ဘုရားသခင့်လူများ၏ နှလုံးသားများထဲ၌ လုပ်ကိုင်ပေးတော်မူသည့် အစိုးရတော်မူသော၊ ခုခံတားဆီး၍မရသော လုပ်ဆောင်ပေးမှုနှင့် ပတ်သက်သောကြောင့် ဖြစ်သည်။ ၎င်းသည် "အပြင်ဖက်မှခေါ်ခြင်း"(external calling)ဆိုသော နှုတ်ကပတ်တော်ဟောကြားခြင်းနှင့် ခြားနားပါသည်။

ဧဝံဂေလိတရားဟောကြားခြင်းမှ ခရစ်တော်၏ခေါ်တော်မူခြင်းကို ကြားသမျှသောသူတိုင်းက၊ နှလုံးသားထဲသို့ ဝိညာဉ်တော်၏လုပ်ဆောင်ပေးခြင်းအားဖြင့်ခေါ်သော အတွင်း၌ဖြစ်သောခေါ်ခြင်းကို မကြားကြပါဟု ကျမ်းစာက ရှင်းနေအောင် ပြောပြပါသည်။ ထို့ကြောင့် ဧဝံဂေလိတရားဟောကြားခြင်းကို ကြားသမျှတိုင်း ကယ်တင်မခံကြရခြင်း ဖြစ်သည်။

နောက်တမျိုးနှင့်ပြောရလျှင်၊ ဧဝံဂေလိဟောခြင်းကိုကြားရသော လူအချို့သာ ကယ်တင်ခြင်းရသည်၊ အချို့မရကြ၊ ထိုသို့ဖြစ်ခြင်းသည် ကြားသောကာယကံရှင်တို့ကြား ခြားနားမှုကြောင့်မဟုတ်၊ ဘုရားသခင်၏လုပ်ဆောင်ပေးချက်ခြားနားမှုကြောင့်သာ ဖြစ်သည်။ ထို့ကြောင့် မဿဲ ၂၀း၁၆၊ ၂၂း၁၄ တို့က "အများသည်(အပြင်ဖက်မှ) ခေါ်ခြင်း ခံကြရသော်လည်း၊ အနည်းငယ်သာ ရွေးခြင်းခံကြရသည်"ဟု ပြောနေခြင်းဖြစ်ပါသည်။ ထိုသို့ခြားနားရခြင်းသည် ဘုရားသခင်က အချို့တို့ကို ရွေးချယ်၍၊ အချို့တို့ကို မရွေးချယ်သောကြောင့်ဖြစ်သည်။ ထိုရွေးချယ်မှုအရ ဘုရားသခင်သည် အချို့တို့ကို အပြင်ဖက်မှခေါ်ခြင်းနှင့် အတွင်းဖက်မှခေါ်ခြင်းတို့ဖြင့် ခေါ်တော်မူ၍၊ အချို့တို့ကိုမူ ထိုနှစ်မျိုးစလုံးနှင့် ခေါ်ခြင်းမပြုပါ။

ကျမ်းစာက ထိုနှစ်မျိုးစလုံးကို "ခေါ်ခြင်း"ဆိုသောစကားတလုံးထဲနှင့် ဖော်ပြလေ့ရှိသော်လည်း၊ အပြင်ဖက်မှခေါ်ခြင်းမှတဆင့် အတွင်းဖက်မှခေါ်ခြင်း ရောက်လာသည်ဟု မှတ်ထားရပါမည်။ ဧဝံဂေလိဟောခြင်းဖြင့် ထိုအတွင်းဖက်မှခေါ်ခြင်း ရောက်ရှိပါသည်။ ထို့အတွက် နှစ်မျိုးလုံးကို "ခေါ်ခြင်း"ဆိုသောစကားတလုံးထဲနှင့် ဖော်ပြခြင်းဖြစ်သည်။

ထိုအချက်ကို ရောမ ၁၀း၁၇ တွင်တွေ့နိုင်ပါသည်၊ "သို့ဖြစ်၍၊ ယုံကြည်ခြင်းသည် ကြားခြင်းဖြင့် လာပါသည်၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုကြားခြင်းဖြင့် ဖြစ်သည်။" ထိုကျမ်းပိုဒ်က အငယ် ၁၀ မှ ၁၄ ကြားပြောဆိုထားမှုကို အကျဉ်းချုပ်၍ ပြောခြင်းဖြစ်သည်။ ထိုနေရာတွင် ကယ်တင်ခြင်းရဖို့ ယုံကြည်ခြင်း၊ တရားဟောဆရာနှင့် ကြားနာခြင်းတို့ကြား ဖျက်မရသည့်ဆက်နွယ်မှုကို ပြောနေပါသည်။

ထို့အတွက်ကြောင့် အသင်းတော်သည် ကမ္ဘာကြီးအဆုံးတိုင်အောင် ဧဝံဂေလိတရားဟောရခြင်းဖြစ်ပါသည်။ ဧဝံဂေလိဟောခြင်းသည် ဘုရားသခင်က သူရွေးကောက်ထားသူများ ကယ်တင်ခြင်းရလာရန်အသုံးပြုသော နည်းလမ်းဖြစ်ပါသည်။ ဘုရားသခင်သည် ဧဝံဂေလိဟောခြင်းမှ ဝိညာဉ်တော်အားဖြင့် သူတို့စိတ်အထဲတွင် လုပ်ကိုင်တော်မူပါသည်။

ဝိညာဉ်တော်က ဧဝံဂေလိဟောခြင်းဖြင့် လုပ်ကိုင်တော်မူသောကြောင့် ဧဝံဂေလိတရားဟောခြင်းသည် ဝိညာဉ်တော်၏တန်ခိုးစွမ်းအားဖြစ်သည်။ "အဘယ်ကြောင့်ဆိုသော် သတင်းကောင်းသည် ယုံကြည်သူအယောက်တိုင်းကို ကယ်တင်ခြင်းသို့ရောက်စေနိုင်သော ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်၊" (ရောမ ၁း၁၆၊ ၁ကော ၁း၁၈၊ ၂၄)။ ဧဝံဂေလိဟောကြားခြင်း ထိရောက်ဖို့ စကားပြောကောင်းသူဖြစ်ရန် မလိုအပ်ပါ၊ တောင်းပန်ခယနေခြင်းလဲ လုပ်ရန်မလိုပါ၊ (သို့) အခြားသောထွင်လုံးများလည်း မလိုအပ်ပါ။

ခရစ်တော်သည် တရားဟောပြောခြင်းမှနေ၍ စကားပြောသဖြင့်၊ ဝိညာဉ်တော်က တရားဟောပြောခြင်းမှနေ၍ လုပ်စရာရှိသည်ကို လုပ်နေသဖြင့်၊ ဧဝံဂေလိဟောပြောခြင်းသည် အမြဲတမ်းတန်ခိုးစွမ်းအားရှိနေပါသည်။ အမြဲတမ်းတော့ ကယ်တင်ခြင်း ရောက်ဖို့မဟုတ်ပါ၊ အချို့တို့သည် ကယ်တင်ခြင်းရဖို့ (သို့သော်) အချို့တို့သည် ပို၍ ခေါင်းမာလာဖို့ ဖြစ်ပါသည် (၂ကော ၂း၁၄-၁၇)။ မည်သူမှ ကြားနေဖြစ်၍ မရပါ။

ထိုသို့ဖြင့် ဧဝံဂေလိဟောခြင်းမှနေ၍ ဘုရားသခင်၏ရည်ရွယ်ချက် အကောင်အထည်ပေါ်ပါသည်၊ ခရစ်တော်၏ ထိုက်တန်ခြင်းများ အကျိုးအာနိသင် ပေါ်ထွက်လာပါသည်။ ရွေးကောက်ခံရသူ တဦးမှ မပျောက်ပါ၊ ခရစ်တော်သွန်းလောင်းသော အဖိုးထိုက် အသွေးတော်လဲ တစက်မှ အလဟာသ ဖြစ်မသွားပါ။ ကယ်တင်ခြင်းမခံရသူများကြောင့်လည်း ဧဝံဂေလိဟောခြင်းသည် ဘယ်တော့မှ အချည်းအနှီးမဖြစ်ပါ။ ထို့ကြောင့် ဧဝံဂေလိတရားဟောခြင်းကို ကြားရခြင်းသည် အတော့်ကိုလေးနက်သောကိစ္စဖြစ်ပါသည်။ ကယ်တင်ခြင်းရကြပြီးသူ ကျွန်တော်တို့အတွက်လည်း အတော့်ကို အရေးကြီးပါသည်၊ "ထို့ကြောင့် ငါတို့သည် ကြားခဲ့ရပြီးသောအကြောင်းအရာကို ပို၍အလေးအနက်ထား၍ ဂရုစိုက်ရမည်၊ ထိုသို့မဟုတ်ပါက ၎င်းတို့သည် ငါတို့ထံမှ လျှောထွက်သွားမည်ဖြစ်သည်" (ဟေဗြဲ ၂း၁-၃)။ ဧဝံဂေလိဟောခြင်းသည် အမြဲတမ်း အသက်ကိုပေးနိုင်သော အသက်၏အမွှေးရနံ့ (သို့) သေခြင်းသို့ ရောက်စေသော သေခြင်း၏မွှေးရနံ့ ဖြစ်နေပါမည်။

## ခေါ်ခြင်းဖြစ်သည် ကမ်းလှမ်းခြင်းမဟုတ်(Calling, Not Offer)

ယနေ့ချိန်တွင် လူအများက ဧဝံဂေလိဟောခြင်းကို ခေါ်ခြင်းမဟုတ်၊ ကမ်းလှမ်းခြင်းသာဖြစ်သည်ဟု ပြောချင်ကြပါသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ဧဝံဂေလိဟောခြင်းကို ကျမ်းစာက ဘယ်တော့မှ ကန်းလှမ်းခြင်းဟု အသုံးမပြုခြင်း ဖြစ်ပါသည်။ ရှေးအင်္ဂလိပ်စကားအရ၊ ကမ်းလှမ်းခြင်းကို ထုတ်ပြခြင်းအဓိပ္ပါယ်နှင့် သုံးခဲ့ကြသည်ကို သတိပြုရပါမည်။

သို့သော် ယနေ့ခေတ်အင်္ဂလိပ်စကားအရ ကမ်းလှမ်းခြင်းဆိုသည်မှာ ဘုရားသခင်က အားလုံးကိုချစ်သည်၊ အားလုံးကို ကယ်တင်ချင်သည် ထို့ကြောင့် ဧဝံဂေလိတရားဟောခြင်းဖြင့် အားလုံးကိုကယ်တင်နိုင်ရန် ဘုရားသခင်က ကြိုးစားသည်၊ ကယ်တင်ခြင်းသည် ကမ်းလှမ်းထားသည် ထို့ကြောင့် အပြစ်သား၏ လက်ခံမှု၊ လက်မခံမှုတွင်သာ မူတည်သည် ဆိုသည့်ပုံစံနှင့် အသုံးပြုနေကြခြင်းဖြစ်သည်။ ထိုသို့ပြောနေခြင်းပုံစံအားလုံး ကျမ်းစာနှင့်ဆန့်ကျင်ပါသည်။

ကျမ်းစာက ဘုရားသခင်သည် လူတိုင်းကိုချစ်သည်ဟု ပြောမပြပါ (ဆာလံ ၁၁း၅၊ ယော ၁၃း၁၊ ရောမ ၉း ၁၃)၊ ထို့အပြင် ဘုရားသခင်က လူတိုင်းကို ကယ်တင်ရန် ကြိုးစားသည်ဟုလည်း မပြောပြပါ (ဟေရှာ ၆း၉-၁၁၊ ရောမ ၉း၁၈၊ ၂ကော ၂း၁၄-၁၆)။ ထို့အပြင် အပြစ်သားများကို ကယ်တင်ရာတွင် ဘုရားသခင်၏ရည်ရွယ်ချက်အချို့သည် အပြစ်သားတို့၏လိုချင်မှုမရှိ၍ မပြည့်စုံနိုင်၊ ပျက်ကြရသည်ဟု ကျမ်းစာက လုံးဝကို မသင်ပါ။ ဘုရားသခင်က တနေ့တော့ သူ့ကယ်တင်ခြင်းကို လက်ခံလာကြမည် ထို့ကြောင့် စောင့်နေရှာသည်၊ တောင်းပန်နေသည်ဟု လုံးဝကို မသင်ပါ (ဆာလံ ၁၁၅း၃၊ ယော ၆း၄၄၊ ရောမ ၉း၁၆၊ ဧဖက် ၂း၈၊၉)။ ထို့ကြောင့် ကျွန်တော်တို့ ဧဝံဂေလိတရားဟောခြင်းကို ကမ်းလှမ်းခြင်းဟု လုံးဝမပြောပါ။

ခေါ်ခြင်းသည် ကမ်းလှမ်းခြင်းနှင့် ခြားနားပါသည်။ ခေါ်ခြင်းက သူသည် အစိုးရတော်မူသောဘုရားသခင် ဖြစ်ကြောင်း သတိရစေပါသည်။ ဘုရားသခင်သည် ရှင်ဘုရင်အနေနှင့် အပြစ်သားကို ဆင့်ခေါ်သည်၊ ဧဝံဂေလိကို နာခံကာ ယုံကြည်စေသည်။ ထို့အပြင် ခေါ်ခြင်းဆိုသည်က ဘုရားသခင်သည် သူ၏အစိုးရတော်မူသောခေါ်ခြင်းဖြင့် အချို့ကို ကယ်တင်ခြင်းသို့ ရောက်စေကြောင်း အသိပေးနေပါသည်။ ဘုရားသခင်သည် ခေါ်နေသူဖြစ်သည်ဟု သိခြင်းက၊ ထိုအချက်ကို နားလည်ရန် မခက်ခဲစေတော့ပါ။ သူသည် "ထိုအရာများကို မရှိကြသေးသော်လည်း ရှိနေသည့်၏ဟန် ခေါ်တော်မူသောသူ" ဖြစ်သောကြောင့်ဖြစ်ပါသည် (ရောမ ၄း၁၇)။

ထိုခေါ်ခြင်းကို ဧဝံဂေလိဟောခြင်း၌ ကြားရခြင်းဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ အတွင်းထဲ၌ လုပ်ဆောင်ပေးမှုဖြင့် ၎င်းခေါ်ခြင်းသည် ကယ်တင်ခြင်းအဖြစ် အကျိုးအာနိသင် ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် အချို့တို့

သည် ခေါ်ခြင်းကို ကြားယုံမျှမက၊ နာခံကြခြင်းဖြစ်သည်။ ဝိညာဉ်တော်၏အလုပ်ကြောင့် ခေါ်နေသောသူသည် တရားဟောဆရာ မဟုတ်ပါ၊ ခရစ်တော်၌ရှိသော ဘုရားသခင်ကိုယ်တိုင်ဖြစ်ပါသည်။ တရားဟောဆရာသည် အသုံးပြုခံရသော တန်ဆာပလာတခုသာဖြစ်သည်။

ထိုအတွက်ကြောင့် ဘုရားတရားမကြောက်ရွံ့သူတို့ ခေါ်တော်မူခြင်းကို ဂရုမစိုက်ကြသည့်အခါ၊ မနာခံမှုကြောင့် အပြစ်စီရင်ခံကြရခြင်းဖြစ်သည်။ သူတို့၏မယုံကြည်မှုဖြင့် သူတို့သည် လူကိုသာငြင်းပယ်ကြသည် မဟုတ်ပါ၊ အသက်ရှင်သော ဘုရားသခင်ကိုယ်တိုင်ကို ငြင်းပယ်ကြခြင်းဖြစ်သည်။ သူ၏တပါးတည်းမွေးထားသော သားတော်မှနေ၍ ခေါ်နေတော်မူသောဘုရားသခင်ကိုငြင်း ပယ်ကြခြင်းဖြစ်ဖြစ်သည်။ ထိုကိစ္စသည် အတော်လေးနက်ကြီးကျယ်သောကိစ္စ ဖြစ်ပါသည်။

ထိုအတွက်ကြောင့် တရားဟောဆရာကလည်း ကျမ်းစာမှလွဲ၍ အခြားကိစ္စများ ထုတ်မလာဖို့ အရေးကြီးပါသည်။ ကြားရသူများက ဘုရားသခင့်စကားကိုသာ ကြားရပါမည်။ တရားဟောဆရာ၏ အတွေးအခေါ်များ၊ နိုင်ငံရေးကိစ္စဝေဖန်ချက်များကို ကြားရမည် မဟုတ်ပါ။ ထို့အပြင် တရားဟောဆရာက ဘုရားသခင်၏ အစိုးရတော်မူသော ခေါ်ခြင်းကို မှေးမိန်သွားရန် မပြုရပါ၊ ထိုသို့ဖြင့် မလိုအပ်သော တောင်းပန်ခယခြင်းမျိုး၊ ဈေးရောင်းရာတွင် ရောင်းကောင်းစေရန်အသုံးပြုသော နည်းစနစ်များကို ထည့်သွင်းခြင်းမျိုး လုံးဝ မလုပ်သင့်ပါ။ ဘုရားသခင်က အပြစ်သားများ၏ အလိုဆန္ဒကို စောင့်နေလေဟန် မပြောရပါ။

ကျမ်းစာက ရှင်းနေအောင်ပြောနေသည်မှာ ဧဝံဂေလိဟောကြားချိန်တွင် အစိုးရတော်မူသောဘုရားသခင်သည် အပြစ်သားတို့ထံမှ နောင်တရခြင်းနှင့်ယုံကြည်ခြင်းကို တောင်းဆိုနေပါသည် ဆိုသည့်အချက်ဖြစ်သည်။ ဆိုလိုသည်မှာ အနန္တတန်ခိုးတော်ရှင်၊ ကောင်းကင်နှင့်မြေကြီးကိုတရားစီရင်သူ တရားသူကြီးက နာခံရန် တောင်းဆိုနေသည်၊ မနာခံလျှင် အပြစ်စီရင်မည်ဖြစ်သည်။ ထိုသို့သော် တရားဟောခြင်းက အပြစ်သားများကို ကယ်တင်သည်၊ ဘုရားသခင်ကို ဘုန်းတော်ကြီးစေပါသည်။

## ယုံကြည်ခြင်း၏အနှစ်သာရအကြောင်း(The Essence of Faith)

ယုံကြည်ခြင်းအကြောင်းကို ကျွန်တော်တို့ တွေးကြသည့်အခါ၊ ကျွန်တော်တို့သည် ပုံမှန်အားဖြင့် ယုံကြည်လာသောလုပ်ရှားလုပ်ဆောင်မှု၊ ဘုရားသခင်အား ကိုးစားမှု၊ သူ၏သားတော် သခင်ယေရှုခရစ်အား ကိုးစားမှု စသည်တို့ကိုသာ တွေးလေ့ရှိကြပါသည်။ မှန်ပါသည် ယုံကြည်ခြင်းဆိုသည်မှာ၊ ယုံကြည်လာခြင်း ကိုးစားလာခြင်းတို့ ဖြစ်ပါသည်၊ သို့သော် ထိုအရာတို့ရောက်မလာခင် တစုံတခုသည်အရင်ဖြစ်ပါသည်။ ယုံကြည်ခြင်း၏အနက်ရှိုင်းဆုံး အဖြစ်မှန်နှင့် အနှစ်သာရမှာ ခရစ်တော်နှင့်ပေါင်းစည်းခြင်းဖြစ်ပါသည်။ ၄င်းကို "ခရစ်တော်ထံသို့စိုက်ပျိုးခြင်း"ဟုလည်း ခေါ်ပါသည်။ ယုံကြည်ခြင်း၏ လှုပ်ရှားလုပ်ဆောင်မှုနှင့် ခြားနားလျှက်၊ ထိုခရစ်တော်ထံ၌စိုက်ပျိုးခြင်းကို သီဩလော်ဂျီတွင် "ယုံကြည်ခြင်း၏တန်ခိုး"(power of faith) (သို့) "ယုံကြည်ခြင်း၏ဥပဒေသ" (princi- ple of faith)ဟု ရည်ညွှန်းလေ့ရှိပါသည်။

ကျမ်းစာက ခရစ်တော်နှင့်ပေါင်းစည်းခြင်းဆိုသည့်အကြောင်းကို ယော ၁၇း၂၀၊ ၂၁၊ ဂလာတိ ၂း၂၀၊ ဧဖက် ၃း၁၇ တို့တွင် သင်ပေးပါသည်။ ထိုပေါင်းစည်းခြင်းကို ကျမ်းစာ၏ ယုံကြည်ခြင်းဆိုသောအရာကို ပြောဆိုခြင်းများတိုင်း၌ သင်ပေးနေပါသည်။ ဓမ္မသစ်ထဲတွင် ဂရိဘာသာက ယုံကြည်ခြင်းကို စကားလုံးမျိုးစုံသုံး၍ဖေါ်ပြလေ့ရှိသည်။ ၄င်းတို့အားလုံးက တညီတညွတ်တည်းပြောကြသည်မှာ ယုံကြည်ခြင်းက ကျွန်တော်တို့ကို ခရစ်တော်နှင့် ရှင်သန်သောဆက်သွယ်မှုရစေသည်၊ သူနှင့်ပေါင်းစည်းသွားကြသည်ဟူ၍ ဖြစ်သည်။ ကျမ်းစာက အများအားဖြင့် ခရစ်တော်ကို ယုံကြည်ခြင်းဟု ပြောလေ့ရှိပါသည်။ ထိုအချက်က ကျွန်တော်တို့သည်ယုံကြည် ခြင်းမှတဆင့် သူ၏အရိုး၊ သူ၏အသား ဖြစ်လာကြကို ပြောပြနေပါသည် (ဧဖက် ၅း၃၀)။ ထို့အပြင် ကျမ်းစာက ယုံကြည်ခြင်းကို ဂရိဘာသာဖြင့် ခရစ်တော်အထဲသို့ ယုံကြည်ခြင်းဟုလည်း ပြောပါသည် (ယော ၃း၁၆၊ ၁၈၊ ကော ၂း၅)၊ (သို့) သူ့အပေါ် ယုံကြည်ခြင်းဟုလည်း သုံးတတ်ပါသည် (ရောမ ၉း၂၃၊ ၁၀း၁၁၊ တမန် ၁၁း၁၇၊ ၁၆း၃၁)။

ထိုကျမ်းပိုဒ်အားလုံးက ကျွန်တော်တို့တဦးချင်းစီ၏ ဘုရားသခင့်သားတော်နှင့် အင်မတန်နီးကပ်စွာ ပေါင်းစည်းခြင်း၊ မိတ်သဟာယဖွဲ့ခြင်းတို့ကို ပြောပြနေကြပါသည်။ ထိုကျမ်းပိုဒ်များက နောက်ထပ်ပြောပြနေသည်မှာ၊ ခရစ်တော်ကို ယုံကြည်လိုက်သည်နှင့် ကျွန်တော်တို့သည် သူနှင့်အလွန်နီးကပ်ကြသဖြင့် သူ၏စကားပြောသံကိုပင် ကြားနိုင်ကြသည်၊ သူပြောသည်များကို သိနိုင်ကြသလို၊ အားကိုးနိုင်ကြပါသည် ဆိုသည့်အချက်ဖြစ်ပါသည် (ယော ၁၄း၁၁၊ ၂တိ ၁း၁၂)။ ၄င်းတို့သည် စစ်မှန်သောယုံကြည်ခြင်း၏ သဘောသဘာဝများဖြစ်ကြသည်။

ထို့ကြောင့် ဤအချက်များက စစ်မှန်သောယုံကြည်ခြင်းနှင့် အတုအယောင်များအားလုံးကို ခြားနားစေပါသည်။ နည်းလမ်းမျိုးစုံဖြင့် ယုံကြည်ခြင်းအတုအယောင်များက အစစ်ကို တုပလေ့ရှိပါသည်။ သို့သော် မတုပနိုင်သော အရာတခု ရှိပါသည်။ ၄င်းမှာ ယုံကြည်ခြင်းဖြင့် ခရစ်တော်ထဲ၌ရှိနေခြင်း(being in Christ)ဖြစ်ပါသည်။

ယုံကြည်ခြင်းဆိုသည်မှာ ခရစ်တော်နှင့်ပေါင်းစည်းခြင်းဖြစ်သိုဟု သိမြင်ခြင်းသည်၊ ယုံကြည်ခြင်းသည် ဘုရားသခင်က ပေးသောလက်ဆောင် ဖြစ်ကိုဖြစ်ရမည်ဟု သိမြင်ခြင်းနှင့် အတူတူပင်ဖြစ်သည်။ ယုံကြည်ခြင်း၏ လှုပ်ရှားလုပ်ဆောင်မှုများကိုသာ ပြောဆိုကြလျှင် မကြာမှီ၊ ယုံကြည်ခြင်း၏မူလဇစ်မြစ်သည် ကျွန်တော်တို့ထဲ၌ဖြစ်သည်၊ ကျွန်တော်တို့၏ လိုချင်ဆန္ဒ၌ဖြစ်သည်ဟု စတင်တွေးလာပါတော့မည်။ သို့သော် ကျွန်တော်တို့သတိပြုရမည်မှာ ယုံကြည်ခြင်းဆိုသည်မှာ ပထမဆုံးအနေနှင့် ခရစ်တော်နှင့်ပေါင်းစည်းဖြစ်သည် ဆိုသည့်အချက်ကိုဖြစ်သည်။ ထို့ကြောင့် ရှင်းနေသည်မှာ ယုံကြည်ခြင်းသည် ဘုရားသခင်၏လုပ်ပေးမှု၊ သူ၏လက်ဆောင် ဖြစ်သည်။ ကျွန်တော်တို့ ကိုယ့်ဘာသာ ခရစ်တော်နှင့် ပေါင်းစည်းနိုင်ကြပါသလား? သစ်ကိုင်းတခုက သူ့ဘာသာသူ သစ်ပင်တခုသို့ ကိုင်းမဆက်နိုင်သကဲ့သို့ဖြစ်ပါသည်။

ထိုသို့ ယုံကြည်ခြင်းကို နားလည်သဘောပေါက်ခြင်းက အခြားကိစ္စအတော်များများကိုလည်း ဖြေရှင်းပေးပါသည်။ ၄င်းက သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းသည် ယုံကြည်ခြင်းမှတဆင့် ကျွန်တော်တို့ပိုင်အဖြစ် မည်ကဲ့သို့ဖြစ်လာသည်ကို ရှင်းစေသည်။ ၄င်းက ယုံကြည်ခြင်းသည် ဤကမ္ဘာကြီးကို အောင်နိုင်ကြောင်း မည်သို့ဖြစ်နိုင်သနည်းကို ဖြေရှင်းပေးပါသည်။ ယုံကြည်ခြင်းက ကျွန်တော်တို့ကို ခရစ်တော်ထဲ၌ထားရှိပေးသည်၊ ထို့အပြင် ခရစ်တော်နှင့် ပေါင်းစည်းစေသည်၊ ထို့ကြောင့် ခရစ်တော်၏ အပြစ်၊ သေခြင်း၊ ကမ္ဘာကြီးနှင့် စာတန်တို့အပေါ် အောင်မြင်ခြင်းသည် ကျွန်တော်တို့ထံ ရောက်လာကြသည်။

ထို့ကြောင့် "ငါ့မှယုံကြည်ခြင်းရှိတယ်"ဟု ပြောနိုင်ခြင်းသည် မည်မျှအံ့သြစရာကောင်းပါသနည်း? ထိုသို့ပြောခြင်းသည် ဘုရားသခင်၏ အစိုးရသော၊ အံ့သြစရာကောင်းသောလုပ်ပေးမှုဖြစ်သည်ဟု ဝန်ခံမှုပြုခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ခရစ်တော်အထဲ၌ရှိပါသည်၊ ခရစ်တော်သည် ကျွန်တော်တို့အထဲ၌ရှိနေပါသည်၊ တဦးကိုတဦး မည်သည့်အခါတွင်မျှ ကွဲကြတော့မည် မဟုတ်ပါ။

## ယုံကြည်ခြင်းနှင့်အသိပညာအကြောင်း(Faith and Knowledge)

ယုံကြည်ခြင်း၏ လှုပ်ရှားလုပ်ဆောင်မှုအကြောင်း ပြောကြသည့်အခါ၊ ယုံကြည်ခြင်းတွင် အသိပညာ ပါဝင်သည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။ လူအများက ယုံကြည်ခြင်းနှင့်အသိပညာကို ခွဲထားချင်ကြပါသည်၊ သူတို့က ယုံကြည်ခြင်းဆိုသည်မှာ မျက်ကန်းတစ္ဆေမကြောက်ပုံစံမျိုး၊ ဇွတ်ရွတ်လက်ခံခြင်း၊ ဘလိုင်းကြီးအားကိုးခြင်းဟု ပြောချင်ကြပါသည်။ အထူးသဖြင့် ယနေ့ခေတ် ဧဝံဂေလိဆရာအများက ထိုသို့သင်ကြပါသည်။ သို့သော် အလွန်မှားပါသည်။

ရိုမန်ကက်သလစ်များက ယုံကြည်ခြင်းနှင့်အသိပညာကို ခွဲထား၍ရသည်ဟု အမြဲပြောနေပါသည်။ အထူးသဖြင့် သာမန်လူများ၏ ယုံကြည်ခြင်းအကြောင်းကို သင်ပေးသည့်အခါတွင်ဖြစ်သည်။ ထိုသို့ပင် မောဒန်အုပ်စုများ၊ နီယိုသြသောဒေါ့များကလည်း သင်ပေးကြပါသည်။ ထို့အပြင် ခရယ်စမက်တစ်ဟုခေါ်သော ဝိညာဉ်အစွန်းရောက် ဂိုဏ်းများနှင့် သြဝါဒဆန့်ကျင်သော လှုပ်ရှားမှုမျိုးစုံကလည်း ယုံကြည်ခြင်းတွင် အသိပညာမလိုပါဟု သင်နေကြပါသည်။ ၄င်းတို့က ယုံကြည်ခြင်းနှင့်အသိပညာကို ခွဲခြားထားလျှက်၊ သြဝါဒများနှင့် စနစ်တကျသင်ပေးခြင်းများအားလုံးကို လှောင်ပြောင်အထင်သေးကြပါသည်။ ဝမ်းနည်းစရာကောင်းစွာ ရီဖော့မ်သီသြလော်ဂျီယန်များနှင့် ဆရာများကြားတွင်လည်း ထိုသို့သော အမြင်များရှိနေတတ်သည် ကိုတွေ့ရခြင်းဖြစ်သည်။

ထိုသို့သောသူများက ဘုရားသခင်သည် ဧဝံဂေလိတရား၌ လူသားအားလုံးကိုချစ်သည်၊ သို့သော် ရွေးကောက်တော်မူခြင်းထဲတွင် သူသည် အားလုံးကိုမချစ်ပါဟု ပြောတတ်ကြသည်။ ဘုရားသခင်သည် သူ၏ဖွင့်ပြ/ဖော်ပြထားသော အလိုတော်(revealed will)အရ လူတိုင်းကို ကယ်တင်ချင်ပါသည်၊ သို့သော် သူ၏ လျှို့ဝှက်သောအလိုတော်(secret will)အရ လူတိုင်းကို မကယ်တင်ချင်ပါ၊ ဘုရားသခင်သည် ကယ်တင်ခြင်းကို လူအားလုံးထံသို့ တကယ်ပင် ကမ်းလှမ်းနေပါသော်လည်း၊ လူတိုင်းကိုတော့ ယုံကြည်ခြင်းကိုပေးဖို့ မဆုံးဖြတ်ပါဟု ပြောတတ်ကြပါသည်။ ထိုသို့ပြောခြင်းများသည် ဆင်ခြင်မှုကင်းမဲ့သော၊ အသိပညာကိုဆန့်ကျင်သော ပြောဆိုခြင်းများ ဖြစ်ပါသည်။ အဓိပ္ပါယ်မရှိသော အပြောအဆိုများ ဖြစ်ပါသည်။ ထိုသို့ပြောဆိုသော ရှေ့နောက်မညီညွတ်မှုများကို မည်သူမျှ နားလည်နိုင်မည် မဟုတ်ပါ။ ၄င်းတို့ကို အကြွင်းမဲ့သဘောဖြင့်သာ ယုံကြည်နိုင်ပါမည်၊ ထိုအခါ ယုံကြည်ခြင်းသည် ဘလိုင်းကြီး ယုံကြည်ခြင်း ဖြစ်လာပါမည်၊ သိနားလည်ခြင်း မဖြစ်နိုင်တော့ပါ။

ထိုသို့ အသိပညာနှင့်ဩဝါဒကို ဆန့်ကျင်ခြင်းသည် ကျမ်းစာနှင့်လည်း ဆန့်ကျင်နေပါသည်။ ယော ၁၇း၃ တွင် သခင်ယေရှုက ယုံကြည်ခြင်းဆိုသည်မှာ ဘုရားသခင်နှင့် သူစေလွှတ်သော ခရစ်တော်ကို "သိနားလည်ခြင်း" (knowing) ဟု အနက်ဖွင့်ပါသည်။ သခင်ယေရှုက ထိုအသိပညာ(knowledge)သည် ထာဝရအသက်ဖြစ်သည်ဟု ပြောပါသည်၊ အားကိုးခြင်းမျှသာ မဟုတ်ပါ၊ သိနားလည်ခြင်းဖြစ်ပါသည်။

၂တိ ၁း၁၂ တွင် ပေါလုက သူ၏ယုံကြည်ခြင်းကို "ဘဝင်ကျခြင်း"(persuasion)ဟုပြောပါသည်၊ ထိုသို့ဘဝင်ကျရခြင်းမှ ပထမအနေနှင့် သိနားလည်ပြီးဖြစ်သောကြောင့်ဟု ပြောပါသည်။ သခင်ယေရှုသည် ဘုရားသခင်၏ တပါးတည်းသာမွေးထားသော သားတော်ဖြစ်သည်၊ သူသည် လူ့ဇာတိခံယူလျှက်၊ ကျွန်တော်တို့၏အပြစ်များအတွက် လက်ဝါးကပ်တိုင်ပေါ်၌ ဝေဒနာများခံစားလျှက် အသေခံသည်ဟု သဘောပေါက်ပြီးမှသာ ယေရှုခရစ်သည် ကျွန်တော်တို့ကို ကယ်မ ထိန်းသိမ်းနိုင်သူဖြစ်သည်ဟု ဘဝင်ကျနိုင်ပါမည်။

ကျွန်တော်တို့သည် အသိပညာကို အထင်းမသေးရပါ။ အသိပညာသည် သူ့ဘာသူတော့ ဘာမှအကျိုး မရှိပါ။ သူနှင့်အတူ အားကိုးခြင်းလဲပါရပါမည်။ သို့သော် ကျမ်းစာက မည်သို့ပင်ဖြစ်စေ အသိပညာသည် ကောင်းသော အရာဖြစ်သည်ဟု အသေအချာ ပြောပြပါသည်။ ၂ကော ၄း၆-၇ တွင် "ယေရှုခရစ်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ဘုန်းတော်ကို သိသောဉာဏ်၏အရောင်"ကို ကျွန်တော်တို့၏ရတနာသိုက်ဟု ခေါ်ပါသည် (အခြားကျမ်းပိုဒ်များကို လည်း ကြည့်ပါ - လုကာ ၁း၇၇၊ ဧဖက် ၁း၁၇၊ ၄း၁၃၊ ဖိလိ ၃း ၈၊ ကော ၂း၃၊ ၂ပေ ၁း၂၊၃)။ မသိသောအရာကို ဘယ်လိုမှ စိတ်ချ၍ မရနိုင်ပါ (no confidence in not knowing)။

အသိပညာမပါသော ယုံကြည်ခြင်းသည် အမှောင်ထဲခုန်ချခြင်းဖြစ်သည်။ သို့သော် ဘုရားသခင်သည် အမှောင်ထဲတွင် ရှိသည်မဟုတ်။ သူသည် အလင်းထဲ၌သာနေပါသည်။ ထို့အတူ သခင်ယေရှုခရစ်ကိုလည်း အမှောင်ထဲခုန်ချ၍ တွေ့မည်မဟုတ်ပါ။ သူသည် ဤကမ္ဘာကြီး၏အလင်း ဖြစ်သည်။ ထို့ကြောင့် သူ့ကို ယုံကြည်ဖို့ဆိုလျှင် အလင်းထဲသို့ လာရပါမည်။ ထိုအလင်းသည် "ယေရှုခရစ်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ဘုန်းတော်ကိုသိသော ဉာဏ်၏အရောင်" ဖြစ်ပါသည်။

## ယုံကြည်ခြင်းနှင့်အားကိုးခြင်းအကြောင်း(Faith and Trust)

ကျမ်းစာထဲ၌ ယုံကြည်ခြင်းကို နည်းမျိုးစုံနှင့်ဖေါ်ပြပါသည်၊ ထိုသို့သောဖေါ်ပြချက်များအားဖြင့်သိရသည်မှာ ကယ်တင်ခြင်းကို ရစေသောယုံကြည်ခြင်းတွင် ခြားနားသော ဆောင်ရွက်မှုများ(acts) ပါဝင်ပါသည် ဆိုသည့်အချက် ဖြစ်သည်။ ထိုဖေါ်ပြချက်များတွင် ယုံကြည်ခြင်းကို ယုံကြည်သူတို့ထံ ပေးအပ်လျှက် လက်တွေ့ကျင့်သုံးကြသောအခါ ထိုယုံကြည်ခြင်းသည် တိုးတက်လာတတ်ကြောင်း၊ ကြီးထွားလာကြောင်းကို တွေ့ရပါသည်။ ဥပမာ လုကာ ၁၇း၅ တွင် "တမန်တော်များက သခင်ဘုရားထံ ကျွန်တော်တို့၏ ယုံကြည်ခြင်းကို တိုးပွားစေပါ"ဟု ပြောခဲ့ကြသည်။

ခရစ်တော်သည် ယုံကြည်ခြင်း၏ အကြောင်းတရားဖြစ်သော်လည်း ယုံကြည်ခြင်းတွင် သူ့ကိုမျှော်ကြည့်ခြင်း (ဟေရှာ၄၅း၂၂)၊ သူ့ထံသို့လာခြင်း (မဿဲ ၁၁း၂၈)၊ သူ့ထံခိုလှုံရန်ထွက်ပြေးခြင်း (ဟေဗြဲ ၆း၁၈)၊ သူ့ကိုလက်ခံခြင်း (ယော ၁း၁၂)၊ သူ့အားဝတ်ဆင်ခြင်း (ရောမ ၁၃း၁၄)၊ မိမိကိုယ်ကို သူ့ထံ အပ်နှံခြင်း(၂ကော ၈း၅) စသည်တို့ ပါဝင်ကြပါသည်။

ထိုဖေါ်ပြချက်များအားလုံးက ယုံကြည်ခြင်း၏ ဒုတိယလှုပ်ရှားလုပ်ဆောင်မှု(second activity)ကို ပြောနေကြခြင်းဖြစ်သည်၊ နောက်တနည်းနှင့်ပြောရလျှင် ခရစ်တော်ကိုအားကိုးခြင်း ဖြစ်ပါသည်။ ယုံကြည်ခြင်း၏ ပထမလှုပ်ရှားလုပ်ဆောင်မှုသည် အသိပညာဖြစ်ကြောင်း ပြောခဲ့ကြပြီ။ အားကိုးခြင်းသည် နောက်တခုဖြစ်သည်။ ယုံကြည်ခြင်း၌ ပါဝင်သောအရာများဖြစ်သည့် ၎င်းတို့နှစ်ခုကြား ဆက်နွယ်နေမှုကို ၂တိ ၁း၁၂ တွင်ဖေါ်ပြပါသည်၊ "ထိုအကြောင်းကြောင့် ဤဆင်းရဲဒုက္ခကို ငါခံရ၏။ သို့သော်လည်း ရှက်ကြောက်ခြင်းမရှိ။ အဘယ်သူကို ငါယုံကြည်သည်ဟု ငါသိ၏။ သူ၌ ငါအပ်ထားသောအရာကိုလည်း၊ ထိုနေ့ရက်တိုင်အောင် စောင့်နိုင်တော်မူသည်ဟု ငါသဘောကျ၏။" ဤကျမ်းပိုဒ်က အားကိုးခြင်း (သို့) သဘာကျခြင်းသည် အသိပညာပေါ်တွင်တည်မှီနေသည်ဟု ညွှန်ပြနေပါသည်။ ထိုအချက်ကို သဘောကျသည် ဆိုသည့်စကားလုံးက ပြောနေပါသည်၊ သေချာတွေးခေါ်ဆင်ခြင် နားလည် သဘောပေါက်ပြီးသည့်အခါ မှန်ကြောင်း သဘောကျပါသည်။

ကျွန်တော်တို့မသိသောအခါ အားမကိုးနိုင်ပါ။ သခင်ယေရှုသည် ဘုရားသခင်ကိုယ်တိုင် အသွေးအသားဖြင့်ပေါ်လာခြင်း ဖြစ်သည်ဟု မသိလျှင် သူ့ကို ကျွန်တော်တို့၏ကယ်တင်ခြင်းအတွက် အားမကိုးနိုင်ပါ (၁တိ ၃း၁၆)၊ အများကိုကယ်လွှတ်ဖို့ မိမိအသက်ကို အဖိုးအခအဖြစ် ပေးသောသူဖြစ်ကြောင်း အာမကိုးနိုင်ပါ (မဿဲ ၂၀း၂၈)။

ခရစ်တော်ကိုအားကိုးခြင်းဆိုသည့် ကယ်တင်ခြင်းကိုပေးနိုင်သောယုံကြည်ခြင်း၏ဒုတိယအကြောင်းအရာက ကယ်တင်ခြင်းကိုပေးနိုင်သော ယုံကြည်ခြင်း၏ ပုဂ္ဂလိကဆန်သောသဘောသဘာဝကို အထူးပြုပြောပြပါသည်။ ထိုအားကိုးခြင်းက ယုံကြည်ခြင်း၏ အသိပညာဆိုသည်မှာ အကြောင်းအရာတခုကိုသိယုံမျှမကဘဲ၊ မိမိကိုယ်မိမိ ယေရှုခရစ်တော်အားဖြင့် ဖေါ်ပြနေသော ဘုရားသခင်ကို ကိုယ်တိုင်ကိုယ်ကျ သိခြင်းဖြစ်သည်ဟု ပြောပြနေပါသည်။

ထိုအားကိုးခြင်းမပါလျှင် ကယ်တင်ခြင်းကိုပေးနိုင်သောယုံကြည်ခြင်းနှင့် နတ်ဆိုး၏ယုံကြည်ခြင်းကြား ဘာမှခြားနားတော့ မည်မဟုတ်ပါ (ယာကုပ် ၂း၁၉)။ နတ်ဆိုးတို့လည်း ဘုရားသခင်တပါးတည်းသာရှိသည်ဟု ယုံကြည်ကြကာ၊ ကြောက်ရွံ့တုန်လှုပ်ကြပါသည်။ နတ်ဆိုးတို့သာ ထိုရှုထောင့်မှ ယုံကြည်ကြပါသလား။ မဟုတ်ပါ၊ အမြောက်အများတို့သည်လည်း နတ်ကပတ်တော်အမှန်တရားများကို သင်ပေးခြင်းခံကြပြီဖြစ်သည်၊ ဆန့်ကျင်ဖို့အကြောင်းလဲ မမြင်နိုင်ဖြစ်ကြပြီ၊ သို့သော် သူတို့သည် ဘယ်သောအခါမှ ဘုရားသခင် (သို့) ခရစ်တော်ကို အားကိုးသူများ ဖြစ်မလာကြပါ။

အားကိုးခြင်းက လူတဦးကို နတ်ကပတ်တော်သည် မှန်သည်ဟု သိမြင်ယုံသာမက၊ မိမိအတွက်မှန်သည်ဟု မြင်လာစေပါသည်။ ထို့ကြောင့် အားကိုးခြင်းကို ခရစ်တော်၌မိမိကိုယ်ကို အပ်နှံခြင်း (သို့) သူ့ထံ၌နားခြင်းဟု ဖေါ်ပြလျှင် ရနိုင်ပါမည် (မဿဲ၁၁း ၂၈)။ ထို့ကြောင့် အားကိုးခြင်းတွင် သန့်ရှင်းသောဝိညာဉ်တော်၏ ကျေးဇူးတော်နှင့် ခွန်အားဖြင့် မိမိကိုယ်ကို လုံးဝစွန့်ပစ်ခြင်း၊ မိမိဝိညာဉ်(စိတ်)ကို သူ့ထံ ပုံအပ်ခြင်း စသည်တို့ပါဝင်ပါသည်။

အချို့တို့က ယုံကြည်ခြင်းကို အသိပညာသက်သက်ဖြစ်ခြင်း (သို့) အသိဉာဏ်ဖြင့်သဘောတူခြင်း သက်သက်ဟု ပြောချင်ကြပါသည်။ ကျွန်တော်တို့ကလည်း "ခံစားချက်"(felling)ကို အားကိုးသူများ၊ ယနေ့ခေတ်တွင် အလွန်ခေတ်စားနေသော ဩဝါဒအမှန်များသွန်သင်ခြင်းကို အတိုက်အခံပြုကြသူများကို ဆန့်ကျင်လျှက် အသိပညာကို အလေးအနက်ထားခြင်းသည် လိုအပ်ချက်ဖြစ်သည်ဟု သဘောတူကြပါသည်။ သို့သော် ကျမ်းစာ၏သင်ပေးချက်အရ ယုံကြည်ခြင်းကို ၎င်း၏အသိဉာဏ်လှုပ်ရှားမှုသက်သက် ရှုထောင့်မှသာပြောခြင်းသည် လုံးလောက်မှုမရှိပါဟု ကျွန်တော်တို့ ယုံကြည်ပါသည်။ ယုံကြည်ခြင်းသည် ရှင်ပေါလုပြောသလို၊ မိမိကိုယ်မိမိ ခရစ်တော်၌အပ်နှံခြင်း၊ ထိုသို့ဖြင့် သူ့ထံ၌ ငြိမ်းချမ်းမှုရလျှက်၊ နားနေခြင်း ဖြစ်ပါသည် (၂တိ ၁း၁၂)။ ထိုအရာမရှိလျှင် ကျွန်တော်တို့သည် ဘာမျှ မဟုတ်ကြပါ၊ ဘာမှလဲ မပိုင်ဆိုင်ကြပါ။

## ဖြောင့်မတ်ခြင်းအကြောင်း(Justification)

ဖြောင့်မတ်ခြင်းဆိုသည်မှာ အဘယ်နည်း? ဖြောင့်မတ်ခြင်းအကြောင်းဆိုသည်မှာ ခရစ်ယာန်ယုံကြည်ခြင်း၏ အခြေခံအကျဆုံးအမှန်တရားများထဲမှ တခုဖြစ်သော်လည်း၊ ဝမ်းနည်းစရာကောင်းစွာ ယနေ့ချိန်တွင် ထိုစကားလုံး၏ အဓိပ္ပါယ်မှန်အားသိသူ အလွန်နည်းနေပြီဖြစ်သည်။ ပို၍ဆိုးသည်မှာ ဖြောင့်မတ်ခြင်းခံရသူ ရရှိသော ကောင်းချီးမင်္ဂလာများကို သိသူ ပို၍နည်းနေခြင်းဖြစ်ပါသည်။

ဖြောင့်မတ်ခြင်းအကြောင်းကို နားလည်ရန် ထိုစကားလုံးသည် တရားဥပဒေနှင့်ဆိုင်သော စကားလုံးဖြစ်သည်ကို သတိပြုရပါမည်။ ဖြောင့်မတ်ခြင်းတွင် ကျွန်တော်တို့သည် ဘုရားသခင်ကို တရားသူကြီးအဖြစ်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်(ဟေဗြဲ ၄း၁၃)။ ဖြောင့်မတ်ခြင်းသည် အမြင့်ဆုံးခုံရုံးမှ ချမှတ်သော စီရင်ချက်ဖြစ်သည်။ ထိုနေရာမှ ချမှတ်သော စီရင်ချက်အတွက် အယူခံ၍မရတော့ပါ (ယောဘ ၄ဝး၈)။

ထို့ကြောင့် ဖြောင့်မတ်ခြင်းဆိုသည်မှာ တရားစီရင်ရာခုံရုံးက သတ်မှတ်သော အခြေအနေတခုဖြစ်သည်။ ဘုရားသခင်နှင့် သူ၏ဥပဒေရှေ့မှောက် ကျွန်တော်တို့၏အခြေအနေဖြစ်သည် (ဆာလံ ၁၃ဝး၃)။ ထိုသို့သတ်မှတ်ပေးသော အခြေအနေအရ ကျွန်တော်တို့သည် ကျွန်တော်တို့သည် တစုံတခုသောအခွင့်အရေးကို ခံစားရမည်ဖြစ်သည်၊ (သို့) တစုံတခုသော အရေးယူခြင်းကို ခံရမည်ဖြစ်သည်။

တရားသူကြီးတဦးဦးက စီရင်ချက်ချမှတ်သည်နှင့် အခြေအနေ နှစ်မျိုးသာ ရှိနိုင်ပါသည်၊ အပြစ်ရှိသည် (သို့) အပြစ်မရှိ စသည်တို့ဖြစ်သည်။ အပြစ်သားများကို ဖြောင့်မတ်စေခြင်းတွင် ဘုရားသခင်က တရားသူကြီးအနေနှင့် သူတို့ကို အပြစ်မရှိသူများ၊ အမှားတခုမျှမလုပ်သူများအဖြစ် ကြေညာပေးခြင်းဖြစ်သည် (တော ၂၃း၂၁၊ ၂ကော ၅း၁၉)။

ဖြောင့်မတ်ခြင်း၏အံ့ဩစရာမှာ ဘုရားသခင်က ထိုအပြစ်သားတို့ကို အပြစ်မဲ့သူများဟု မြင်ခြင်းဖြစ်သည်။ ထိုဖြောင့်မတ်ခြင်းကို ခံရသူများက အပြစ်မျိုးစုံ ပြုကြပါသည်၊ တရားသူကြီးကိုပင် ဆန့်ကျင်ကြသူများ ဖြစ်နေကြပါသည် (ဆာလံ ၅၁း၄၊ ရောမ ၅း၁၈၊၂၁)။

ဘုရားသခင်က ထိုသို့သောသူများကို အပြစ်မဲ့သူများဖြစ်သည်ဟု ကြေညာအမိန့်ချမှတ်ခြင်းသည်၊ ပါးရှန်းနိုင်ငံ၊ မေဒိနိုင်ငံတို့၏ ဥပဒေများကဲ့သို့၊ ပြောင်းလဲ၍မရသော အမိန့်စီရင်ချက်ဖြစ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသ

ခင်သည် မပြောင်းလဲသူ ဖြစ်ပါသည်။ ဘုရားသခင် ထိုသို့အမိန့်ချမှတ်ခြင်းတွင် မလိမ်ပါ (တော ၂၃း၁၉)။ သူ၏ အမိန့်စီရင်ချက်သည် မှန်ကန်သည် ဖြောင့်မတ်ပါသည်။

ဆိုလိုသည်မှာ အပြစ်သားသည် သူ၏ကိုယ်ပိုင် ထိုက်တန်ခြင်း (သို့) အလုပ်အကျင့်ကြောင့် ဘုရားသခင့် ရှေ့မှောက်တွင် ဖြောင့်မတ်သူ၊ အပြစ်ကင်းသူ ဖြစ်မလာနိုင်ပါဟု ပြောနေခြင်းဖြစ်သည် (ရောမ ၃း၂၈၊ ၄း၆)။ ဖြောင့်မတ်ရခြင်း၏ အကြောင်းတရားမှာ သခင်ယေရှုခရစ်တော်၏ ပြည့်စုံသောနာခံခြင်း၊ သူ၏ဝေဒနာခံစားခြင်းနှင့် သေခြင်းတို့ဖြစ်ပါသည်။

သခင်ယေရှုသည် သူ့အား ဘုရားသခင်က ပေးသောသူများကိုယ်စား အစားထိုးရပ်တည်ပေးသူဖြစ်သည်။ သူ၏ ဝေဒနာခံစားခြင်း၊ သေခြင်းတို့သည် သူတို့အပြစ်များကို ပြစ်ဒဏ်ပေးခြင်းဖြစ်သည် (ဟေရှာ ၅၃း၅)။ သူ၏ ပြည့်စုံသောနာခံခြင်းဖြင့် လျှော်ကြေးကို ပြုလုပ်ပေးပါသည်၊ "ထိုအခါ အကျွန်ုပ်သည် မယူသောဥစ္စာကိုပင် ပြန်ပေးရပါ၏" (ဆာလံ ၆၉း၄)။

သူခိုးတယောက်ကို တွေးကြည့်ပါ၊ သူ့အပြစ်အတွက် ပေးဆပ်ရမည်၊ ခိုးထားသမျှကိုလည်း ပြန်ပေးရမည်။ ထို့ကြောင့် ခရစ်တော်သည် ကျွန်တော်တို့အပြစ်များအတွက် ခံစားယုံမျှသာမကပါ၊ ကျွန်တော်တို့မပေးသော ဘုရားသခင့် ဘုန်းတော်ထင်ရှားစေခြင်း နာခံလိုက်လျှောက်မှုအတွက်လည်း ပေးဆပ်ပေးရပါသည်။

ခရစ်တော်သည် ထိုအရာအားလုံးကို သူ့လူများအတွက် လုပ်ပေးပါသည်။ သူ၏ နာခံခြင်း၊ ဝေဒနာခံခြင်း၊ အသေခံခြင်းတို့ကို သူတို့အတွက် မှတ်ယူပေးပါသည်။ ကျမ်းစာက သူတို့အတွက် "သတ်မှတ်ပေးသည်"ဟု ပြောပါသည် (၂ ကော ၅း၁၉)။ ထို့ကြောင့် သူတို့သည် ဘုရားသခင်၏ရှေ့တွင် အပြစ်ဘယ်တုန်းကမှ မရှိသူများကဲ့သို့ (သို့) တကယ့်အပြစ်ကို ဘယ်တုန်းကမှ မလုပ်ကြသူများကဲ့သို့ ဖြစ်လာကြပါသည်။

ထိုသို့ဖြစ်၍ ဖြောင့်မတ်ခြင်းဆိုသည်မှာ မည်မျှ အံ့ဩစရာကောင်းသောအရာဖြစ်ပါသနည်း? ကျွန်တော်တို့အပေါ် ဘုရားသခင်၏ အပြစ်ဒဏ်ပေးမှု မရှိတော့ပါဟု သိရခြင်းကို မည်သည့်အရာနှင့်မှ နှိုင်း၍မရပါ။ အခြားကောင်းချီးများ၊ အခွင့်ထူးများ၊ ၎င်းတို့ကိုခံစားခြင်းများအားလုံးသည် ဤအချက်အပေါ် တည်နေပါသည်။ "ထိုမျှမက ငါ၏ သခင်ယေရှုခရစ်ကို သိသောပညာသည် အဘယ်မျှလောက်မြတ်သည်ကိုထောက်၍၊ ခပ်သိမ်းသော အရာတို့ကို ရှုံးစေသော အရာကဲ့သို့ ငါထင်မှတ်၏။ ထိုသခင်ကြောင့် ခပ်သိမ်းသောအရာတို့ကို အရှုံးခံရပြီ။ သေခြင်းမှထမြောက်သောအခွင့်ကို ငါရနိုင်ကောင်းလျှင်၊ ကိုယ်တော်သည် အသေခံတော်မူသည်နည်းတူ၊ ငါသည်လည်း အသေခံ၍ ထိုသခင်ကိုရင်း၊ ထမြောက်တော်မူခြင်း၏ တန်ခိုးကိုရင်း၊ ဆင်းရဲခံတော်မူခြင်းကို ဆက်ဆံ၍ ခံခြင်းကိုရင်း၊ သိကျွမ်းခြင်းငှါ၊ ပညတ်တရားအားဖြင့်ရသော ကိုယ်ဖြောင့်မတ်ခြင်းကို မကိုးစားဘဲ၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်ခြင်းတည်းဟူသော ယုံကြည်ခြင်းအတွက်ကြောင့် ဘုရားသခင် ပေးတော်မူသောဖြောင့်မတ်ခြင်းကို ကိုးစားသဖြင့်၊ ခရစ်တော်ကိုအမြတ်ရ၍ ထိုသခင်၌ တည်ပါမည်အကြောင်း၊ ခပ်သိမ်းသောအရာ တို့ကို မစင်ကဲ့သို့ငါထင်မှတ်၏"ဟု ရှင်ပေါလုက ပြောခဲ့သလိုဖြစ်ပါသည် (ဖိ ၃း၈-၉)။

### ယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ခြင်းအကြောင်း(Justification by Faith)

ကျမ်းစာက ယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ခြင်းဟု ပြောသည့်အခါ၊ အရေးကြီးသောအချက်အတော်များများကို ပြောနေခြင်း ဖြစ်ပါသည်။

ယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ခြင်းက မည်ကဲ့သို့ အပြစ်သားတယောက် ဘုရားသခင့်ရှေ့တွင် တကယ်ဘဲ ဖြောင့်မတ်လာသည်ကို ပြသပါသည်။ ဘုရားသခင်၏တရားသူကြီးသဖွယ် ဆုံးဖြတ်ချက်ချခြင်းက မည်ကဲ့သို့ အပြစ်သားတယောက်အတွက် ဖြစ်လာသနည်း? ထိုသို့ဖြင့် ထိုအပြစ်သားသည် အပြစ်ရှိသောအဖြစ်မှ အပြစ်မဲ့သောအဖြစ်သို့ မည်သို့ ဖြတ်ကျော်သွားသနည်း? ဆိုသည်ကို ရှင်းပြပါသည်။

ကျွန်တော်တို့ ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ကြသောအခါ၊ ကျွန်တော်တို့၏ယုံကြည်ခြင်းကို ကျွန်တော်တို့၏ ဖြောင့်မတ်ခြင်းအတွက် မှတ်ယူပေးပါသည် (ကမ္ဘာ ၁၅း၆၊ ရောမ ၄း၅)။ ဘုရားသခင်သည် တရားသူကြီးအဖြစ် ထိုယုံကြည်ခြင်းကို ကျွန်တော်တို့၏ဖြောင့်မတ်ခြင်းအတွက် (သို့) အပြစ်မဲ့ခြင်းအတွက် လက်ခံပေးတော်မူပါသည်။

ဘုရားသခင်က ထိုသို့ပြုလုပ်ပေးသည့်အခါ၊ ယုံကြည်ခြင်းကိုယ်၌က ထိုက်တန်မှုရှိ၍မဟုတ်ပါ၊ (သို့) ယုံကြည်ခြင်းနှင့်နာခံခြင်းတို့ကို သူ၏ပညတ်တော်များအား ပြည့်စုံစွာလိုက်နာခြင်းဟု အစားထိုးလျှက် လက်ခံခြင်းလဲ မဟုတ်ပါ။ ထိုမှဆန့်ကျင်စွာ ယုံကြည်ခြင်း၏ ကိုယ်ပိုင်ဂုဏ်လက္ခဏာကြောင့်သာ ၎င်းကို ဖြောင့်မတ်ခြင်းအတွက် မှတ်ယူပေးခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ တွေ့ခဲ့ကြပြီးသည့်အတိုင်း ယုံကြည်ခြင်း၏အနက်ရှိုင်းဆုံးအဓိပ္ပါယ်မှာ ခရစ်တော်နှင့် ညီညွတ်စေသော တုတ်နှောင်/နှောင်ဖွဲ့မှုဖြစ်သည်။ ထိုအချက်က ကျွန်တော်တို့ မည်ကဲ့သို့ ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်လာကြကြောင်း ရှင်းပြပါသည်။ ယုံကြည်ခြင်းကို ကျွန်တော်တို့၏ဖြောင့်မတ်ခြင်းအတွက် မှတ်ယူပေးရခြင်းမှာ၊ ယုံကြည်ခြင်း

သည် လုပ်ဆောင်ခြင်းကို အစားထိုးသောကြောင့် မဟုတ်ပါ၊ ယုံကြည်ခြင်းကိုယ်၌က ထိုက်တန်မှု ရှိ၍မဟုတ်ပါ၊ ထိုမှ ဆန့်ကျင်စွာ ယုံကြည်ခြင်းက ကျွန်တော်တို့ကို ခရစ်တော်နှင့် ဆက်သွယ်ပေး၍ဖြစ်ပါသည်၊ ခရစ်တော်၏ ပြည့်စုံသော ဖြောင့်မတ်ခြင်းနှင့် ဆက်စပ်ပေး၍ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် သခင်ခရစ်တော်၏ ဖြောင့်မတ်ခြင်း၊ နာခံခြင်း၊ သန့်ရှင်းခြင်းနှင့် လုပ်ဆောင်ပေးမှုတို့ကြောင့် အမှန်ပင် ဖြောင့်မတ်ကြပြီဖြစ်သည်။ ၎င်းတို့သည် ယုံကြည်ခြင်းဖြင့် ကျွန်တော်တို့ပိုင်သောအရာများ ဖြစ်လာကြသည်။ ယုံကြည်ခြင်းက ခရစ်တော်နှင့်သူ၏ဖြောင့်မတ်ခြင်းကို အားကိုးကိုင်ဆွဲပါသည်။ သူ၏ဖြောင့် မတ်ခြင်းကြောင့်သာ ဘုရားသခင့်ရှေ့တွင် ဖြောင့်မတ်သူဟု လက်ခံကြရခြင်းဖြစ်ပါသည်။

ယုံကြည်ခြင်းသည် ခြားနားသောလုပ်ဆောင်မှုတခု မဟုတ်ပါ။ ယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ခြင်းဆိုသည်မှာ၊ လူအများက ထင်နေသကဲ့သို့ ဘုရားသခင်သည် ပညတ်တော်များအား ကျင့်ကြံလိုက်နာခြင်းတို့ကို တောင်းဆိုမည့် အစား တရားသူကြီးတဦးအဖြစ် ကျွန်တော်တို့ထံ တခုတည်းသောလုပ်ကိုင်မှုအဖြစ်-ယုံကြည်ခြင်း-ကိုသာ တောင်းဆိုခြင်း မဟုတ်ပါ။

ယုံကြည်ခြင်းသည် ကျွန်တော်တို့ ထုတ်လုပ်သောအရာမဟုတ်ပါ၊ လူအများကသင်နေကြသလို ကျွန်တော်တို့ထံမှ ထွက်ပေါ်လာသောအရာလည်းမဟုတ်ပါ။ ယုံကြည်ခြင်းသည် အပြစ်သားကပြုလုပ်သော ဆုံးဖြတ်ချက် မဟုတ်ပါ၊ အပြစ်သားသည် မိမိအပြစ်များထဲ ပျောက်ဆုံးနေသ၍ ထိုသို့သောဆုံးဖြတ်ချက်ကို ပြုနိုင်မည်မဟုတ်ပါ။ ကျွန်တော်တို့အား ဖြောင့်မတ်ရာသို့ရောက်စေသော ယုံကြည်ခြင်းကိုယ်၌က ဘုရားသခင်ပေးသော လက်ဆောင်ဖြစ်ပါသည်။ သူသည် ဖြောင့်မတ်ခြင်းကိုသာ ပံ့ပိုးပေးသည်မဟုတ်ပါ၊ ထိုဖြောင့်မတ်ခြင်း ကျွန်တော်တို့ပိုင် ဖြစ်လာစေမည့် နည်းလမ်းကိုလည်း ပံ့ပိုးပေးတော်မူပါသည်။

ထို့ကြောင့် ကျွန်တော်တို့ဖြောင့်မတ်နိုင်ရခြင်းသည် အစမှအဆုံး ဘုရားသခင်ကြောင့်သာဖြစ်ပါသည်။ ကျွန် တော်တို့ ဖြောင့်မတ်ဖို့ လိုအပ်သည်များအားလုံးကို သူ့ထံမှရပါသည်။ ကျွန်တော်တို့ကို ဖြောင့်မတ်စေသောဖြောင့် မတ်ခြင်း၊ ထိုဖြောင့်မတ်ခြင်းကို လုပ်ဆောင်ပေးသူ၊ ထိုဖြောင့်မတ်ခြင်းကို လက်ခံနိုင်ရသောနည်းလမ်း စသည်တို့ကို ဘုရားသ ခင်ထံမှ ရရှိကြပါသည်။

ထို့ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဆိုခြင်းမှာ အလုပ်(အကျင့်)အားဖြင့်မဟုတ်ပါဟု ပြောနေခြင်းဖြစ်သည်။ ကျွန်တော်တို့ကို ကောင်းမြတ်သောအလုပ်များ လုပ်စေပါသည်။ ၎င်းတို့လုပ်ရန် ကြိုတင်ခန့်အပ်ပြီး ဖြစ်ပါသည် (ဧဖက် ၂း၁၀)။ သို့သော် ထိုကောင်းသောအကျင့်အလုပ်များ လုပ်ဆောင်ကြသောအခါ၊ ကယ်တင်ခြင်းရပြီးဖြစ်သည်ကို သက်သေပြရန်၊ ကယ်တင်ခြင်းရပြီး၍ ကျေးဇူးတင်ခြင်းအထိမ်းအမှတ်ဖြင့် လုပ်ကိုင်ကြခြင်းဖြစ်ပါသည်။ ကယ်တင်ခြင်းကိုရရှိရန်၊ ထိုက်တန်ရန် လုပ်ကိုင်ကြခြင်းမဟုတ်ပါ။ ကျွန်တော်တို့၏ လုပ်ကိုင်ခြင်း/ကျင့်ကြံခြင်းများသည် ဘုရားသခင့်ရှေ့မှောက်ရှိ ကျွန်တော်တို့၏အခြေအနေနှင့် မဆိုင်ပါ။ ခရစ်တော်၏ လုပ်ဆောင်ပေးမှုများကသာ ကျွန်တော်တို့၏ ရပ်တည်ချက်ကို ပြောင်းလဲသွားစေပါသည်၊ ဖြောင့်မတ်စေပါသည်။

ထို့ကြောင့် "ကြွားဝါခြင်း အဘယ်မှာနည်း? ၎င်းကို ဖယ်ထုတ်ထားပါသည်၊"ဟု ကျမ်းစာကပြောနေပါသည် (ရောမ ၃း၂၇)။ "အဘယ့်ကြောင့်ဆိုသော် အရာအားလုံး(ကျွန်တော်တို့၏ဖြောင့်မတ်ခြင်းအပါအဝင်)သည် သူပိုင်ဆိုင်သော အရာများ၊ သူ့အားဖြင့် ဖြစ်သောအရာများ၊ သူ့အတွက်ဖြစ်သောအရာများသာ ဖြစ်ကြပါသည်၊ သူသည် ထာဝရ ချီးမြှောက်ခြင်းကို ခံတော်မူပါစေသတည်း" (ရောမ ၁၁း၃၆)။ အဖိုးအခမလိုသော၊ ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရခြင်းဖြစ်သည်၊ လက်ဆောင်အဖြစ်ပေးသောယုံ ကြည်ခြင်းအားဖြင့်ရလာသည် - ကောင်းချီးမင်္ဂလာရှိလေစွတကား! မထိုက်တန်သောအပြစ်သားများကို ဖြောင့်မတ်စေသည့်ဘုရားသခင်သည် ကျေးဇူးတော်ကြီးမြတ်သော ဘုရားသခင် ဖြစ်ပါတော့သည်တကား။

### ဖြောင့်မတ်ခြင်းနှင့်ရွေးကောက်ခြင်းအကြောင်း(Justification and Election)

ဘုရားသခင်၏လူများသည် ထာဝရကာလကပင် လုံးလုံးလျားလျား ပြည့်ဝစွာ ဖြောင့်မတ်နေခဲ့ကြပြီဟုတော့ ကျွန်တော်တို့ မယုံကြည်ကြသော်လည်း၊ ရွေးကောက်တော်မူခြင်းနှင့်ဖြောင့်မတ်ခြင်းတို့ကြားတွင် အလွန်နီးစပ်မှုရှိနေပါသည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ ဘုရားသခင်၏လူများသည် ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ကြပါသည်၊ ရွေးကောက်တော်မူခြင်းနှင့် မဟုတ်ပါ။ သို့သော် သူတို့၏ဖြောင့်မတ်ခြင်းကို ရွေးကောက်တော်မူခြင်းမှ ခွဲထုတ်ပစ်၍ မရပါ။

ပထမအနေနှင့်၊ ဘုရားသခင်သည် ထာဝရကာလမှ လူတစုကို မိမိလူများအဖြစ် ရွေးချယ်တော်မူလျှက်၊ သူတို့ကို ဖြောင့်မတ်သူများဟု အမိန့်တော်ချမှတ်ပါသည်၊ သူတို့ကိုသာဖြစ်သည်။ သူတို့သည် သန့်ရှင်းကြမည်၊ အပြစ်တင်ခွင့်

ကင်းကြမည်ဟုလည်း အမိန့်တော်ချမှတ်ပါသည် (ဇဖက် ၁း၄)။ ၄င်းကို သူတို့အားဖြောင့်မတ်စေသော ထာဝရအမိန့်တော်မြွက်ဟု ခေါ်ပါသည်။

ဒုတိယအနေနှင့်၊ သူတို့သည် ခရစ်တော်၌ ဘုရားသခင်၏ထာဝရချစ်ခြင်းဖြင့် ရွေးကောက်ခြင်း ခံကြရသဖြင့်၊ ဘုရားသခင်က သူတို့ကို ထာဝရကာလမှပင် ဖြောင့်မတ်သူများ၊ အပြစ်မဲ့သူများဟု မြင်တော်မူပါသည်။ ထို့အပြင် ဘုရားသခင်က သူတို့အပေါ် ထာဝရကာလမှနေ၍ မိမိ၏ချစ်ခြင်းကို ထားတော်မူသည်။ သူတို့ကို ထာဝရကာလမှပင် ခရစ်တော်ထံ ပေးထားခြင်းဖြစ်သဖြင့်၊ သူတို့ကို ထာဝရကာလကပင် အပြစ်မရှိသူများအဖြစ် မြင်တော်မူပါသည်။

တော်လည်ရာကျမ်း ၂၃း၂၁ သည် ထိုအချက်အတွက် အရေးကြီးပါသည်၊ "He hath not beheld iniquity in Jacob" တိုက်ရိုက်ဘာသာပြန်လျှင် "ဘုရားသခင်သည် ယာကုပ်၌ ဆိုးညစ်ခြင်းကို မြင်တော်မမူခဲ့ပါ"ဖြစ်ပါမည်။ မြန်မာကျမ်းစာတွင် လုံးဝမပါပါ။ သတိပြုရမည်မှာ ဤစာကြောင်းကို အတိတ်ကာလ(past tense)အနေနှင့် ရေးထားခြင်းကိုဖြစ်သည်။ ထိုသို့သောသုံးစွဲခြင်းကို ရောမ ဩဝါဒစာ ၉း၁၃ တွင်လဲ တွေ့ရပါသည်၊ "ယာကုပ်ကို ငါချစ်ခဲ့သည်။" ထိုသို့အသုံး ပြုခြင်းများအားလုံးက ဘုရားသခင်၏ထာဝရအမိန့်တော်များကို ရည်ညွှန်း၍သုံးကြခြင်းဖြစ်သည်။ ထိုအမိန့်တော်များကို အစိုးရတော်မူသောကျေးဇူးတော်ဖြင့် ချမှတ်ခြင်းဖြစ်သည်။

တော်လည်ရာကျမ်း ၂၃း၂၁ သည် ဘုရားသခင့်လူများအား ကျိန်ဆဲရန်ပြင်ဆင်ကြသော ဗာလက်နှင့်ဗာလန် တို့အား အဖြေပေးထားခြင်းဖြစ်သည်။ ခရစ်တော်မလာသေးသော်လည်း၊ အပြစ်ကြေအေးစေခြင်းအသွေးတော် မသွန်းရသေးသော်လည်း၊ ဘုရားသခင့်လူများကို ကျိန်ဆဲ၍မရပါ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က ချမှတ်သော ထာဝရအမိန့်တော်ကြောင့်ဖြစ်သည်။

ဤရှုထောင့်မှနေ၍သာ ကျွန်တော်တို့သည် ထာဝရဖြောင့်မတ်ခြင်းအကြောင်းကို ပြောဆိုကြပါသည်၊ ထာဝရကာလမှနေ၍ ဖြောင့်မတ်ခြင်းအကြောင်းဟုပြောလျှင် ပိုကောင်းပါမည်။ ဤထာဝရကာလမှနေ၍ ဖြောင့်မတ်ခြင်း ဆိုသည်ကို ဖြောင့်မတ်ခြင်းအကြောင်းအား ကောင်းစွာနားလည်ရန် နောက်ခံအနေနှင့်ထား၍ကြည့်ရန် အလွန်အရေးကြီးပါသည်။

ဖြောင့်မတ်ခြင်းအကြောင်းကို ဘုရားသခင်၏ ထာဝရရွေးကောက်တော်မူခြင်း အမိန့်တော်မြွက်မှနေ၍ ခွဲခြားပစ်လိုက်ခြင်းက၊ ယုံကြည်ချင်ကြလျှင် လူတိုင်းက ဖြောင့်မတ်ခြင်းကို ရနိုင်ပါသည်ဟု ပြောလာခြင်းသို့ အဆုံးသတ်သွားတတ်ပါသည်။ ထိုအခါ ချွင်းချက်နှင့်ဖြစ်သောဖြောင့်မတ်ခြင်းသို့ ကျဆုံးသွားပါသည်။ ထိုအခါ ဖြောင့်မတ်ခြင်းသည် အခမဲ့ မဟုတ်တော့ပါ၊ ကျေးဇူးတော်သက်သက်မဟုတ်တော့ပါ၊ အပြစ်သား၏တုန့်ပြန်လုပ်ဆောင်မှုအပေါ် တည်လာပါတော့သည်။ ထိုသို့သော ဖြောင့်မတ်ခြင်းကို ကျမ်းစာက သင်မပေးပါ။

ထို့ကြောင့် ရွေးကောက်တော်မူခြင်းအမိန့်တော်ဖြင့်သာ ဖြောင့်မတ်ခြင်းသည် ရွေးကောက်ခြင်းခံရသူတို့အဖို့ ခရစ်တော်၏ အသေခံတော်မူခြင်းဖြင့် ရလာခြင်းဖြစ်သည်။ သူတို့အတွက်သာဖြစ်သည်။ ထိုရွေးကောက်တော်မူခြင်း အမိန့်တော်ဖြင့် သူတို့ကိုသာလျှင်(အခြားသူများလုံးဝမပါ)၊ ယုံကြည်ခြင်းလက်ဆောင်ကို ပေးတော်မူပါသည်၊ ထိုသို့ဖြင့် ဖြောင့်မတ်ခြင်းသည် သူတို့ပိုင်ဖြစ်လာပါသည်။

ရွေးကောက်ခြင်းမခံရသူများအတွက် ဖြောင့်မတ်ခြင်း လုံးဝမဖြစ်လာနိုင်ပါ။ အပြစ်မှခွင့်လွှတ်ခံရခြင်းသည် သူတို့အတွက် မရနိုင်ပါ။ ဘုရားသခင်၏ထာဝရအမိန့်တော်များတွင်၄င်း၊ ခရစ်တော်၏လက်ဝါးကပ်တိုင်၌၄င်း မရှိသည်ကို သူတို့ထံ ကျမ်းစာအား ကပြောင်းကပြန်မလုပ်ဘဲ၊ ကမ်းလှမ်း၍ မဖြစ်နိုင်ပါ။ ကျမ်းစာက ဘုရားသခင်သည် မှန်ကန်သော၊ ပြောင်းလဲခြင်းမရှိသော ဘုရားသခင်ဖြစ်သည်ဟု သင်ပေးပါသည်။

ထို့ကြောင့် ဖြောင့်မတ်ခြင်းနှင့်ရွေးကောက်တော်မူခြင်းကြားတွင် ထိုမျှနီးကပ်လှသောဆက်နွယ်မှုရှိနေသဖြင့်၊ ကျွန်တော်တို့သည် ကျွန်တော်တို့ခံရသော ရွေးကောက်ခြင်းကို ကျွန်တော်တို့၏ ဖြောင့်မတ်ခြင်းလမ်းကြောင်းမှနေ၍သာ သိကြပါသည်။ ယုံကြည်ခြင်းအားဖြင့် အပြစ်မှခွင့်လွှတ်ခံရခြင်းကို တွေ့ကြုံခံစားကြလျှက်၊ "ယာကုပ်၌ ဆိုးညစ်ခြင်းကို မြင်တော်မမူသော၊" "အစ္စရေး၌ လွဲမှားခြင်းကို မြင်တော်မမူသော"သူထံမှ ထိုအပြစ်မှခွင့်လွှတ်ခံရခြင်းအား ရရှိကြသည်ဟု သိနေကြပါသည် (တော ၂၃း၂၁)။

မိမိ၏လူများကို အစိုးရတော်မူစွာ ဖြောင့်မတ်စေသူ၏ အမည်နာမသည် ချီးမွမ်းခြင်းကို ခံရပါစေသတည်း!

## ဖြောင့်မတ်ခြင်းနှင့်အပြစ်ဖြေခြင်းအကြောင်း(Justification and Atonement)

ဖြောင့်မတ်ခြင်းကို ရွေးကောက်ခြင်းနှင့်လက်ဝါးကပ်တိုင် နှစ်ခုစလုံးမှနေ၍ ခွဲခွာပစ်၍မရကြောင်း တွေ့ခဲ့ကြပြီ ဖြစ်သည်။ သခင်ယေရှု၏လက်ဝါးကပ်တိုင်တွင် အခြေတည်လျှက်၊ ဖြောင့်မတ်ခြင်းသည် ထာဝရကာလမှပင် တည်ရှိနေပါသည်။

ထိုအချက်သည် အလွန်အရေးကြီးပါသည်။ ထာဝရကာလမှ အမိန့်တော် ချမှတ်မထားသောအရာသည် အချိန်ကာလထဲတွင် ဖြစ်ပေါ်မလာနိုင်ပါ။ ရွေးကောက်ခြင်းမခံရသူတို့အတွက် ဖြောင့်မတ်ခြင်းဆိုသည်မျိုး မရှိနိုင်ပါ။ လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းဖြင့် ဝယ်ယူမပေးသောအရာတခုမှ၊ ရမယူပေးသောအရာတခုမှ အားလုံးသောလူသားတို့က ရနိုင်မည်မဟုတ်ပါ။

ထို့ကြောင့် ရွေးကောက်ခြင်းမခံရသူတို့ထံ ကမ်းလှမ်းသောဖြောင့်မတ်ခြင်းဆိုသည်မျိုး မရှိပါ။ ဧဝံဂေလိတရားကို လူတိုင်းထံ ဟောရပါမည်၊ ခရစ်တော်၌ရှိနေသော ဘုရားသခင်၏ဖြောင့်မတ်ခြင်းကို ကြေညာရပါမည် (ရောမ ၃း၂၅၊ ၂၆)။ ကြားရသူအားလုံး ယုံကြည်ကြပါဟု ခေါ်ရပါမည်၊ ၎င်းတို့ယုံကြည်လျှင် တကယ့်ကို ဖြောင့်မတ် ကြမည်ဟုလည်း ပြောရပါမည်။ သို့သော် ထိုသို့ကတိပေးခြင်းသည် အချိန်တန်သောအခါ ဘုရားသခင် ရွေးကောက်ထားသူတို့အတွက်သာ ဖြစ်ကြောင်း ထင်ရှားလာပါမည်။ သခင်ယေရှုက အသေခံပေးသူတို့အတွက်သာ ဖြစ်လာပါလိမ့်မည်။ ထို့ကြောင့် ဖြောင့်မတ်ခြင်းကတိတော်သည် ရွေးကောက်သူတို့အတွက်သာ ဖြစ်ပါသည်၊ ၎င်းသည် ဘုရားသခင်က ကျေးဇူးတော်အားဖြင့် ယုံကြည်ခြင်းကို ပေးအပ်သူတို့ထံ၌သာ အသေအချာ ပြည့်စုံလာပါသည်၊ ထိုယုံကြည်ခြင်းဖြင့် သူတို့ ဖြောင့်မတ်လာကြခြင်းဖြစ်သည် (ဧဖက် ၂း၈၊၉)။

ခရစ်တော်သည် ရွေးကောက်ခြင်းခံရသူတို့အတွက်သာ အသေခံတော်မူသည်ဟုပြောခြင်းသည် သီခြားဖြစ်သော ကယ်တင်ခြင်းဩဝါဒ၏ အမှန်တရားတခုဖြစ်ပါသည်။ ကျမ်းစာက ရှင်းနေအောင် သင်ပေးသော အမှန်တရား ဖြစ်သည်။ ခရစ်တော်၏အသေခံခြင်းက ဘုရားသခင့် ရွေးကောက်ခြင်းခံရသူတို့၏ ကယ်တင်ခြင်းကို သေချာစွာ ရောက်ရှိစေပါသည် (ဟေရှာ ၁၁း၊ ရော ၃း၂၄၊ ၅း၉၊ ၁၉)။ အဘယ့်ကြောင့် ထိုသို့ဖြစ်ရသနည်းဆိုသော် ခရစ်တော်က သူ၏ဝေဒနာခံစားခြင်း၊ အသေခံခြင်းတို့ဖြင့် သူ၏ပြည့်စုံသောနာခံမှုကို သူတို့၏မနာခံမှုအတွက် အစားထိုးခြင်း ဖြစ်စေပါသည်၊ သူတို့၏အပြစ်များအစား ပြစ်ဒဏ်ကို အစားထိုးခံစားပေးပါသည်။

ထိုနည်းလမ်းဖြင့် ခရစ်တော်က သူတို့အတွက် ပြည့်စုံသောဖြောင့်မတ်ခြင်းကို ထိုက်တန်ပေးပါသည်။ ထိုသို့ ပြုခြင်းကို တရားသူကြီးဖြစ်သည့် ဘုရားသခင်က လက်ခံတော်မူပါသည်။ ထိုဖြောင့်မတ်ခြင်းသည် ယုံကြည်ခြင်းဖြင့် သူတို့ပိုင် ဖြစ်လာပါသည်။ ထိုသို့ဖြင့် သူတို့၏အကုသိုလ်ဒုစရိုက်များကို ဖယ်ရှားပစ်ပါသည်၊ ထိုသို့ဖြင့် သူတို့သည် ဘုရားသခင်၏ မျက်နှာသာပေးခြင်းကို ပြန်ရကြပါသည်။ ထို့ကြောင့် ခရစ်တော်၏အလုပ်သည် သူတို့ဖြောင့်မတ်ရခြင်း၏ အခြေခံဖြစ်ပါသည်။

ခရစ်တော်၏အသေခံခြင်းကို ဘုရားသခင့်လူတို့အတွက် ဖြောင့်မတ်ခြင်းအနေနှင့် ဓမ္မဓိဋ္ဌာန်ကျစွာ ပြောနိုင်ပါမည် (ရောမ ၅း၁၉)။ သူ၏သေခြင်းဖြင့် သူတို့ကို ဘုရားသခင်နှင့်ခြားနားစေသောအရာများအားလုံးကို ဖယ်ရှားပစ်လိုက်သည်၊ ထို့အပြင် ဘုရားသခင်ကလက်ခံသော၊ အတည်ပြုသော ဖြောင့်မတ်ခြင်းကို သူတို့အတွက် ထိုက်တန်စွာ ရယူပေးသည် (ဟေရှာ ၅၃း၁၁)။

ထို့ကြောင့် သခင်ခရစ်တော်က ထိုက်တန်စွာရယူပေးသည့် ဖြောင့်မတ်ခြင်းသည် ယေဘုယျဆန်သော ဖြောင့်မတ်ခြင်း မဟုတ်ပါ၊ တဦးချင်းအလိုက်ဖြစ်သည့် တိကျသောလူတစုအတွက် ဝယ်ယူပေးခြင်းဖြစ်သည်၊ ထိုဖြောင့်မတ်ခြင်းကို ထာဝရအမိန့်တော်မှနေ၍ ချမှတ်ပြီးဖြစ်သည်။ လက်ဝါးကပ်တိုင်ပေါ် ခရစ်တော်ပေးသောတန်ဖိုးကြောင့် ရလာခြင်းဖြစ်သည်။ ထိုဖြောင့်မတ်ခြင်းမှလွဲ၍ အခြားနောက်တမျိုးမရှိပါ (ရောမ ၁၀း၁-၄)။

အစိုးရတော်မူသော၊ ကျေးဇူးတော်နှင့်ဖြစ်သော၊ တဦးချင်းအလိုက် သီခြားဖြစ်သော ရွေးကောက်တော်မူခြင်း၊ တဦးချင်းစီအတွက်ဖြစ်သော အပြစ်ဖြေခြင်း စသည်တို့က ခရစ်တော်ထံ ဘုရားသခင်က ပေးထားသူများအားလုံးသို့ ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ခြင်းကို တကယ်ပင်ရမည်ဟု အာမခံချက်ပေးနေပါသည်။ လူသားတယောက် မကျန် ဖြောင့်မတ်နိုင်ပါသည်ဟု ပြောခြင်းသည် လိမ်ညာခြင်းသာဖြစ်ပါသည်။

## မွေးစားခြင်းအကြောင်း(Adoption)

မွေးစားခြင်းအကြောင်းကို အများအားဖြင့် ကယ်တင်ခြင်း၏အစီအစဉ်ထဲတွင် ထည့်သွင်းလေ့ မရှိကြပါ။ အဘယ့်ကြောင့်ဆိုသော် ကျမ်းစာကမပြော၍မဟုတ်ဘဲ၊ ၎င်းမွေးစားခြင်းသည် ဖြောင့်မတ်ခြင်း၏အကျိုးရလဒ် ဖြစ်နေ၍ ဖြစ်ပါသည်။ ထို့ကြောင့် ဖြောင့်မတ်ခြင်း၏အစိတ်အပိုင်းအဖြစ် နားလည်ကြသည်ကများပါသည်။

မွေးစားခြင်းသည် ဖြောင့်မတ်ခြင်းကြောင့်ရလာသော အကျိုးရလဒ်များ၏ ပထမဆုံးနှင့်အကြီးမြတ်ဆုံးရလဒ် ဖြစ်ပါသည်။ ကျွန်တော်တို့၏အပြစ်များ အခမဲ့ခွင့်လွှတ်ခြင်းခံကြရသောအခါ၊ ကျွန်တော်တို့ကို ခရစ်တော်၌ ဖြောင့်မတ်သူများ ဖြစ်လာစေပါသည်၊ ဘုရားသခင်က ကျွန်တော်တို့ကို လက်ခံယုံမျှသာမက၊ သူ၏ချစ်လှစွာသော သားသမီးများအဖြစ် ကျွန်တော်တို့ကို လက်ခံတော်မူပါသည်။

ကျမ်းစာက မကြာခဏ ကျွန်တော်တို့၏မွေးစားခံရခြင်းအကြောင်းကို ပြောပြပါသည်၊ ကျွန်တော်တို့သည် ကျေးဇူးတော်ကြောင့် ဘုရားသခင်၏သားသမီးများဖြစ်ကြပါသည်။ သူသည် ကျွန်တော်တို့၏ဖခင်ဖြစ်တော်မူသည်။ ထို့ကြောင့် မွေးစားခြင်းအကြောင်းကို သီးသန့်အခန်းတခုအနေနှင့် လေ့လာခြင်းသည် မသင့်တော်သောအရာ မဟုတ်ပါဟု ပြောရပါမည်။

မွေးစားခြင်းသည် ဖြောင့်မတ်ခြင်းကဲ့သို့ အဆင့်ဆင့်ရှိပါသည်။ ၎င်းကို ဘုရားသခင်၏ ထာဝရအကြံအစည်တော်အထိ ပြန်ကြည့်၍ရပါသည်။ ၎င်း၏အဆုံးသတ်ပြည့်စုံခြင်းသည် ကောင်းကင်သစ်မြေကြီးသစ်တွင် ဖြစ်ပါမည်။ ထိုအဆင့်များမှာ၊-

ပထမ၊ ဘုရားသခင်က ကျွန်တော်တို့ကို ချစ်သည်၊ ထာဝရကာလမှနေ၍ သူ့သားသမီးများဖြစ်လာရန် ရွေးချယ်သည်(ရော မ ၈း၂၉၊ ဧဖက် ၁း၅)။ ဘုရားသခင်က ကျွန်တော်တို့ကို ချစ်ရခြင်းသည်၊ ကျွန်တော်တို့သည် သူ၏သားသမီးများ ဖြစ်ထိုက်၍မဟုတ်၊ ထိုမှချားနားစွာ သူ၏သားသမီးများဖြစ်လာရန် ချစ်ခြင်းဖြစ်သည်။ ကျွန်တော်တို့ကို သူ၏သားသမီးများဖြစ်လာရန် ကြိုတင်ခွဲခန့်မှတ် သားတော်မူပါသည်။

ဒုတိယ၊ ခရစ်တော်၏ဝေဒနာခံစားခြင်းနှင့်အသေခံခြင်း၌ ဘုရားသခင်က ကျွန်တော်တို့ သူ၏သားသမီးများဖြစ်လာရန် ဥပဒေနှင့်ညီသောအခြေခံကို ပံ့ပိုးပေးပါသည်။ ထိုသို့မဟုတ်လျှင် သူ၏ဖခင်နှင့်တူသောချစ်ခြင်း၊ ဂရုစိုက်ခြင်းများကို ရရန်အခွင့်အရေး ရှိကြမည်မဟုတ်ပါ၊ ထို့အပြင် သူ၏အိမ်တော်၌နေရန်လည်း အခွင့်ရကြမည်မဟုတ်ပါ (ဂလာ ၄း၄၊၅၊ ဧဖက် ၂း၁၃)။ ထို့ကြောင့် ယျှလိုပြောလျှင်ရပါမည်၊ "ကျွန်တော်တို့၏မွေးစားခံရခြင်းစာလွှာကို ခရစ်တော်၏ အသွေးတော်ဖြင့် ရေးသားက၊ တံဆိပ်ခတ်နိုပ်ထားပါသည်။"

တတိယ၊ ကျွန်တော်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ကိုင်ပေးမှုဖြင့် ဘုရားသခင်နှင့်မိတ်ဆွေဖြစ်ခြင်းသို့၊ ဘုရားသခင်၏မိသားစုအတွင်းသို့ တကယ်လက်တွေ့ လက်ခံခြင်းခံကြရပါသည်။ ထိုသို့ဖြင့် ကျွန်တော်တို့သည် သူ၏ချစ်ခြင်းနှင့်ဂရုစိုက်ခြင်းကို တွေ့ကြုံခံစားကြရသည် (ဂလာ ၄း၆၊၇)။ သန့်ရှင်းသောဝိညာဉ်တော် ရောက်လာခြင်းကို ပြောသည့်အခါ၊ ခရစ်တော်က "ငါသည်သင်တို့ကို မိဘမဲ့ဖြစ်စေခြင်းငှါ စွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့ လာဦးမည်"ဟု အတိအကျပြောခဲ့ပါသည် (ယော ၁၄း၁၈)။

ကျွန်တော်တို့ကို ဘုရားသခင်က မွေးစားသောအခါ၊ လူ့လောကထဲရှိ မွေးစားခြင်းထက် ပို၍မြင့်မားသောအခြေအနေတခုကို ပြုတော်မူပါသည်။ ၎င်းမှာ ဘုရားသခင်က ကျွန်တော်တို့ကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူနှင့်တပုံစံထဲ ပြန်ဖြစ်လာရန် ဒုတိယအကြိမ် မွေးဖွားစေခြင်းဖြစ်ပါသည်။ ထိုသို့ဖြင့် ကျွန်တော်တို့သည် သူနှင့်တူလာကြပါသည်။ ထိုအချက်သည် လူသားများတ ဦးနှင့်တဦး မွေးစားကြချိန်တွင် ဘယ်တော့မှ မဖြစ်နိုင်သော ကိစ္စဖြစ်ပါသည် (ဧဖက် ၄း၂၄၊ ၁ယော ၃း၁၊၂)။

စတုတ္ထ၊ ကျွန်တော်တို့သည် "နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး"သဖြင့် (၁ယော ၃း၁)၊ တရားစီရင်ခြင်းနေ့ရက် ရောက်လာဦးမည်ဖြစ်သည်၊ ၎င်းကို ကျမ်းစာက "ဘုရားသခင့်သားများ ပေါ်ထွန်းလာမည့်အချိန်"ဟုခေါ်ပါသည် (ရောမ ၈း၁၉)။ ထိုအချိန်ရောက်သော် ကျွန်တော်တို့သည် ခရစ်တော်၌မည်သို့ဖြစ်ကြသည်ကို အားလုံးကတွေ့ပါမည်။ ထို့နောက် ကျွန်တော်တို့၏ ဖခင်နှင့်ထာဝရနေထိုင်ရန် ထာဝရအိမ်တော်ကို ရကြမည်ဖြစ်သည်။ ထိုနေ့တွင် ကျွန်တော်တို့၏ ကိုယ်ခန္ဓာများကိုလည်း မွေးစားတော်မူမည်ဖြစ်သည်။ ဆိုလိုသည်မှာ မျက်မှောက် အချိန်လွှမ်းမိုးနေသော အပြစ်၏တန်ခိုးမှနေ၍ ကယ်တင်ခြင်းကိုဆိုလိုသည်။ ထို့အတွက် ကျွန်တော်တို့ စောင့်နေကြဆဲဖြစ်သည်။

ထာဝရကာလမှ ခွဲခန့်မှတ်သား၊ ခရစ်တော်၌ပြင်ဆင်၊ ဝိညာဉ်တော်အားဖြင့် ပိုင်ဆိုင်၊ ထာဝရကာလတွင် ပြည့်စုံ - မည်မျှ အံ့ဩစရာကောင်းသော ဘုရားခင်၏ မွေးစားတော်မူခြင်း ဖြစ်ပါသနည်း! "ဘုရားသခင်၏သားများဟု ခေါ်ဝေါ်ခြင်း

အခွင့်ကို ငါတို့သည် ရမည်အကြောင်း၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ကြည့်ရှုဆင် ခြင်ကြလော့"ဟု ယောဟန်ကပြောခဲ့သလိုဖြစ်ပါသည် (၁ယော ၃း၁)။

## ငြိမ်းချမ်းခြင်းအကြောင်း(Peace)

ကျွန်တော်တို့နေထိုင်ကြသော မယုံကြည်သူကမ္ဘာကြီးက ငြိမ်းချမ်းရေးအကြောင်းကို အတော်ကလေး ပြောဆိုနေပါသည်။ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး၊ တိုက်ခိုက်ခြင်း၊ စစ်ပွဲရှိသည့်နေရာတိုင်း ငြိမ်းချမ်းရေး။ မည်သူမျှ သွေးမြေကျခြင်း၊ သတ်ဖြတ်ခြင်း၊ ဆူပူခြင်းတို့ကို မကြိုက်၊ အားလုံးက ငြိမ်းချမ်းရေးကိုသာ ပိုလိုချင်ကြသည်။ ထိုသို့ ဖြစ်သော်လည်း ကျမ်းစာက ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောပြစရာရှိနေသည်ကို ကျွန်တော်တို့ မမေ့ရပါ။ စစ်မှန်သော ငြိမ်းချမ်းရေးသည် ဖြောင့်မတ်ခြင်း၏ အသီးအပွင့်တခုဖြစ်ပါသည် (ရောမ ၅း၁)။

ကျမ်းစာကပြောပါသည်၊ လူဆိုးတို့ထံတွင် ငြိမ်သက်ခြင်းမရှိပါ (ဟေရှာ ၅၇း၂၁)။ သူတို့က ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးဟု ပြောနေကြသည်၊ သို့သော် ငြိမ်းချမ်းရေးသည် မရှိနိုင်ပါ (ယေရမိ ၆း၁၄)။ သူတို့သည် လှုပ်ခပ်နေသော ပင်လယ်နှင့်တူကြသည်၊ ငြိမ်ငြိမ် ဘယ်တော့မှမနေနိုင်၊ သူတို့၏ရေများက အမှိုက်သရိုက်ရေမှော်များကို ကမ်းပေါ်သို့ ပုတ်တင်ကြသည် (ဟေရှာ ၅၉း၈)။

ထိုဖေါ်ပြချက်အားလုံး မှန်ကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် ငြိမ်းချမ်းရေးအစစ်အမှန်ကို ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ထံမှသာ ရနိုင်၍ဖြစ်ပါသည်။ ခရစ်တော်သည် ငြိမ်းချမ်းရေး၏ အရှင်မင်းသား ဖြစ်သည် (ဟေရှာ ၉း၆)။ သူ၏ငြိမ်းချမ်းရေးသည် ဘုရားသခင်နှင့် အဆင်ပြေခြင်းဖြင့် ရလာသော ငြိမ်းချမ်းရေးဖြစ်သည်၊ ဘုရားသခင်က အပြစ်ဒါဏ်မခတ်တော့ပါဟု သိရာမှ ရလာသော စိတ်၏ငြိမ်းချမ်းခြင်းဖြစ်သည်။ ခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ် အသေခံလျှက်ပြုလုပ်ပေးသော ယဇ်ပူဇော်ခြင်း၊ အသွေးသွန်းခြင်းတို့အားဖြင့် အပြစ်များမှ ခွင့်လွှတ် ခြင်းခံရသည်ဟု တွေကြုံခံစားခြင်းမှလာသော ငြိမ်းချမ်းရေးဖြစ်ပါသည်။

စစ်မှန်သောငြိမ်းချမ်းရေးသည် သြတ္တပ္ပစိတ်၊ ဝိညာဉ်၊ နှလုံးသားအေးငြိမ်းခြင်းဖြစ်ပါသည်၊ ဘုရားသခင် ကျွန်တော်တို့အပေါ် စိတ်မဆိုးတော့ပါ၊ ခရစ်တော်က ကျွန်တော်တို့အပြစ်များကို ယူဆောင်သွားပေးခဲ့ပြီ၊ ထို့ကြောင့် ကျွန်တော်တို့ကို ဘုရားသခင်၏ချစ်ခြင်းမှနေ၍ မည်သည်ကမှ ခွဲခွာရအောင် မလုပ်နိုင်တော့ပါဟု သိသောအသိပညာမှသာ ထိုငြိမ်းချမ်းခြင်းသည် ရောက်လာပါသည်။ "ဖြောင့်မတ်ခြင်းတရားသည်လည်း၊ ငြိမ်သက်ခြင်းကို ပြုစုလိမ့်မည်။ ဖြောင့်မတ်ခြင်းအကျိုးမူကား၊ ထာဝရငြိမ်သက်ခြင်းနှင့် လုံခြုံခြင်းတည်း" (ဟေရှာ ၃၂း၁၇)။

ထိုငြိမ်းချမ်းခြင်းသည် ခရစ်တော်အား ဖြောင့်မတ်စေသူအဖြစ် ယုံကြည်ခြင်းမှရလာပါသည်၊ "ထို့ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ကြသည်ဖြစ်၍၊ ငါတို့သည် ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်နှင့်အတူ ငြိမ်းချမ်းရေးကို ရကြပါသည်"(ရောမ ၅း၁)။ ဘုရားသခင်၏ပညတ်တော်များအတိုင်း နာခံခြင်းဖြင့် အသက်ရှင်သူတို့က သာ ထိုငြိမ်းချမ်းရေးကို ရရှိကြပါသည် "ချစ်သူတို့၊ သင်တို့သည် အညစ်အကြေးနှင့်ကင်းစင်၍ အဘယ်အပြစ်မျှမပါဘဲ၊ ရှေ့တော်သို့ ငြိမ်ဝပ်စွာရောက်မည် အကြောင်းကြိုးစားအားထုတ်ကြလော့" (၂ပေ ၃း၁၄)။

ထိုဝိညာဉ်ရေးရာငြိမ်းချမ်းရေး မရှိလျှင်၊ ဘာမှအဓိပ္ပါယ်မရှိနိုင်ပါ။ ဘုရားသခင်ထံမှရသော ငြိမ်းချမ်းရေး မဟုတ်ပါလျှင်၊ လူသားတို့ကြား၌ ရှိပါသည်ဆိုသော ငြိမ်းချမ်းရေးသည် အတုအယောင်မျှသာဖြစ်ပါမည်။ ထို့အပြင် သခင်ယေရှုအားဖြင့်ရလာသော ဘုရားသခင်၏ငြိမ်းချမ်းရေး မပါလျှင်၊ လူသားတို့ကြား ငြိမ်းချမ်းစွာ နေထိုင်ခြင်း သည်လည်း တကယ်တမ်း ဖြစ်မလာနိုင်ပါ။

နိုင်ငံရေးသမားများ၊ ညှိနှိုင်းရေးသမားများ၊ အပြစ်အခတ်ရပ်ဆဲရေးသဘောတူညီမှုများက တကယ်ငြိမ်းချမ်းသော ရေရှည်ငြိမ်းချမ်းရေးကို ဖြစ်မလာစေပါ။ ဖြစ်လာအောင် စွမ်းဆောင်နိုင်သည်ဆိုဦးတော့၊ ထိုသို့သော လုပ်ဆောင်ခြင်းများက လူတို့၏နှလုံးသားများကို ပြောင်းမသွားစေနိုင်ပါ။ သခင်ယေရှုခရစ်ထံမှလာသော ဘုရားသခင်၏ ကျေးဇူးတော် သူတို့ထံရောက်မလာသ၍ လူသားတို့သည် "မနာလိုခြင်း၊ ငြူစူခြင်း၌ ကျင်လည်သောသူ၊ စက်ဆုပ်ရွံရှာဘွယ်သောသူ၊ အချင်းချင်းမုန်းသောသူများသာ ဖြစ်နေကြပါမည်" (တိတု ၃း၃)။

ဘုရားသခင်နှင့် ငြိမ်းချမ်းရေးအစစ်အမှန် မရသ၍၊ ဆူပူဆန္ဒပြမှုများ၊ စစ်မှုများ ကမ္ဘာပေါ်တွင် အမြဲရပ်တန့်နေခြင်း ရှိနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ခရစ်ယာန်တို့သည် လူသားအဖွဲ့အစည်းတို့၏ ကြိုးပမ်းခြင်းများ၊ ကတိကဝတ်များကို မယုံနိုင်ကြခြင်းဖြစ်သည်။ ခရစ်တော်ယာန်တို့သည် ခရစ်တော်ပြန်လာချိန်ကိုသာ မျှော်လင့်ကြပါသည်။ မျက်မှောက်ကမ္ဘာကြီး အဆုံးသတ်ချိန်၊ ကောင်းကင်သစ်မြေကြီးသစ် ရောက်လာချိန်ကိုသာ မျှော်လင့်ကြပါသည်(ဗျာ ၂၁)။ အသင်းတော်အတွက်ကြောင့်သော်၎င်း၊ မိမိ၏မိသားစုများအတွက်ကြောင့်သော်၎င်း ကမ္ဘာပေါ်တွင် ခေတ္တခဏ ဆူပူမှုများ၊ စစ်မှု

များ အဆုံးသတ်ကာ ငြိမ်းချမ်းရေးရှိဖို့ ခရစ်ယာန်တဦးက ဆုတောင်းတတ်ပါသော်လည်း သူတကယ်မျှော်လင့်သော ငြိမ်းချမ်းရေးသည် ဤကမ္ဘာကြီး၏ ဟိုမှာဖက်၊ နောက်လာမည့်ကမ္ဘာတွင်သာ ရှိနေပါသည်။

ထို့အတွက်ကြောင့် သခင်ယေရှုက သူ့ကိုယုံကြည်သောသူအားလုံးထံ "ငြိမ်သက်ခြင်းကို သင်တို့၌ ငါထားခဲ့၏။ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။ လောကီသားတို့ ပေးသကဲ့သို့ ငါပေးသည် မဟုတ်။ သင်တို့စိတ်နှလုံး ပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်း မရှိစေနှင့်"ဟု ပြောခဲ့ခြင်းဖြစ်သည် (ယော ၁၄း၂၇)။

ဘုရားသခင်က သင်နှင့်ကျွန်တော့်ကို စစ်မှန်သောငြိမ်းချမ်းရေး ပေးပါစေသော၊ လူအများကိုလည်း ပေးပါစေသော!

## ပြောင်းလဲခြင်းအကြောင်း(Conversion)

ပြောင်းလဲခြင်းအကြောင်းကို ပြန်လည်မွေးဖွားခြင်းခေါင်းစဉ်နှင့် တွဲ၍လေ့လာမည်ဆိုပါကလည်း အင်မတန်ကောင်းပါသည်။ ထိုအခါ ပြောင်းလဲခြင်း၏အစပျိုးမှုကို လေ့လာခြင်းဖြစ်ပါမည်။ ခရစ်ယာန်အများစုက "မင်းဘယ်တုန်းက ပြောင်းလဲတာလဲ"ဟု မေးကြသည့်အခါ ဘုရားသခင့်ကျေးဇူးတော်၏ သူ့လူများထဲတွင်ပြုလုပ်ပေးသော လုပ်ဆောင်ပေးမှု အစပျိုးအချိန်ကို ဆိုလိုနေကြခြင်း ဖြစ်နေတတ်ပါသည်။ သို့ဆိုသော်လည်း ကျွန်တော်တို့အနေနှင့် ပြောင်းလဲခြင်းဆိုသောအကြောင်းကို သန့်ရှင်းစေခြင်းဆိုသော ခေါင်းစဉ်နှင့်သာဆက်နွယ်၍ လေ့လာလိုကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြောင်းလဲခြင်းဆိုသည်မှာ ခရစ်ယာန်တဦး၏အသက်တာတွင် နေ့တိုင်းဖြစ်နေရသော၊ ဆက်လက်ဖြစ်နေရသော အပြုအမူဖြစ်သောကြောင့်ဖြစ်ပါသည်။ ပြောင်းလဲခြင်းဆိုသော စကားလုံး၏အဓိပ္ပါယ်ကိုယ်၌က "လှည့်ပြန်ခြင်း"(turning) ဖြစ်ပါသည်။

ထိုလှည့်ပြန်ခြင်းက အပြစ်မှနေ၍ ဘုရားသခင့်ထံသို့ဖြစ်ပါသည် (ယေဇ ၃၃း၁၁၊ လုကာ ၁း၁၆)။ နှစ်ခုစလုံး ပါဝင်ရမည်ဖြစ်သည်။ အချို့သောသူများသည် တိကျသောအပြစ်မှ ပြန်လှည့်သွားတတ်ကြသည်၊ ဥပမာ - အရက်သောက်ခြင်းမှနေ၍၊ သို့သော် ဘုရားသခင့်ထံသို့တော့ မဟုတ်တတ်ပါ။ သူတို့ကို ပြောင်းလဲသည်ဟု ပြော၍ မရပါ။ အချို့ကတော့ ငါတို့ ဘုရားသခင်ထံ လှည့်ပြန်ကြပြီဟု ပြောတတ်ကြပါသည်၊ သို့သော် သူတို့ပြုနေကျ အပြစ်များမှနေ၍တော့ မဟုတ်ပြန်ပါ။ သူတို့ကိုလည်း ပြောင်းလဲသူများဟု ပြော၍မရပါ။

အပြစ်မှနေ၍ လှည့်ပြန်ခြင်းတွင်၊ နောင်တရခြင်း၊ အပြစ်၊ စာတန်နှင့် အသွေးအသားကို စဉ်ဆက်မပြတ် ဆန့်ကျင်ခြင်းတို့ ပါဝင်နေပါသည် (တမန် ၂၆း၂၀၊ ၁ကော ၉း၂၆၊၂၇၊ ဂလာ ၅း၁၇)။ ၎င်းကို ကျမ်းစာက လူဟောင်းအားချွတ်ပယ်ခြင်းဟု ခေါ်ပါသည် (ကော ၃း၉)။ ဘုရားသခင်ထံလှည့်ပြန်ခြင်းတွင် အသက်ရှင်ခြင်း၏သန့်ရှင်းမှု ပါဝင်ပါသည် (တမန် ၂၆း၁၈)၊ ၎င်းကို ကျမ်းစာက လူသစ်ကို ယူတင်ဝတ်ဆောင်ခြင်းဟု ခေါ်ပါသည် (ကော ၃း၁၀)။

လူအများတို့က ဤနေရာတွင် မှားနေတတ်ကြပါသည်။ သူတို့က ဝတ်ပြုပွဲတခုတွင် လက်များမြှောက်ပြခြင်း (သို့) "ခရစ်တော်အတွက် ဆုံးဖြတ်ချက်ပြုခြင်း" စသည်တို့ကို ပြောင်းလဲခြင်း၏သက်သေများဟု ထင်နေတတ်ကြပါသည်။ ထို့ထက်ဆိုးသည်မှာ ထိုသို့ပြုခြင်းဖြင့် သူတို့ကိုယ်သူတို့ ပြောင်းလဲသူများဟု ထင်နေကြခြင်းဖြစ်သည်၊ ထိုသို့ပြုသူများသည် ပြောင်းလဲကြပြီဟု ထင်နေတတ်ကြခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နောင်တရခြင်းနှင့် သန့်ရှင်းခြင်း မပါလျှင် ပြောင်းလဲခြင်းသည် အတုအယောင်သာဖြစ်ပါသည်၊ ထိုသို့သောသူများသည် ဘုရားသခင်၏နိုင်ငံတော်မှ အဝေးကြီးတွင် ရှိနေကြဆဲဖြစ်ပါသည် (မဿဲ ၁၈း၃)။

ပြောင်းလဲခြင်းတွင်ပါဝင်သော (အပြစ်မှနေ၍ဘုရားသခင်ထံသို့)ပြန်လှည့်ခြင်းသည် ဘုရားသခင်က သူ၏အစိုးရတော်မူသောကျေးဇူးတော်ကို ကျွန်တော်တို့ဘဝများသို့ ဖေါ်ပြသောအချိန်တွင် စတင်ဖြစ်ပွားပါသည်။ သို့သော် ထိုမျှနှင့် ရပ်တန့်သွားသည် မဟုတ်ပါ။ နေ့တိုင်း ကျွန်တော်တို့သည် မိမိတို့အပြစ်များမှနေ၍ ပြန်လှည့်ကြရမည် ဖြစ်ပါသည်။ ကျွန်တော်တို့ အပြစ်လုပ်နေသရွေ့၊ နောင်တ ရကိုရရမည်ဖြစ်သည် (၁ယော ၁း၈-၉)၊ ထို့အပြင် ကျွန်တော်တို့သည် ဘုရားသခင်အား ကြောက်ရွံ့ရိုသေခြင်းထဲ၌ သန့်ရှင်းခြင်းကို ပို၍ပြည့်စုံရန် ဆက်လက်အသက်ရှင်နေရမည်ဖြစ်ပါသည် (၂ကော ၇း၁)။

ဤ နေ့တိုင်းပြောင်းလဲရမည် ဆိုသည့်အကြောင်းကို အထူးပြုနားလည်ရပါမည်။ အရေးတကြီး မေးနေရမည့်မေးခွန်းမှာ "သင် ဘယ်တုန်းက ပြောင်းလဲခဲ့သလဲ?"မဟုတ်ပါ၊ "သင် ဒီအချိန်မှာ ပြောင်းလဲနေပါသလား?"ဖြစ်ပါသည်။ "ခရစ်တော်အတွက် ဆုံးဖြတ်ချက်ပြုခြင်း"ဟု ပြောနေကြသည့်အရာမဟုတ်ပါ၊ (သို့) နှစ်ပေါင်းအတော်ကြာက တွေ့ကြုံခဲ့သောခံစားချက်၊ ယခုတော့ ထိုအတွေ့အကြုံသည် ဘာမှမဟုတ်တော့၊ ယခင်နေခဲ့သလို၊ ပြုခဲ့သလို ထုံးစံ အတိုင်း ဆက်ရှင်နေပြီ၊ တခါတုန်းက အတိတ်မှာ ဆိုသည်မျိုး မဟုတ်ပါ။ ထိုသို့သောသူ များသဖြင့် တချို့သောအဖွဲ့များတွင် "ဇာ

တိခရစ်ယာန်"(carnal christian)ဆိုသည်မျိုး ရှိပါသည်ဟုပင် ပြောနေကြပါသည်။ ထိုသို့ပြောသည့်အခါ၊ တခါတုန်းက ယုံကြည်ဘူးသူ (သို့) ပြောင်းလဲခြင်းအတွေ့အကြုံကို ရဖူးသူ သို့သော် ယခုတွင် မပြောင်းလဲတော့ဘဲ အပြစ်ထဲတွင် ဆက်နေကြသူများကို ရည်ညွှန်းကြခြင်းဖြစ်သည်။

မိမိတို့ကယ်တင်ခြင်း မည်သည့်အချိန်မှစရသည်ကို နေ့စွဲ၊ အချိန်အတိအကျ မသတ်မှတ်နိုင်ခြင်းသည် ဘာမှပြဿနာမရှိပါ။ လူတိုင်းသည် ပေါလုပုံစံမျိုးနှင့်ချည်း ကယ်တင်ခြင်းခံကြရသည် မဟုတ်ပါ (၂တိ ၃း၁၅)။ ခရစ်ယာန်တို့သည် ယခုအချိန်တွင် ဘုရားသခင်၏ အံ့ဩဖွယ်ကျေးဇူးတော်ဖြင့် ပြောင်းလဲသောအသက်တာများတွင် နေထိုင်ကြသည်ဆိုလျှင်၊ ဘုရားသခင့်ဝိညာဉ်တော်စွမ်းအားဖြင့် အပြစ်မှပြန်လှည့်သောအသက်တာများ၌ ရှင်သန်နေကြသည်ဆိုလျှင်၊ သူတို့သည် ပြောင်းလဲသူများဖြစ်ကြပါသည်။

ပြောင်းလဲခြင်းသည်လည်း ဘုရားသခင့်ဝိညာဉ်တော်က ပြုလုပ်ပေးသောအရာ ဖြစ်ပါသည် ဆိုသည်ကို မမေ့ဘဲနေကြပါမည်။ ၎င်းသည် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်နှင့် ရွေးချယ်မှုအပေါ် တည်မှီသည် မဟုတ်ပါ။ ပရောဖက် ယေရမိက "အကျွန်ုပ်ကို သွေးဆောင်တော်မူပါ။ သို့ပြုလျှင်၊ အကျွန်ုပ်သည် ပြန်လာပါမည်။ အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ ဘုရားသခင်ဖြစ်တော်မူ၏"ဟု ရေးထားသကဲ့သို့ဖြစ်ပါသည် (ယေ ၃၁း၁၈)။

## သန့်ရှင်းစေခြင်းအကြောင်း(Sanctification)

သန့်ရှင်းစေခြင်းအကြောင်းသည် ကယ်တင်ခြင်းအစီအစဉ်တွင် နောက်ဆုံးဖြစ်ပါသည်၊ သို့သော် အရေးကြီးမှုတွင်တော့ နောက်ဆုံးမဟုတ်ပါ။

သန့်ရှင်းစေခြင်းတွင် ဘုရားသခင်က ကျွန်ုပ်တို့၏ကယ်တင်ခြင်းတွင် ထားတော်မူသော ရည်ရွယ်ချက်စတင်ပြည့်စုံပါသည်၊ ၎င်းရည်ရွယ်ချက်မှာ - ဘုရားသခင်၏ ဘုန်းတော်ထင်ရှားရန် ဖြစ်ပါသည်။ သန့်ရှင်းစေခြင်းသည် သန့်ရှင်းခြင်းနှင့် ပတ်သက်သောအရာဖြစ်သည်။ သန့်ရှင်းစေခြင်းဆိုသည့်စကားလုံးက သန့်ရှင်းရန်ပြုလုပ်ပေးသည်ဟု အဓိပ္ပါယ်ရပါသည်။ ဘုရားသခင်၏လူများသည် သန့်ရှင်းစွာနေထိုင်ခြင်းဖြင့် ဘုရားသခင်၏ဘုန်းတော်နှင့် သူ၏ကျေးဇူးတော်အကြောင်းကို စတင်ပြသကြပါသည်။

ထို့ကြောင့် သန့်ရှင်းစေခြင်းဆိုသည်မှာ တဘဝလုံးဆက်လက်နေသောအရာဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်က ယုံကြည်သူတို့၏ နှလုံးသားများနှင့်ဘဝများတွင် ပြုလုပ်ပေးခြင်းဖြစ်သည်။ ဝိညာဉ်တော်က သူတို့ကို သန့်ရှင်းစေပါသည်၊ သူတို့ကို အပြစ်နှင့်ညစ်ညူးခြင်းတန်ခိုးအောက်မှ ကယ်လွှတ်ပါသည်။ ထိုသို့ဖြင့် သူတို့သည် ဘုရားသခင်၏ စကားကို နားထောင်ခြင်းအသက်တာ၊ သူ၏နှုတ်ကပတ်တော်ကို နာခံခြင်းအသက်တာ၌ စ၍ အသက်ရှင်ကြပါသည်။ ထိုသို့ဖြစ်ခြင်းသည် အသစ်ပြုပြင်ခြင်းအချိန်မှစတင်ကာ သေခြင်းနှင့်ဘုန်းတော်ဝင်စားခြင်း၌ အဆုံးသတ်ပါသည်။

၎င်းသည် ဖြောင့်မတ်ခြင်းနှင့်ခြားနားပါသည်။ သန့်ရှင်းစေခြင်းသည် ခရစ်တော်က ကျွန်ုပ်တို့အထဲတွင် လုပ်ပေးသော အရာဖြစ်သည် (ဖြောင့်မတ်ခြင်းဆိုသည်မှာ ခရစ်တော်က ကျွန်ုပ်တို့အတွက် ပြုလုပ်ပေးသော အရာဖြစ်သည်)။ သန့်ရှင်းစေခြင်းသည် ဘဝတလျှောက်လုံးတွင် လုပ်ပေးခြင်းဖြစ်သည် (ဖြောင့်မတ်ခြင်းမှာ တကြိမ်သာ ပြုလုပ်ပေးသည်၊ တကြိမ်နှင့်လုံလောက်သည်)၊ သန့်ရှင်းခြင်းသည် ကျွန်ုပ်တို့အပြစ်များ၏ ညစ်ညမ်းခြင်းကို ဖယ်ရှားပေးသော အလုပ်ဖြစ်သည်၊ (ဖြောင့်မတ်ခြင်းမှာမူ ထိုအပြစ်များ၏ရလဒ် တာဝန်ယူရမှုကို ဖယ်ရှားပေးခြင်း ဖြစ်သည်)။

ဖြောင့်မတ်ခြင်းဆိုသည်မှာ နိုင်ငံသစ်သို့ပြောင်းလာသူ ဥပဒေအရ နိုင်ငံသားဖြစ်လာခြင်းနှင့်တူပါမည်။ နိုင်ငံသားဖြစ်လာပြီ ဖြစ်သော်လည်း၊ နိုင်ငံသစ်၏ဘာသာစကားကိုသင်ရသည်၊ နိုင်ငံသစ်အရဝတ်စားရသည်၊ စားသောက်ခြင်းပုံစံသစ်ကို ပြောင်းရသည်၊ နိုင်ငံသစ်၏ဓလေ့ထုံးစံများကို မွေးစားရသည်၊ နိုင်ငံသစ်၏နိုင်ငံ့သားကောင်း ဖြစ်လာရန် အသက်ရှင်ရပါသည်။ သန့်ရှင်းစေခြင်းလည်း ထို့အတူဖြစ်ပါသည်။ ဘုရားသခင့်လူများက ကောင်းကင်နိုင်ငံ၏ အသက်ရှင်ပုံကို သင်ယူနေကြခြင်းဖြစ်ပါသည်။

သို့သော် သန့်ရှင်းစေခြင်းသည် အစမှအဆုံး ကျေးဇူးတော်ကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မိမိတို့ဘာသာ ဘာကိုမှ မလေ့လာနိုင်ပါ၊ သန့်ရှင်းစေခြင်းတွင် အစမှအဆုံး ဘုရားသခင်၏သင်ပေးခြင်းကို ခံယူကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းခြင်းနှင့် ကောင်းသောအလုပ်များ၌ လုပ်ကိုင်အသက်ရှင်နေကြသော်လည်း ဘုရားသခင်ကသာ ကျွန်ုပ်တို့အထဲ၌ လုပ်ကိုင်ပေးတော်မူခြင်းဖြစ်ပါသည်၊ "အကြောင်းမူကား၊ သင်တို့သည် အလိုရှိစေခြင်းငှါလည်း၊ အကျင့်ကျင့်စေခြင်းငှါလည်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း" (ဖိ ၂း၁၃)။

ကျွန်ုပ်တို့ သန့်ရှင်းစေခြင်းကို ရကြသောအခါ၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ကျွန်ုပ်တို့အပေါ် သို့ လုံးလုံးလျှားလျှားရောက်လာလျှက် တာဝန်ရှိသမျှကို ကျွန်ုပ်တို့ကသာ ယူရတော့မည့်ပုံစံမျိုးဖြစ်မလာပါ။ သန့်ရှင်းခြင်း

တွင် ကျွန်တော်တို့သည် ချက်ခြင်း ဘုရားသခင်နှင့် အတူတကွလုပ်ဆောင်ကြသူများ ဖြစ်လာလျှက်၊ ကယ်တင်ခြင်းသည် လုံးလုံးလျှားလျှား ကျေးဇူးတော်ကြောင့် မဟုတ်တော့သကဲ့သို့လည်း ဖြစ်မလာပါ။

သန့်ရှင်းစေခြင်းတွင် ကျွန်တော်တို့သည် ကောင်းသောအလုပ်များကို လုပ်ကိုင်ကြသော်လည်း၊ ထိုကောင်းသော အလုပ်များတွင် ထိုက်တန်ခြင်းတော့ မရှိကြပါ (ဧဖက် ၂း၈-၁၀)။ ကျွန်တော်တို့သည် နာခံကြသော်လည်း ထို့အတွက် ကြွားစရာတော့မရှိပါ။ ကျွန်တော်တို့၏သန့်ရှင်းခြင်းသည်လည်း ဘုရားသခင်ပေးသော လက်ဆောင်ဖြစ်ပါသည်။ ကျွန်တော်တို့၏ သန့်ရှင်းစေခြင်းအတွက် ချီးမွမ်းစရာ၊ ဂုဏ်ယူစရာအားလုံးသည် ဘုရားသခင်ထံ၌သာ ရှိပါသည်။

သန့်ရှင်းစေခြင်းသည် အချို့ကထင်သလို၊ လိုချင်လျှင်လုပ် မလိုချင်လျှင် မလုပ်ဘဲရသည့် ပုံစံမျိုးမဟုတ်ပါ။ ထိုသူတို့က "ဇာတိခရစ်ယာန်"ရှိသည်ဟုပြောကာ၊ ခရစ်ယာန်တဦး၏အသက်တာတွင် ခရစ်တော်သည် သခင်ဖြစ်သည် ဆိုခြင်းကို ငြင်းပယ်ချင်ကြပါသည်။ သူတို့သည် မှားနေသူများဖြစ်ကြသည်။

သန့်ရှင်းစေခြင်းသည် ဖြောင့်မတ်ခြင်းနှင့်ခြားနားပါသည်၊ သို့သော် မဖြစ်မနေကို ရှိပါသည်။ လူတဦးသည် အပြစ်မဲ့ကြောင်း တွေ့လာရသောအခါ၊ ထိုသူကို ထောင်မှလွှတ်ပါသည်။ ကျွန်တော်တို့၏ ခရစ်တော်ကြောင့်ရသော ဖြောင့်မတ်ခြင်းဖြင့် ဘုရားသခင်၏ရှေ့တွင် အပြစ်မဲ့သူများဖြစ်လာကြသည်၊ ထို့ကြောင့် ဘုရားသခင်၏ဖြောင့်မတ်ခြင်းက ကျွန်တော်တို့ကို အပြစ်နှင့်ပျက်စီးယိုယွင်းခြင်းထောင်မှ လွှတ်ပေးပါသည်။ သန့်ရှင်းစေခြင်းသို့ လွှတ်ပေးခြင်း ဖြစ်သည်။

ဟေဗြဲ ၁၂း၁၄ က ခရစ်ယာန်တဦး မသန့်ရှင်းခြင်းထဲတွင် ဆက်၍နေထိုင်ရန် မဖြစ်နိုင်ခြင်းကို ပြနေပါသည်။ သန့်ရှင်းခြင်း မပါလျှင် မည်သူမျှ ဘုရားသခင်ကို မတွေ့နိုင်ပါ။ ထို့ကြောင့် သန့်ရှင်းခြင်းသည် သိပ်အရေး မပါပါ၊ လုပ်ချင်လုပ် မလုပ်ချင်လည်းဖြစ် ဆိုသည့်ပုံစံမျိုး မတွေးဘဲနေကြပါမည်။ သန့်ရှင်းခြင်းသည် ကျေးဇူးတော်က လုပ်ပေးသော အရာဖြစ်သည်၊ ထိုအရာအားဖြင့် ဘုရားသခင်သည် မိမိလူတို့အထဲတွင် ဘုန်းတော်ထင်ရှားပါသည်။ ဟေရှာ ၄၃း၂၁ တွင် ဤသို့ဖတ်ရပါသည်၊ "ကိုယ်အဘို့ ငါဖန်ဆင်းသော ထိုလူမျိုးသည် ငါ၏ဂုဏ်ကျေးဇူးကို ပြရလိမ့်မည်။" ကျေးဇူးတော်က အာမခံပါသည်။

## သန့်ရှင်းခြင်းအကြောင်း(Holiness)

သန့်ရှင်းစေခြင်း(sanctification)သည် သန့်ရှင်းလာအောင်(Holiness) လုပ်ပေးခြင်း ဖြစ်ပါသည်။ အဓိပ္ပါယ်ကိုယ်၌က ကျွန်တော်တို့ မိမိတို့ဘာသာ လုပ်ခြင်းမဟုတ်ဟု ပြောနေပါသည်။ သန့်ရှင်းစေခြင်းတွင် ကျွန်တော်တို့ အသက်ရှင်လှုပ်ရှားနေကြပါသော်လည်း၊ ၎င်းသည် ဘုရားသခင်က ကျွန်တော်တို့အထဲတွင် လုပ်ပေးသောအရာ ဖြစ်ပါသည်။ ကျွန်တော်တို့ကို သန့်ရှင်းသူများဖြစ်လာရန် လုပ်ပေးပါသည်။

ထိုသန့်ရှင်းခြင်းသည် လိုချင်လုပ် မလိုချင်မလုပ် မဟုတ်ပါ၊ မရှိမဖြစ်အရေးကြီးသောအရာဖြစ်သည်ဟု ပြောခဲ့ကြပြီ။ သန့်ရှင်းခြင်းမရှိလျှင် မည်သူမျှ ဘုရားသခင်ကို မတွေ့နိုင်ပါ (ဟေဗြဲ ၁၂း၁၄)။ ဘုရားသခင်သည် သန့်ရှင်းသောသူဖြစ်ပါသည် (ဟေရှာ ၄၀း၂၅၊ ၄၁း၁၄)၊ ထို့အပြင် မသန့်ရှင်းပါက သန့်ရှင်းသော သူ့ရှေ့တွင် မည်သူမျှ ရပ်မနေနိုင်ပါ (ဆာလံ ၂၄း၃-၅)။

သို့သော် မေးရမည်မှာ သန့်ရှင်းဆိုသည်မှာအဘယ်နည်း?

သန့်ရှင်းခြင်း၏ အခြေခံအိုင်ဒီယာမှာ "သီးသန့်ခွဲထားခြင်း"ဖြစ်ပါသည်။ သန့်ရှင်းစေသည်ဆိုသည်မှာ သီးသန့်ဖယ်ထားသည်ဟူ၍ အဓိပ္ပါယ်ရပါသည်။ ထို့ကြောင့် ဓမ္မဟောင်းကာလတွင် အစ္စရေးသည် သန့်ရှင်းသော လူမျိုးဖြစ်သည်၊ အခြားသောနိုင်ငံများမှ သီးသန့်ခွဲထုတ်ထားခြင်းကို ဆိုလိုသည် (ဝတ် ၂၀း၂၄-၂၆)။ အစ္စရေးတို့ကြားတွင် ယဇ်ပုရောဟိတ်များသည် "ဘုရားသခင်ထံ သန့်ရှင်းရသူများ"ဖြစ်ကြသည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့၏ဘဝတခုလုံးကို ဗိမ္မာန်တော်ထဲ ဘုရားသခင်နှင့်ပတ်သက်သည်များကို ဆောင်ရွက်ကြရရန် သီးသန့်ခွဲထားကြရသောကြောင့် ဖြစ်သည် (ဧရာ ၂၃း၁၃)။

ယနေ့တွင် အသင်းတော်သည် ထိုနေရာကို ဝင်ယူပြီးဖြစ်သည်။ အသင်းတော်သည် သီးသန့်ခွဲထားသော၊ သန့်ရှင်းသော နိုင်ငံဖြစ်သည်၊ ယဇ်ပုရောဟိတ်မင်းများ၏နိုင်ငံဖြစ်သည် (၁ပေ ၂း၉)။ ထို့ကြောင့် အသင်းသူ/သားများသည် သန့်ရှင်းကြရပါမည် (၁ပေ ၁း၁၅-၁၆)။

သို့သော် သန့်ရှင်းခြင်းဆိုသည့်အခါတွင် အမြဲတမ်း အပိုင်းနှစ်ပိုင်း ပါဝင်ပါသည်။ တစုံတခုမှနေ၍ သီးသန့် ခွဲထုတ်ခြင်း၊ တစုံတခုသို့ သီးသန့်ခွဲထားခြင်းတို့ဖြစ်သည်။ နှစ်မျိုးစလုံးအရေးကြီးသည်။

ယုံကြည်သူတို့သည် ဆိုးယုတ်ခြင်းနှင့်ဆိုးညစ်သူများထံမှ သီးခြားနေရမည် (၂ကော ၆း၁၄-၁၈၊ ဧဖက် ၅း ၁၁-၁၂)။ ယုံကြည်သူတို့သည် ကမ္ဘာလောကကြီးထဲ ထွက်မသွားရပါ (၁ကော ၅း၉-၁၁)၊ သို့သော် မိမိတို့ကိုယ်ကို ကမ္ဘာ

လောကကြီးရှိ ဘုရားမဲ့တရားသူများ၏ အသက်ရှင်မှုပုံစံ၊ အပြုအမူတို့မှနေ၍ အတတ်နိုင်ဆုံး သီးသန့်နေရပါမည်။ သူတို့နှင့်ပေါင်းသင်းခြင်း၊ အဖွဲ့ကျခြင်းတို့ကို ရှောင်ရမည်ဖြစ်သည်။ ထို့ထက်ပို၍အရေးကြီးသည်မှာ ယုံကြည်သူတို့သည် မိမိတို့ကိုယ်ကို "ကမ္ဘာလောကကြီး၏ အစွန်းအထင်း"မှနေ၍ စင်ကြယ်ရန် ထိန်းသိမ်းကြရမည်ဖြစ်သည် (ယာ ၁း၂၇)။

ထိုသို့ အသင်းတော်နှင့် ကမ္ဘာလောကကြီးကြား သီးသန့်ဖြစ်မှု၊ ယုံကြည်သူနှင့် မယုံကြည်သူတို့ကြား သီးသန့်ဖြစ်မှု၊ အလင်းနှင့်မှောင်မိုက်ကြား သီးသန့်ဖြစ်မှုကို ကျမ်းစာက "ဆန့်ကျင်တိုက်လှန်အသက်ရှင်ခြင်း"(antith- esis)ဟု ခေါ်ပါသည် ၂ကော ၆း၁၄၊ ၁၅ တွင် ထိုသို့သုံးနှုန်းထားပါသည်။

ထိုကျမ်းပိုဒ်က ကျွန်တော်တို့သည် ဘုရားသခင်ထံသို့ သီးသန့်ခွဲထားခြင်း ခံကြရကြောင်းကိုလည်း ပြောပြပါသည်(၂ကော ၆း၁၆-၁၈)။ ထိုအချက်မပါလျှင် သန့်ရှင်းခြင်းသည် ရာနှုန်းပြည့်မဖြစ်နိုင်ပါ။ ဘုရားသခင်ထံသို့ သီးသန့်ခွဲထားခြင်းဆိုသည်မှာ ဘုရားသခင်ပိုင်ဆိုင်သောအရာဖြစ်ခြင်း၊ ဘုရားသခင်အတွက် ဆက်ကပ်ထားခြင်းတို့ကို ဆိုလိုပါသည်။ ဓမ္မဟောင်းကာလက ယဇ်ပုရောဟိတ်များကို သီးသန့်ခွဲထားသကဲ့သို့ဖြစ်ပါသည်။ ထို့ကြောင့် ယုံကြည်သူဆိုသည်မှာ မိမိ၏ဘဝတခုလုံးကို ဘုရားသခင်အတွက် လုပ်ဆောင်နေရန် သီးသန့်ခွဲထားခြင်း ခံရသူဖြစ်ပါသည်၊ ကျွန်တော်တို့၏အချိန်များ၊ ပိုင်ဆိုင်မှုများ၊ ကျွန်တော်တို့၏ခန္ဓာကိုယ်များ အပါအဝင်ဖြစ်ပါသည်။

ထိုသို့သီးသန့်ခွဲထားခြင်းသည် အချိန်ပိုင်းကိစ္စမဟုတ်ပါ၊ အမြဲတမ်းအတွက်ဖြစ်ပါသည်။ သန့်ရှင်းဖို့၊ သီးသန့် ခွဲနေဖို့၊ ဘုရားသခင်ထံ ဆက်ကပ်ဖို့ ဆိုသည့်အရာများသည် တနင်္ဂနွေနေ့အတွက်သာမဟုတ်ပါ (သို့) တနင်္ဂနွေနေ့ရှိ နာရီအနည်းငယ်အတွက် သာမဟုတ်ပါ။ ခရစ်တော်က ကျွန်တော်တို့တဘဝလုံးကို မိမိအသေခံခြင်းဖြင့် ဝယ်ယူထားသည်ဖြစ်၍၊ ဘုရားသခင်၏ ပိုင်ဆိုင်ခြင်းကို ခံကြရပါသည်၊ ဘုရားသခင်ထံ ဆက်ကပ်ထားပါသည်၊ ထို့ကြောင့် သန့်ရှင်းစွာ နေထိုင်ရပါမည်။

ထို့အတွက် ကျွန်တော်တို့ကို ခေါ်ထားခြင်းဖြစ်ပါသည်။ ဘုရားသခင်သည် သန့်ရှင်းသောကြောင့်ဖြစ်သည် (၁ပေ ၁း၁၅-၁၆)၊ ကျွန်တော်တို့ကို ရွေးကောက်ထားသောကြောင့်၊ သန့်ရှင်းခြင်း၌နေထိုင်ဖို့ ကယ်တင်ထားသောကြောင့်ဖြစ်သည် (ဧဖက် ၁း၄၊ ၁ပေ ၁း၁၈-၁၉)၊ သန့်ရှင်းစွာနေထိုင်နိုင်ရန် ဘုရားသခင်က ကျွန်တော်တို့ထံ သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးထားသောကြောင့်ဖြစ်သည် (၁ကော ၃း၁၆-၁၇)၊ ထို့ကြောင့် သန့်ရှင်းခြင်း၌နေထိုင်ခြင်းသည် ကျွန်တော်တို့ မဖြစ်မနေ ပြုရမည့်အရာဖြစ်သည်။ ထိုအကြောင်းကို ကျမ်းစာ၌လည်း ထပ်ခါတလဲလဲ ကြားရပါသည်။ ဘုရားသခင်က အလွန်အရေးထားသောကိစ္စဖြစ်သည်။

## ဆန့်ကျင်တိုက်လှန်ခြင်းအကြောင်း(The Antithesis)

တခါတရံသာ ရီဖေါ့မ်သီဩလောဂျီယန်များက ဆန့်ကျင်တိုက်လှန်ခြင်းအကြောင်းကို ရေးကြပါလိမ့်မည်။ ထိုသို့ ရေးကြသည့်အခါတွင်လည်း သီးသန့်နေခြင်း၊ အလင်းနှင့်အမှောင်ကြား ဆန့်ကျင်နေမှု၊ ယုံကြည်သူနှင့် မယုံကြည်သူကြား၊ အသင်းတော်နှင့် ကမ္ဘာကြီးအကြား ဆန့်ကျင်ဖက်ဖြစ်ကြမှုတို့ကို ရည်ညွှန်းကြပါမည်။

ဤဆန့်ကျင်တိုက်လှန်မှုသည် ဘုရားသခင်၏ကယ်တင်သောကျေးဇူးတော်ကြောင့် ဖြစ်လာသောရလဒ်ဖြစ်သည်၊ ကျမ်းစာက အမြဲပြောပြနေသော်လည်း "ဆန့်ကျင်တိုက်လှန်ခြင်း"ဆိုသည့်စကားလုံးကိုတော့ တိုက်ရိုက်မသုံးပါ။ ဤအကြောင်းကို အရှင်းဆုံး ပြောပြသောကျမ်းပိုဒ်မှာ ၂ကော ၆း၁၄-၁၈ ဖြစ်သည်။ ထိုကျမ်းပိုဒ်တွင် ဆန့်ကျင်တိုက်လှန်ခြင်းအကြောင်းကိုသာ ပြောပြနေသည် မဟုတ်ပါ၊ လက်တွေ့တွင် မည်သည့်အဓိပ္ပါယ်ရှိကြောင်းကိုလည်း ပြောပြနေပါသည်။ ထိုကျမ်းပိုဒ်များတွင် ဆန့်ကျင်တိုက်လှန်ခြင်းဆိုသည်မှာ ဖြောင့်မတ်ခြင်းနှင့် မဖြောင့်မတ်ခြင်းတို့ကြား၊ အလင်းနှင့်မှောင်မိုက်တို့ကြား၊ ခရစ်တော်နှင့်ဗာလနတ်ဆိုးတို့ကြား၊ ယုံကြည်ခြင်းနှင့်မယုံကြည်ခြင်းတို့ကြား၊ ဘုရားသခင်၏ဗိမာန်တော်နှင့် ရုပ်တုတို့၏ဗိမာန်တော်ကြားရှိ ခြားနားချက်ဖြစ်သည်ဟု ပြောပြပါသည်။ လက်တွေ့အနေဖြင့် ၎င်းကဆိုလိုသည်မှာ ကျွန်တော်တို့သည် ထိုအရာများထဲမှ ထွက်လာကာ သီးသန့်နေရမည်ဟု ဖြစ်ပါသည် (ငယ် ၁၇)။

ထိုသီးသန့်ခွဲထားမှုသည် ဝိညာဉ်ရေးအရဖြစ်သည်။ ကျွန်တော်တို့သည် ကိုယ်ခန္ဓာအားဖြင့် ကမ္ဘာကြီးမှထွက် မသွားရဟု ကျမ်းစာကအမိန့်ပေးထားသည် (၁ကော ၅း၁၀)။ ကက်သလစ်ဘုန်းကြီးများ၊ မယ်သီလများ ဖြစ်လာကြသူများ မှားနေသောကျမ်းပိုဒ် ဖြစ်သည်။ လက်ထပ်ထိမ်းမြားခြင်းမပြုရ၊ အစားအစာအချို့တို့ကိုမစားရဟု ပြောနေသူများ မှားနေကြသည့် ကျမ်းပိုဒ်ဖြစ်သည်။ ဆန့်ကျင်တိုက်လှန် အသက်ရှင်ခြင်းဆိုသည်မှာ ကျွန်တော်တို့နေသော ကမ္ဘာကြီးမှ ကိုယ်ခန္ဓာအရ သီးသန့်ခွဲထားခြင်း၊ ဤကမ္ဘာလောက၏ ပစ္စည်းများမှ မိမိကိုယ်ကို သီးသန့်ခွဲထားခြင်းကို မဆိုလိုပါ။

ဆိုလိုသည်မှာ ကျွန်တော်တို့သည် လူဆိုးလူညစ်များ၏အလုပ်အကိုင်များနှင့်မပတ်သက်ရ၊ မိတ်ဆွေမဖွဲ့ရဟု ဖြစ်ပါသည် (ဧဖက် ၅း၁၁၊ ၁၂)၊ လူဆိုးလူညစ်များနှင့် သူငယ်ချင်းမဖွဲ့ရ၊ သူတို့နှင့်အတူ မိတ်သဟာယမဖွဲ့ရဟု ဆိုလိုပါ

သည် (၂ကော ၆း၁၇၊ ယာကုပ် ၄း၄)။ သူတို့လုပ်ရှားလုပ်ကိုင်ရာ နေရာများတွင်တော့ သွားလာလှုပ်ရှား၍ ရပါသည်၊ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့လည်း မိမိတို့စီးပွားရေးကို လုပ်ဖို့လိုပါသည်၊ ဤကမ္ဘာကြီးထဲတွင် ဆက်၍ အသက်ရှင်ရပါသည် (၁ကော ၅း၉-၁၁)၊ သို့သော် ကျွန်တော်တို့သည် သန့်ရှင်းခြင်းဖြင့် မိမိတို့ကိုယ်ကို ထိုသူတို့ထံမှ ခွဲခြားပစ်ရမည်။

ဤနေရာတွင် အဘယ့်ကြောင့် ကျွန်တော်တို့က အများနှင့်ဆိုင်သောကျေးဇူးတော်ဝါဒကို ငြင်းပယ်ရသနည်း ဆိုသည့်အကြောင်းအရင်းကို တွေ့နိုင်ပါသည်။ ထိုဝါဒက ဆိုးယုတ်သူများနှင့်ငြင်းပယ်ခြင်းခံရသူများအတွက် ဘုရားသခင်၏ အများနှင့်ဆိုင် သောကျေးဇူးတော်ရှိသည်၊ ထို့ကြောင့် ဘုရားသခင်၏လူများနှင့် ကမ္ဘာလောက မယုံကြည်သူများအကြား အတူတူလုပ်ကိုင်နိုင်သည့် အခြေခံရှိသည်ဟု သင်ပေးပါသည်။ ထို့ကြောင့် အချို့သော အကြောင်းအရာများတွင် ယုံကြည်သူတို့သည် ဆိုးယုတ်သူများနှင့် အတူတကွ မိတ်သဟာယဖွဲ့နိုင်သည်၊ သူငယ်ချင်းဖြစ်နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် နှစ်ဖွဲ့စလုံးတွင် အများနှင့်ဆိုင်သောကျေးဇူးတော် ရှိနေပါသည်ဟု ပြောဆိုတတ်ကြသည်။

ကျမ်းစာက ရှင်းနေအောင်သင်ပေးသည်မှာ ဆိုးယုတ်သောကမ္ဘာကြီးနှင့်အသင်းတော်အကြား ခွဲခြားထားခြင်းသည် အသင်းတော်နှင့်ဘုရားသခင့်လူတို့၏ လုံခြုံမှု၊ ကောင်းကျိုးအတွက်သာဖြစ်သည် ဆိုသည့်အကြောင်း ဖြစ်ပါသည်။ ထိုအချက်သည် ဓမ္မဟောင်းကာလကပင် မှန်နေပြီးဖြစ်သည်။ တရား ၃၃း၂၈ က "ဣသရေလအမျိုးသည် ဘေးလွတ်၍ တမျိုးတည်း နေရလိမ့်မည်၊"ဟု ပြောထားပါသည်။ ဓမ္မသစ်ကာလတွင်လည်း အတူတူဖြစ်သည်။ ဘုရားသခင်က ကတိပေးသည်မှာ "သင်တို့ကို ငါသည် လက်ခံမည်။ သင်တို့၏အဘ ဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီး ဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသော ထာဝရဘုရား မိန့်တော်မူ၏။" ဟူ၍ဖြစ်သည်။ ထိုကတိတော်သည် ဘုရားသခင်၏ အမိန့်တော်ကို နားထောင်သောသူတို့အတွက်သာ ဖြစ်ပါသည်၊ ထိုအမိန့်တော်မှာ "သင်တို့သည် ထိုသူတို့အထဲမှ ထွက်၍ အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှ မတို့ကြနှင့်"ဟူ၍ဖြစ်ပါသည် (၂ကော ၆း၁၇-၁၈)။ ထို အမိန့်ကို ယနေ့အချိန်တွင် ကျွန်တော်တို့ မည်မျှနားထောင်ဖို့ လိုအပ်နေပါသနည်း?

ကျွန်တော်တို့ တဦးချင်း သီးသန့်နေထိုင်ရမည်။ ဘုရားသခင်အတွက် သီးသန့်နေရမည်၊ အသင်းတော်အတွက် သီးသန့်နေရပါမည်။ အကယ်၍ သီးသန့်မနေလျှင် ဘုရားသခင်သည် ကျွန်တော်တို့အားဖြင့် ဘုန်းတော် ထင်ရှားတော့မည် မဟုတ်ပါ၊ ထိုအခါ အသင်းတော်သည် ကမ္ဘာကြီးနှင့်တူလာပါတော့မည်။

## ထိန်းသိမ်းစောင့်ရှောက်ခြင်းအကြောင်း(Preservation)

ကယ်တင်ခြင်းအစီအစဉ်တွင် နောက်ဆုံးဖြစ်သောခြေလှမ်းမှာ ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏တန်ခိုးတော်နှင့်ကျေးဇူးတော်ကြောင့် ယုံကြည်သူတို့သည် ကယ်တင်ခြင်း မပျောက်နိုင်ပါ ဟူ၍ဖြစ်သည်။ ဘုရားသခင်က သူ့လူများကို ထိန်းသိမ်းစောင့်ရှောက်ပါသည် (ဆာလံ ၃၇း၂၈၊ ယေ ၃၂း၄၀၊ ၁ပေ ၁း၅)။ ထိုစကားလုံးက ကယ်တင်ခြင်းသည် အစမှအဆုံး ကျေးဇူးတော်သက်သက်ကြောင့်သာဖြစ်သည်ဟု ထပ်ပြောနေပါသည်။ ယုံကြည်သူတို့ မိမိတို့ကယ်တင်ခြင်း မဆုံးရှုံးကြသည်မှာ သူတို့၏နာခံမှုကြောင့် မဟုတ်ပါ၊ သူတို့၏ သစ္စာရှိမှုကြောင့်လည်း မဟုတ်ပါ၊ ထို့အပြင် သူတို့၏ကြိုးပမ်းမှုကြောင့်လည်း မဟုတ်ပါ၊ သို့သော် ဘုရားသခင်၏ ကျေးဇူးတော်သက်သက်ကြောင့်သာဖြစ်သည်၊ ဘုရားသခင်၏ကျေးဇူးတော်က သူတို့ကို ကျဆုံးသွားခြင်းမှ ထိန်းသိမ်းပေးသည်၊ ကာကွယ်ပေးပါသည်။

ထိုသို့ဖြစ်လျှင် ဘုရားသခင်က ဘာကိုစောင့်ရှောက်ထိန်းသိမ်းပေးပါသနည်း? သူတို့အထဲတွင် ရှိနေသည့် ကယ်တင်ခြင်းမျိုးစေ့ကဲ့သို့ဖြစ်သော ပြန်လည်မွေးဖွားခြင်း၏အသက်တာသစ်ကို စောင့်ရှောက်ထိန်းသိမ်းပေးခြင်းဖြစ်ပါသည် (၁ယော ၃း၉)။ ထိုအရာကို စောင့်ရှောက်ပေးသည့်အခါ၊ ဘုရားသခင်သည် သူတို့၏ ယုံကြည်ခြင်း၊ နာခံခြင်း စသည်တို့ကိုလည်း အတူတကွ စောင့်ရှောက်ပေးပါသည်၊ ထို့ကြောင့် သူတို့သည် ဆက်လက်ယုံကြည်ကြကာ၊ ဘုရားသခင်၏ ပညတ်တော်များကို စောင့်ထိန်းကြခြင်း ဖြစ်သည်၊ ပြည့်စုံမှုတော့ မရှိကြသေးပါ။ ရိုးစင်းစွာပြောရလျှင်၊ ဘုရားသခင်က သူ့လူများထဲတွင်ထားရှိသော သူ၏ကျေးဇူးတော်ဖြင့် လုပ်ပေးသောအလုပ်ကို စောင့်ရှောက် ထိန်းသိမ်းပေးခြင်း ဖြစ်ပါသည် (ဆာလံ ၉၀း၁၇၊ ၁၃၈း၈၊ ဖိ ၁း၆)။

ဘုရားသခင်က အသွေးအသားနှင့်၄င်း၏အလုပ်များကို စောင့်ရှောက်ပေးခြင်းမပြုပါ။ ယုံကြည်သူတယောက်၏ အသွေးအသား၊ ၄င်း၏အလုပ်များ၊ ၄င်း၏လွှမ်းမိုးခြင်းများသည် ဖျက်ဆီးပစ်ဖို့ရန်သာဖြစ်ပါသည် (ဂလာ ၅း၂၄)။ ယုံကြည်သူသည် ၄င်းတို့ကို စောင့်ရှောက်ထိန်းသိမ်းဖို့ အလိုမရှိရပါ၊ စောင့်ရှောက်ထိန်းသိမ်းဖို့လည်း မကြိုးစားကြရပါ။

ဤဩဝါဒဖြင့် ကျွန်တော်တို့ အသေအချာ မှတ်မိရမည်မှာ၊ ဘုရားသခင့် ရွေးကောက်ခြင်းခံရသူများသာ စောင့်ရှောက်ထိန်းသိမ်းပေးခြင်းကိုလည်း ခံရပါသည်ဆိုသည့်အချက်ဖြစ်သည်။ ဘုရားသခင်က သူတို့ကို စောင့်ရှောက်ထိန်းသိမ်းပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူတို့ကို ခရစ်တော်၌ ရွေးကောက်ထားသောကြောင့်ဖြစ်ပါသည် (ဧဖက် ၁း၃၊ ၄၊ ၁၁)။

သို့သော် ရွေးကောက်ခြင်းခံရသူတို့ကို ယုံကြည်ခြင်းမပါဘဲ စောင့်ထိန်းသည်တော့မဟုတ်ပါ။ ယုံကြည်ခြင်းသည် အမြဲတမ်း ကယ်တင်ခြင်းရရာလမ်းဖြစ်ပါသည်၊ သို့သော် ကယ်တင်ခံရသည့်အကြောင်းအရင်းတော့မဟုတ်ပါ။ ၁ပေ ၁း၅ က ယုံကြည်သူသည် "ကယ်တင်ခြင်းသို့ရောက်စေမည်အကြောင်း၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏တန်ခိုးတော်သည် စောင့်ရှောက်တော်မူ၏၊"ဟု ပြောပြပါသည်။

ထိုသို့ဆိုလျှင် ယုံကြည်သူတို့ကို မည်သည့်နေရာမှ စောင့်ရှောက်ထိန်းသိမ်းပေးပါသနည်း? သူတို့ကိုဖျားယောင်းသွေးဆောင်ခြင်းမှ၊ အားနည်းချက်များမှ၊ အပြစ်ထဲကျဆုံးခြင်းများမှ စောင့်ရှောက်ပေးခြင်း မဟုတ်ပါ။

ထိုအချက်ကို သတိပြုခြင်းသည် အလွန်အရေးကြီးပါသည်။ ယုံကြည်သူတို့ကို ကျဆုံးခြင်းမှ ကာကွယ်ထိန်းသိမ်းပေးခြင်း မဟုတ်ပါ၊ ငရဲထဲကျမည့် ကျဆုံးခြင်းမျိုးမှသာ ဖြစ်ပါသည်။ ဖျားယောင်းသွေးဆောင်ခံရခြင်းမှ ကာကွယ်ပေးခြင်း မဟုတ်ပါ၊ ဖျားယောင်းသွေးဆောင်ခြင်းကြောင့် လုံးဝပျက်ဆီးသွားခြင်းမှသာ ဖြစ်ပါသည်။ အပြစ်ပြုခြင်းမှကာကွယ်ပေးခြင်း မဟုတ်ပါ၊ သေထိုက်သောအပြစ်ပြုခြင်းမှသာ ဖြစ်ပါသည်။ ယုံကြည်သူတို့သည် မိမိတို့၏ အားနည်းချက်များ၊ အပြစ်များခြင်းများကြောင့် ဖျားယောင်းသွေးဆောင်ခြင်းများနှင့် အပြစ်များသို့ ကျနိုင်ကြပါသည်၊ ကျလေ့ရှိကြပါသည်။ သို့သော် ဆာလံ ၃၇း၂၄က ဤသို့ သေချာစေပါသည်၊ "ထိုသူသည်လဲသော်လည်း ဆုံးရာသို့ မရောက်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် သူ၏လက်ကိုကိုင်မတော်မူ၏။"

ယုံကြည်သူတယောက် အပြစ်ထဲသို့ ကျနိုင်ကြောင်း ဒါဝိတ်၊ ပေတရုတို့ဖြင့် ကျမ်းစာက အသေအချာ ပြောပြပါသည်။ ထို့အပြင် ငရဲထဲသို့ ကျသွားလောက်အောင် မဖြစ်နိုင်ကြောင်း၊ သူတို့ ပြန်လည်နောင်တရကြလျှက် နဂိုနေရာသို့ ပြန်ပို့ခံရခြင်းဖြင့်လည်း ပြောပြပါသည်။ ပေတရုကို သခင်ဘုရားက အပြစ်ထဲမကျခင်ကပင် ကြိုတင်၍ သေချာခြင်းကို ပြောပြထားခဲ့ပါသည်၊ "တဖန် သခင်ဘုရားက၊ ရှိမုန်၊ ရှိမုန်၊ ဂျုံဆန်ကို ဆန်ခါနှင့်ချသကဲ့သို့ စာတန်သည် သင်တို့ကိုချရမည်အကြောင်း အခွင့်တောင်းသည်ဖြစ်၍၊ သင်၏ယုံကြည်သောစိတ် မပျက်စေခြင်းငှါ ငါသည်သင့်အဘို့ ဆုတောင်း လေပြီ။ သင်သည် သတိရပြန်သော အခါ သင်၏ညီအစ်ကိုတို့ကို တည်ကြည်စေလော့ဟု မိန့် တော်မူ၏" (လုကာ ၂၂း၃၁-၃၂)။

ထို့ကြောင့် စောင့်ရှောက်ထိန်းသိမ်းပေးတော်မူခြင်းသည် အံ့ဩစရာကောင်းလှသော ကျေးဇူးတော်၏အလုပ် ဖြစ်ပါသည်။

## သန့်ရှင်းသူတို့၏ခွဲရှိခြင်းအကြောင်း(The Perseverance of the Saints)

သန့်ရှင်းသူတို့၏ဖွဲ့ရှိခြင်းအကြောင်းသည် ကဲ(လ်)ဗင်းဩဝါဒငါးချက်၏ နောက်ဆုံးအချက်ဖြစ်ပါသည်။ နာမည်ကိုယ်၌က အခြားလေးချက်နှင့်ခြားနာနေရာ၊ ကျွန်တော်တို့၏တာဝန်၊ စောင့်ထိန်းရမည်အလုပ်ကို ဘုရားသခင်၏လုပ်ပေးခြင်းနှင့် သူ့ကျေးဇူးတော်၏တန်ခိုးထက် ပို၍အထူးပြုချင်သလို ဖြစ်နေပါသည်။ ထို့ကြောင့် အချို့က ထိုအမည်ကိုမကြိုက်ကြပါ၊ "သန့်ရှင်းသူများ၏ စောင့်ရှောက်ထိန်းသိမ်းခံရခြင်း"ဟု ပို၍ပေးချင်ကြပါသည်။ ဤအမည်က ဘုရားသခင့် အစိုးရတော်မူသောကျေးဇူးတော်ကို ပို၍အထူးပြုပါသည်။

သို့သော် "စောင့်ရှောက်ထိန်းသိမ်းပေးခြင်း"ဟုမသုံးဘဲ၊ "ဖွဲ့ရှိခြင်း"ဟုသုံးခြင်းက ကယ်တင်ခြင်းသည် "ကျေးဇူးတော်သက်သက်ကြောင့်သာဖြစ်သည်"ဆိုသောအမှန်တရားကို ငြင်းပယ်ရာမရောက်ပါ။ ကျေးဇူးတော်ကြောင့်သာ မဟုတ်လျှင်၊ ကယ်တင်ခြင်းထဲ၌ ဖွဲ့ရှိစွာ မည်သူမှနေနိုင်မည်မဟုတ်ပါ။

"ဖွဲ့ရှိခြင်း"ဆိုသည့်စကားလုံးကလည်း ဘုရားသခင်၏လူများသည် တကြိမ်ကယ်တင်ခြင်းခံကြရပြီးလျှင်၊ သူတို့၏ကယ်တင်ခြင်းကို ပြန်မဆုံးရှုံးတော့ပါဆိုသော အံ့ဩဖွယ်အမှန်တရားကို သင်ပေးနေပါသည်။ ယုံကြည်သူတို့သည် ကယ်တင်ခြင်းခံရသော လမ်းကြောင်းတွင် အဆုံးတိုင်အောင် ဖွဲ့ရှိစွာ ဆက်လက်ရပ်တည်နေထိုင်ကြပါသည်။

ထိုအချက်က ထပ်ပြောနေသည်မှာ ကယ်တင်ခြင်းခံရသောလမ်းသည် အခက်အခဲများ၊ ရုန်းကန်ရခြင်းများနှင့် ပြည့်နေပါသည် ဆိုသည့်အကြောင်းကိုဖြစ်သည်။ လွယ်ကူသောလမ်းမဟုတ်ဘဲ၊ လက်ဝါးကပ်တိုင်ကို ထမ်းရသောလမ်းဖြစ်ပါသည်၊ ခရစ်တော်အတွက် ဒုက္ခခံစားရခြင်းလမ်းဖြစ်ပါသည်၊ နတ်ဆိုး၊ ဤလောကကြီး၊ မိမိ၏အသွေးအသားတို့ကို ဆန့်ကျင်တိုက်လှန်နေရသောလမ်း ဖြစ်ပါသည်၊ ထို့အပြင် အခက်အခဲများကို ကြံ့ကြံ့ခံ ရင်ဆိုင်ရသောလမ်းဖြစ်ပါသည်။

သို့သော် ဘုရားသခင်၏လူများသည် ထိုပြဿနာအခက်အခဲများကို ဘေးမသီရန်မခ ကျော်ဖြတ်နိုင်ကြကာ၊ ဘုန်းကျက်သရေသို့ ခရစ်တော်နှင့်အတူဝင်စားကြပါသည်။

ကျွန်တော်တို့က "ဇွဲရှိခြင်း"ဆိုသည်စကားလုံးကိုသုံးရသည်မှာ၊ ဘုရားသခင်၏လူတို့ ကယ်တင်ခြင်းပျောက်ဆုံးနိုင်သည်ဟု သင်ကြသောသူတို့ကို ဆန့်ကျင်ရန်ဖြစ်ပါသည်။ သူတို့က "စောင့်ရှောက်ထိန်းသိမ်းပေးခြင်း" ဆိုသည့် ဩဝါဒသည် လောကဆန်စွာနေထိုင်ခြင်း၊ နမော်နမဲ့နေထိုင်ခြင်းကို အားပေးသည်၊ ဘုရားတရားကြောက်ရွံ့စွာနေထိုင်ရန်ထားရှိသောစိတ်ကို ဖျက်ဆီးသည်ဟုပြော ကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့သုံးသော "ဇွဲရှိခြင်း" "သန့်ရှင်းသူတို့"ဆိုသည့်စကားနှစ်လုံးက ထိုအချက်မဖြစ်နိုင်ကြောင်း ပြောနေပါသည်။ ဘုရားသခင်၏လူများကို ကျေးဇူးတော်၏တန်ခိုးက သန့်ရှင်းသူများ(သူတော်စင်များ)ဖြစ်လာစေပါသည်။ ထို့ကြောင့် သူတော်စင်များအဖြစ် သန့်ရှင်းစွာအသက်ရှင်သော လမ်းကြောင်းတွင် ကောင်းကင်ဘုံသို့ရောက်သည့်တိုင် ဆက်လက်နေထိုင်ကြပါသည်၊ မသန့်ရှင်းသောလမ်းကြောင်းတွင်မဟုတ်ပါ (ဟေဗြဲ ၁၂း၁၄)။ ကယ်တင်ခြင်းရရာလမ်းသည် သန့်ရှင်းခြင်းလမ်းဖြစ်ပါသည်၊ ထိုလမ်းမှလွဲ၍ ဘုန်းကျက်သရေသို့ ဝင်ရာလမ်းမရှိပါ။ ခရစ်တော်၏အသွေးတော်ဖြင့် ဝယ်ယူခြင်းခံရသူ၊ ဘုရားသခင့်ဝိညာဉ်တော်ဖြင့် ပြန်လည်မွေးဖွားစေခြင်း၊ အသစ်ပြန်ဖြစ်စေခြင်းခံရသူ၊ ဝိညာဉ်တော်၏ကျိန်းဝပ်ခြင်းခံရသူ ပျက်စီးခြင်းလမ်းတွင် ဆက်နေခြင်းသည် မဖြစ်နိုင်သောကိစ္စ ဖြစ်ပါသည် (ရောမ ၆း၁-၂)။

သို့သော် အချို့က ဤအမှန်တရားကို ငြင်းနေကြဆဲရှိပါသည်။ သူတို့က လူတဦးသည် ကယ်တင်ခြင်းခံရသော်လည်း၊ ဘယ်သောအခါမှ ဘဝပြောင်းလဲခြင်းကို မပြဘဲ၊ သူကယ်တင်ခြင်းမရခင် အသက်ရှင်ပုံမျိုးနှင့် ဆက်၍သာ အသက်ရှင်ခြင်းမျိုး ရှိနိုင်ကောင်းသည်ဟု ထင်မြင်ချက်ပြုကြပါသည်။ သူတို့ကပြောချင်သည်မှာ လူတဦးသည် ယေရှုကို ကယ်တင်ရှင်အနေနှင့်သာ လက်ခံမည်၊ သခင်အဖြစ်နှင့်မူ လက်မခံပါဟူ၍ဖြစ်သည်။

ထို့အတွက်ကြောင့် ကျွန်တော်တို့က "ထာဝရလုံခြုံနေခြင်း"ဆိုသည့်စကားစုမျိုးကို မနှစ်သက်ကြခြင်းဖြစ်သည်။ စကားစုက အဆိုးကြီးတော့မဟုတ်ပါ၊ သို့သော် ထိုစကားစုကို သုံးကြသူများက "တခါကယ်တင်ခံရပြီးရင်၊ ဘယ်လိုနေနေ၊ ဘာလုပ်လုပ် ကယ်တင်ခြင်းမဆုံးရှုံးနိုင်ဘူး"ဟု သင်တတ်ကြပါသည်။ ထိုသို့ပြောခြင်းသည် အတော်မှားနေပါသည်၊ အတော်ကလေး ပြဿနာရှိပါသည်။

သန့်ရှင်းသူတို့၏ဇွဲရှိခြင်းက ကြီးသောနှစ်သိမ့်မှုကိုပေးပါသည်။ တမလွန်တွင် ဘုရားသခင်၏လူများသည် ခရစ်တော်နှင့်အတူ ဘုန်းကျက်သရေသို့ဝင်စားရမည်ဟုသာ ပြောနေခြင်းမဟုတ်ပါ၊ သူတို့သည် ယခုဘဝတွင်လည်း သန့်ရှင်းကြပါမည်ဟု ပြောနေခြင်းဖြစ်သည်။ မည်သည့်ယုံကြည်သူကမျှ မိမိ၏အပြစ်ကို ချစ်ကြမည်မဟုတ်ပါ၊ ၎င်းကို ဆက်လက်ထိန်းသိမ်းလိုကြမည် မဟုတ်ပါ။ သူသည် အပြစ်ကို မုန်းသင့်ပါသည်၊ ထိုအပြစ်များမှ လုံးဝကယ်လွှတ်ခံရခြင်းကို လိုချင်ပါသည်။ သန့်ရှင်းသူတို့၏ဇွဲရှိခြင်း ဆိုသည့်ဩဝါဒက သူသည် အပြစ်မှနေ၍ ကယ်လွှတ်ခြင်းကို ခံရသည်၊ အပြီးတိုင်ကယ်လွှတ်ခြင်းကို ခံရဦးမည်ဟု သင်ပေးနေပါသည်။

### သန့်ရှင်းသူများအကြောင်း(Saints)

ကျွန်တော်တို့ သန့်ရှင်းသူတို့၏ဇွဲရှိခြင်းဩဝါဒကို ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။ ဤအကြောင်းကို အဆုံးမသတ်ခင် "သန့်ရှင်းသူ"(သူတော်စင်)ဆိုသောစကားလုံးအကြောင်း ပြောဖို့လိုအပ်လာပါသည်။ ထိုစကားလုံးကဆိုလိုသည်မှာ "သန့်ရှင်းသောလူများ"ဟု ဖြစ်ပါသည်။ သန့်ရှင်းရာသို့ရောက်စေပြီးသား ဘုရားသခင့်လူများကိုရည်ညွှန်းပါသည်။

ထိုသန့်ရှင်းသူ (သို့) သူတော်စင်ဆိုသည်စကားလုံးကို သေချာစွာနားလည်ဖို့ အတော်အရေးကြီးသည်။ တချို့က ထင်နေကြသလို သန့်ရှင်းသူ သူတော်စင်ဆိုသည်မှာ မိမိတို့ကိုယ်ကို သန့်ရှင်းစေဖို့ ကျင့်ကြံအားထုတ်ကြသူများ၊ မိမိတို့ကိုယ်ကို ဝိညာဉ်ရေးရာ၌ သန့်စင်ရန်ပြုကြသူများဟု နားလည်ခဲ့လျှင်၊ ဇွဲရှိစွာအသက်ရှင်ဖို့ အာမခံချက်ရှိတော့မည် မဟုတ်ပါ။ အကယ်၍ သန့်ရှင်းသူတို့က မိမိတို့ကိုယ်ကို သန့်ရှင်းသူများဖြစ်စေပါလျှင်၊ သူတို့သည် မိမိတို့ကိုယ်ကို မသန့်ရှင်းအောင် ပြန်လုပ်နိုင်ကြသူများလည်း ဖြစ်ပါမည်။

ထိုသို့သင်ပေးခြင်းသည် "လွတ်လပ်စွာရွေးချယ်နိုင်ခြင်းဝါဒ"(freewillism)ဖြစ်သည်။ ထိုဝါဒက လူသည် မိမိ၏ကိုယ်ပိုင်ရွေးချယ်ခွင့်ကြောင့် ကယ်တင်ခံရသည်၊ ထို့ကြောင့် လူ၏သန့်ရှင်းခြင်းသို့ရောက်ခြင်း၊ ကျေးဇူးတော်ထဲ၌ တိုးတက်ခြင်းတို့သည်လည်း သူ့အပေါ်သာတည်သည်ဟု သင်ပါသည်။ လူသည် သန့်ရှင်းလိုပါက၊ မိမိရယူနိုင်သော ကျေးဇူးတော်ကို အသုံးပြုဖို့ ရွေးချယ်ရမည်ဟုသင်ပါသည်။ ထိုအချက်သာမှန်လျှင်၊ မည်သူမျှ သန့်ရှင်းကြတော့မည်မဟုတ်ပါ။

ကျွန်တော်တို့ကတော့ သန့်ရှင်းသူများကို ကျေးဇူးတော်ကသာ သန့်ရှင်းသူများဖြစ်လာစေသည်ဟု ယုံကြည်ကြပါသည်။ ကျေးဇူးတော်ကြောင့်သာ သူတို့ထံတွင် သန့်ရှင်းခြင်း ဆိုသည့်အရာများ ရှိရခြင်းဖြစ်ပါသည်။ နောက်တမျိုးနှင့် ပြောရလျှင် ကျေးဇူးတော်ကြောင့်သာ သူတို့သည် ခရစ်တော်ယေရှု၌ သန့်ရှင်းသူများ၊ သစ္စာရှိသူများ ဖြစ်လာကြပါသည် (ဧဖက် ၁း၁၊ ဖိ ၁း၁၊ ကော ၁း၁၊ ၂)။

သန့်ရှင်းသူတို့၏သန့်ရှင်းခြင်းသည် သူတို့၏လွတ်လပ်သောရွေးချယ်မှု၏ ရလဒ်ကြောင့်မဟုတ်ပါ။ ထိုမှဆန့်ကျင်စွာ ဘုရားသခင်က သူတို့ကို အစိုးရတော်မူသောရွေးကောက်ခြင်းဖြင့် ရွေးချယ်တော်မူသောကြောင့်သာဖြစ်ပါသည်။ ထို့ကြောင့် ဧဖက် ၁း၄ တွင်“ဤကမ္ဘာမတည်မရှိမှီ ငါတို့ကို ခရစ်တော်၌ရွေးကောက်တော်မူသည်နှင့်အညီ၊ ကောင်းကင်ဘုံနှင့်ဆိုင်သော အရာတို့၌ ခပ်သိမ်းသောမင်္ဂလာတို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း”ဟု ဖတ်ရခြင်းဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးတော်နှင့် ပြည့်ဝသောရွေးကောက်ခြင်းက သူတို့ သန့်ရှင်းရခြင်း၏ အရင်းအမြစ်ဖြစ်ပါသည်။

ထို့အပြင် သန့်ရှင်းသူတို့သည် မိမိတို့၏အကျင့်အလုပ်အကိုင်များကြောင့် သန့်ရှင်းကြရခြင်းမဟုတ်ပါ၊ ၎င်းကို ခရစ်တော်၏အသွေးတော်က သူတို့အတွက် ဝယ်ထားပေးခြင်းဖြစ်ပါသည်။ ၎င်းကို ကော ၁း၂၁-၂၃ တွင် “အထက်က ဘုရားသခင်နှင့်ကွာရှင်း၍၊ ဆိုးညစ်သောအကျင့်ကိုကျင့်သဖြင့် စိတ်နှလုံး၌ ရန်သူဖြစ်သော သင်တို့ကို၊ ကိုယ်ခန္ဓာတော်၌ အသေခံတော်မူသောအားဖြင့်၊ ယခု မိဿဟာယဖွဲ့စေတော်မူ၏။- အကြောင်းမူကား၊ ကောင်းကင်အောက်၌ရှိသမျှသော ဝေနေယျသတ္တဝါတို့အား ဟောပြောသဖြင့်၊ သင်တို့သည် ကိုယ်တိုင်ကြားရပြီးသော ဧဝံဂေလိတရား၏ မြော်လင့်ခြင်းမှ မရွေ့လျော့ဘဲ၊ တိုက်မြစ်ကျခြင်း၊ တည်ကြည်ခြင်းနှင့်တကွ မြဲမြံစွာယုံကြည်ကြလျှင်၊ သန့်ရှင်းစင်ကြယ်လျက် အပြစ်တင်ခွင့်နှင့် ကင်းလွတ်လျက်ရှိသော သင်တို့ကို ရှေ့တော်၌ ဆက်သမည်အကြောင်းတည်း”ဟုဖတ်ရပါသည်။ သခင်ခရစ်တော်၏အသွေးတော်သည် သူတို့သန့်ရှင်းရခြင်း၏အခြေခံဖြစ်ပါသည်။

ထို့အပြင် သန့်ရှင်းသူတို့၏သန့်ရှင်းခြင်းသည် သူတို့အပေါ်၌သာ လုံးလုံးလျှားလျှား တာဝန်ရှိသည်မဟုတ်ပါ။ “ငါ မင်းတို့အတွက် လိုသမျှလုပ်ပေးပြီးပြီ၊ သုံးဖို့မသုံးဖို့ကတော့ မင်းတို့အပေါ်ဘဲ မူတည်တယ်၊ ငါအမိန့်ပေးထားသလို သန့်ရှင်းကြ”ဟု ဘုရားသခင်က ပြောမထားပါ။ သန့်ရှင်းသူတို့(ယုံကြည်သူတို့) အသက်ရှင်ပြုမူခြင်း၌၎င်း၊ စကားပြောဆိုခြင်း၌၎င်း သန့်ရှင်းရခြင်းမှာ ဘုရားသခင့်ဝိညာဉ်တော်က ပြုလုပ်ပေး၍ဖြစ်ပါသည်။ သန့်ရှင်းရာ၌တည်နေရခြင်းသည် “သန့်ရှင်းစေသောဝိညာဉ်တော်”ကြောင့် ဖြစ်ပါသည်(၁ပေ ၁း၂)။ ထို့အတွက်ကြောင့် ကျမ်းစာက ယုံကြည်သူတို့ကို “သန့်ရှင်းသူ(သူတော်စင်)များဟု အခေါ်ခံရသူများ”ဟု မှည့်ခေါ်ရခြင်းဖြစ်သည် (ရောမ ၁း၇၊ ၁ကော၁း၂)။ ဘုရားသခင်၏ တန်ခိုးစွမ်းအားပြည့်သောနှုတ်ကပတ်တော်၏ ခေါ်တော်မူခြင်းက သူတို့ကို သန့်ရှင်းခြင်းသို့ ရောက်စေပါသည်။

ဝိညာဉ်တော်က သန့်ရှင်းသူများဖြစ်လာဖို့ လုပ်ကိုင်ပေးခြင်းကို စတင်ပြုလုပ်ပေးကာ၊ အဆုံးသတ်အထိ ဇွဲရှိစွာနေထိုင်ခြင်းကိုမူ ထိုသူတို့၏သဘောဖြစ်သည်ဟု ထားမပစ်ခဲ့ပါ။ သူတို့၏ သန့်ရှင်းခြင်းထဲ၌ ဆက်လက်အသက်ရှင်ကြခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ သူတို့နှင့်အတူ ဆက်လက်နေထိုင်မှုနှင့် ဝိညာဉ်တော်၏တန်ခိုးအပေါ် လုံးလုံးလျှားလျှား တည်မှီနေပါသည်။ ကျွန်တော်တို့ သန့်ရှင်းသူ(သူတော်စင်)များဖြစ်လာဖို့ မိမိတို့၏ကိုယ်ပိုင်ကြိုးပမ်းမှုဖြင့် သင်ယူကြခြင်း မဟုတ်ပါ။ ဘုရားသခင်၏ကျေးဇူးတော်ကသာ ကယ်တင်ခြင်းကို ယူလာပေးပါသည်၊ “ဘုရားမဲ့ တရားမဲ့နေခြင်း၊ လောကီတပ်မက်ခြင်းကို ပယ်ရှားလျက်၊ ယခုဘဝ၌ဣန္ဒြေစောင့်ခြင်း၊ တရားသဖြင့်ကျင့်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်ခြင်းတို့ကို ပြုနေရမည်အကြောင်း၊ ငါတို့ကို ဆုံးမသွန်သင်ပါသည်” (တိတု ၂း၁၃)။ သန့်ရှင်း သောဝိညာဉ်တော်၏ကျေးဇူးတော်သည် သန့်ရှင်းစွာနေထိုင်နိုင်ဖို့ တန်ခိုးစွမ်းအားဖြစ်သည်။

သန့်ရှင်းသူများသာ ဘုရားသခင်ကိုတွေ့မြင်ရမည်ဟု ပြောထားခြင်းကို မမေ့ကြပါနှင့်(ဟေဗြဲ ၁၂း၁၄)။ ထို့ကြောင့် သူ့အား ဘုန်းအသရေတွင် မြင်တွေ့နိုင်ဖို့ရာ လိုအပ်ချက်မှန်သမျှကို ဘုရားသခင်က ကျွန်တော်တို့ကို ပေးထားတော်မူသည်ဟု သိရခြင်းသည် မည်မျှအံ့ဩစရာကောင်းလှပါသနည်း!

## ဘုန်းတော်ဝင်စားခြင်းအကြောင်း(Glorification)

ကယ်တင်ခြင်းအစီအစဉ်၏ နောက်ဆုံးခြေလှမ်းသည် ဘုန်းတော်ဝင်စားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်၏ ရွေးကောက်ခြင်းခံရသူများအား ကောင်းကင်ဘုံနှင့်ဆိုင်သော ဘုန်းကျက်သရေသို့ လက်ခံတော်မူခြင်းဖြစ်သည်။ ကျွန်တော်တို့ ဘုန်းတော်ဝင်စားသောအခါ၊ အသစ်ပြုပြင်ခြင်းမှစတင်သော ဘုရားသခင်၏ကယ်တင်ခြင်းလုပ်ငန်းသည် ပြီးဆုံးခြင်း ရောက်ပါသည်။ ဘုရားသခင်သည် သူ့လူများကို သူတို့၏ ဒုက္ခဆင်းရခြင်းမျိုးစုံ ခံရခြင်း၊ သေခြင်းတို့မှသာ ကယ်တင်သည် မဟုတ်ပါ၊ သူတို့ကို သူတို့အပြစ်များအားလုံးမှလဲ ကယ်တင်နုတ်ယူတော်မူပါသည်။

ထို့ကြောင့် ဘုန်းတော်သို့ ဝင်စားခြင်းအကြောင်းသည် တကယ်တမ်းဆိုလျှင် နောက်ဆုံးသော အကြောင်းအရာများဩဝါဒတွင် ပါဝင်ပါသည်။ ကျွန်တော်တို့၏ ဘုန်းတော်ဝင်စားရခြင်းအချိန်တွင်သာ ဘုရားသခင်၏ ကြီးမြတ်လှသော ကယ်တင်ခြင်းအလုပ် ပြီးဆုံးပါသည်။ ထိုအခါ ကျွန်တော်တို့၏ကယ်တင်ရှင် ယေရှုခရစ်တော်ထံ၌ရှိနေသည့် ဘုရားသခင်၏ ဘုန်းကျက်သရေအတွက် ကျွန်တော်တို့သည် ကိုက်ညီသောအခြေအနေသို့ရောက်ကြပါသည်။

ဘုန်းတော်ဝင်စားရခြင်းတွင် အဆင့်သုံးဆင့်ရှိပါသည်။ ပထမအဆင့်၊ အသစ်ပြုပြင်ပြောင်းလဲခြင်း ရကြချိန်တွင် ကျွန်တော်တို့ ထာဝရအသက်ဆိုသော လက်ဆောင်ကို လက်ခံရရှိကြခြင်းဖြစ်သည်။ ထိုလက်ဆောင်၏ရလဒ်ကြောင့် ကျွန်တော်တို့သည် ခရစ်တော်နှင့်အတူထမြောက်ကြကာ ဘုရားသခင်၏လက်ျာဖက်တွင် ထိုင်ကြပါသည် (ဧဖက် ၂း၅၊ ၆)၊ ထို့ကြောင့် ကျွန်တော်တို့ မြေကြီးပေါ်တွင် ဆက်လက်နေထိုင်ကြသေးသော်လည်း၊ ကျွန်တော်တို့၏အသက်ရှင်ပုံစံသည် ကောင်းကင်ဆန်ပါသည် (ဖိ ၃း၂၀)။ ကျွန်တော်တို့ထံတွင် ခရစ်တော်၏အသက်ရှင်ခြင်းအသစ် ရှိနေပြီဖြစ်သည် (ဂလာ ၂း၂၀)။

ဒုတိယအဆင့်၊ သေပြီးသည်နှင့် ကျွန်တော်တို့၏ဝိညာဉ်များက ထာဝရအသက်လက်ဆောင်ကို လက်ခံကြကာ၊ ချက်ခြင်း ကောင်းကင်ဘုံ၏ ကောင်းချီးမင်္ဂလာနှင့်ဘုန်းကျက်သရေသို့ ဝင်ရောက်ခံစားပါသည်(၂ကော ၅း၁-၈)။

တတိယအဆင့်၊ ကျွန်တော်တို့၏ကိုယ်ခန္ဓာများ သေခြင်းမှထမြောက်ကြချိန်တွင်၊ ခရစ်တော်၏ဘုန်းကျက်သရေနှင့်ပြည့်ဝသော ကိုယ်ခန္ဓာကဲ့သို့ပြောင်းသွားကာ ထာဝရအသက်ဆိုသောလက်ဆောင်ကို ရရှိကြလျှက်၊ ကောင်းကင်သစ်မြေကြီးသစ်သို့ ဝင်ရောက်ကြရပါမည် (ဖိ ၃း၂၁)။

ထို့ကြောင့် ကျွန်တော်တို့သည် နောက်ဆုံးသောအချိန်တွင် ရကြလိမ့်မည်ဖြစ်သော ထာဝရဘုန်းကျက်သရေ၏ အစပျိုးကို ယ္ခုအချိန်တွင် စတင်ခံစားနေကြရပြီဖြစ်သည် ဆိုသည့်အမှန်တရားကို အထူးပြုနားလည်ကြရပါမည်။ ထိုအမှန်တရားကြောင့် ကျွန်တော်တို့သည် ဘုရားသခင်၏အမိန့်တော်များကို ကောင်းမွန်စွာ နာခံအသက်ရှင်ကြခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့သည် ကောင်းကင်ဘုံသို့ တစိတ်တပိုင်း ရောက်နေကြသောသူများကဲ့သို့ ဖြစ်ကြပါသည်။ ၄င်းကို ပေါလုက ကောလောသဲ ၃း၁-၄တွင်ပြောပြပါသည်။ ကျွန်တော်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြပြီးဖြစ်လျှက် ကျွန်တော်တို့၏ အသက်တာများသည် ဘုရားသခင်၌ ဝှက်ထားလျှက်ရှိပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အထက်အရာများကိုသာ ရှာဖွေကြမည်၊ မိမိတို့၏တွယ်တာမှုများကို အထက်အရာများသို့ ထားရှိရပါမည်။

ကျွန်တော်တို့သည် ယ္ခုအချိန်၌ပင် ထာဝရအသက်ကို ရရှိကြပြီးဖြစ်သဖြင့် တခါတခါ ကောင်းကင်ဘုံကို အတော်တမ်းတကြခြင်းဖြစ်သည်၊ ဤကမ္ဘာလောကနှင့်အသွေးအသားမှ ကယ်လွှတ်ခံရခြင်းကို တောင့်တနေကြရခြင်းဖြစ်သည်။ ထိုသို့ဖြစ်ခြင်းသည် ဤကမ္ဘာပေါ်တွင်နေထိုင်ရခြင်းထက် အပုံကြီးကောင်းမွန်သည်ဟု ပေါလုကပြောပါသည် (ဖိ ၁း၂၁-၂၄)။

ကျွန်တော်တို့ရကြသော ကောင်းကင်ဘုံနှင့်ဆိုင်သည့်ဘုန်းကျက်သရေကို ကျမ်းစာက တောက်ပသောစကားလုံးများနှင့် ဖေါ်ပြလေ့ရှိပါသည်။ တခါတရံ ရုပ်ပုံကားချပ်များ၊ ပုံဆောင်ချက်များဖြင့် ဖေါ်ပြတတ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအရာများကို လူသား၏မျက်လုံးများက မမြင်ဘူး၍ဖြစ်ပါသည်။ ကြားလည်း မကြားဖူး၍ဖြစ်ပါသည်။ သဘောပေါက်နားလည်နိုင်ဖို့ စိတ်နှလုံးထဲလည်း မဝင်ဘူးသေးသောကြောင့်ဖြစ်ပါသည် (၁ကော ၂း၉)။ ထိုအရာများသည် ဘုရားသခင်ကို ချစ်သောသူများအဖို့ ဘုရားသခင်ကိုယ်တိုင်က ပြင်ဆင်ပေးထားသောအရာများဖြစ်ကြပါသည်။

ကျွန်တော်တို့ကိုယ်တိုင် အံ့ဩစရာကောင်းအောင်ပြောင်းလဲကြချိန်၊ အပြစ်နှင့်အပြစ်၏ နောက်ဆက်တွဲများမှ လွတ်မြောက်ကြချိန်၊ ဘုရားသခင် ကတိတော်ပေးထားသည်များအားလုံးကို ရရှိကြချိန်ဖြစ်ပါမည်။ ကောင်းကင်ဘုံ၏ တကယ့်ဘုန်းကျက်သရေသည် ဘုရားသခင်နှင့်ခရစ်တော် ထိုနေရာတွင်ရှိနေခြင်းဖြစ်ပါသည်။ ၄င်းသည် ကောင်းကင်ဘုံ၌ အသက်ရှင်ရခြင်း၏ ကောင်းချီးမင်္ဂလာ၊ ဝမ်းမြောက်ရခြင်း၊ ဘုန်းကျက်သရေနှင့် ငြိမ်းချမ်းခြင်းဖြစ်ပါသည် (ဗျာ ၂၁း၃၊ ၇၊ ၂၂၊ ၂၃၊ ဗျာ ၂၂း၃)။ ထို့အတွက် ဘုန်းတော်ဝင်စားရခြင်း၏ အစပျိုးကို ရရှိကြသူများ မိမိတို့ကိုယ်ကို စင်ကြယ်စေကြခြင်းဖြစ်သည်။ တကမ္ဘာလုံး ဆုံးရှုံးကြလျှင်လည်း စိတ်မပျက်ကြပါ။ တကယ်တမ်းတွင်လည်း ကောင်းကင်နိုင်ငံတော်အတွက် အားလုံးကို စွန့်ပစ်တတ်ကြပါသည်။ သူတို့သည် ထိုဘုန်းကျက်ရေကို စောင့်နေကြစဉ် အမြင်ဖြင့် အသက်မရှင်၊ ယုံခြင်းဖြင့် အသက်ရှင်ကြပါသည်။